# ဧကံသမယံ-၁

ပါရဂူ

မုံရွေး

# ဧကံသမယံ-၁

ပါရဂူ

အမှတ် ၁၄၀၊ ၄၅ လမ်း၊ ဗိုလ်တထောင်၊ ရန်ကုန်မြို့။
ဖုန်း- (၀၁) ၂၉၇၀၇၂၊ ၅၂၇၆၅၆

# မာတိကာ


| | | |
|---|---|---|
| ၁။ | ကရုဏာ | ၁ |
| ၂။ | ကံ၊ ဉာဏ်၊ ဝီရိယ | ၂ |
| ၃။ | ကပ်စေးနဲ့သူဌေးကြီးနှင့် ကယ်ဆယ်ရေးလုပ်ငန်း | ၃ |
| ၄။ | ကပ္ပိယနှင့်ကျား | ၇ |
| ၅။ | ကမ္ဘာကို မီးလင်းစေသူ | ၉ |
| ၆။ | ကိုယ်ရောဂါနှင့် စိတ်ရောဂါ | ၁၀ |
| ၇။ | ကိုယ်လုပ်တာ ကိုယ်ခံ | ၁၂ |
| ၈။ | ကိုယ့်အရည်အချင်းနှင့်ကိုယ် | ၁၄ |
| ၉။ | ကျေးဇူးကန်းသူ | ၁၅ |
| ၁၀။ | ကျန်းမာရေး၏ လျှို့ဝှက်ချက် | ၁၆ |
| ၁၁။ | ကြိုး ဘယ်မှာရှိလို့လဲ | ၁၈ |
| ၁၂။ | ကြွယ်ဝချမ်းသာပြီး ဆင်းရဲသူ | ၂၁ |
| ၁၃။ | ဂိုဒါန်နှင့် ဘေ | ၂၃ |
| ၁၄။ | ဂုဏ်ပြုမခံလိုတဲ့ ပညာရှင် | ၂၆ |
| ၁၅။ | ငြိမ်းချမ်းရေး | ၂၉ |
| ၁၆။ | စတုတ္ထတန်းတွဲမရှိလို့ တတိယတန်းတွဲစီးတာ | ၃၁ |
| ၁၇။ | စင်ကြယ်သောလက် | ၃၃ |
| ၁၈။ | စိတ္တသုခ | ၃၅ |
| ၁၉။ | စိတ်ထားနှလုံးထား ကြီးကျယ်မြင့်မြတ်သူ | ၃၇ |
| ၂၀။ | ဆာတာ အရေးကြီးသလား<br>အရသာ အရေးကြီးသလား | ၃၉ |
| ၂၁။ | ဆိတ်ကွယ်ရာမရှိ | ၄၁ |
| ၂၂။ | ဆုံးမတာကို လိုက်နာသင့်သလား | ၄၃ |

၂၃။ ဓွဲနှင့် စဉ်းစားဉာဏ် ၄၅
၂၄။ တရားမှု ချိန်ခွင်လျှာ ၄၆
၂၅။ တရားမှုနှင့် ရိုးသားမှုကို မထိပါးစေ ၄၈
၂၆။ တရားမှု မြတ်နိုးသောဘုရင် ၅၁
၂၇။ တစ်သက်လုံး ချမ်းချမ်းမြေ့မြေ့နေသွားနည်း ၅၃
၂၈။ ထမင်းအလှူ ၅၅
၂၉။ ဒုတိယဂုရု ၅၇
၃၀။ ဒေါသနှင့် မေတ္တာ ၅၉
၃၁။ ဓမ္မနှင့် အဓမ္မ ၆၂
၃၂။ နီတိကျမ်းပြုဘုရင် ၆၄
၃၃။ နေရူးနှင့် ချာချီ ၆၆
၃၄။ နေ့ခင်းကြောင်တောင် ထွန်းတောက်တဲ့ဆီမီး ၆၈
၃၅။ နောင်တရသော အကျဉ်းသား ၇၀
၃၆။ နှလုံးသားဖြင့် ၇၁
၃၇။ နှိမ့်ချမှု၏ အကျိုး ၇၃
၃၈။ ပါးစပ်ပိတ်ထားပါ ၇၅
၃၉။ ပွဲတင်သံ ၇၇
၄၀။ ပန်းချီဆရာ၏ မျိုးချစ်စိတ် ၇၉
၄၁။ ပြဒါးရှင်လုံး လက်လွတ်သူ ၈၁
၄၂။ ပြည်သူ့ထံမှ နမူနာ ၈၂
၄၃။ ဖိနပ်ဆု ၈၃
၄၄။ ဗာပူနှင့် ကုဋ္ဌနူနာရောဂါ ၈၆
၄၅။ ဘယ်သူမှ ဒုက္ခမကင်း ၈၈
၄၆။ ဘယ်ဟာ အရေးကြီးဆုံးလဲ ၉၀
၄၇။ မကြောက်နဲ့ ၉၁
၄၈။ မပြေးနဲ့ ၉၃

၄၉။ မိုးစက်၊ ပညာဉာဏ်၊ နယူကလီးယားစွမ်းအင် ၉၅
၅၀။ မေတ္တာစွမ်းရည် ၉၇
၅၁။ မျက်မမြင် သူတောင်းစား၏ စေတနာ ၉၉
၅၂။ ယဉ်ကျေးမှုအမွေ ပုဂံမြေ ၁၀၂
၅၃။ ရသေ့ရဟန်းကျင့်ဝတ် ၁၀၅
၅၄။ ရာဝဏ၏ ဩဝါဒ ၁၀၆
၅၅။ ရင်နင့်ဖွယ်အဖြစ်အပျက် ၁၀၇
၅၆။ ရန်သူစစ်သားကို ရေတိုက်သူ ၁၁၀
၅၇။ ရှေ့နေမှ ဘုန်းကြီးဖြစ်လာသူ ၁၁၁
၅၈။ လူကောင်းနှင့် လူမိုက် ၁၁၂
၅၉။ လူလေးမျိုး ၁၁၄
၆၀။ လူသားအကျိုးပြု ၁၁၆

အိန္ဒိယနိုင်ငံ၌ မြေပိုင်ရှင်များထံမှ လယ်မြေအလှူခံပြီး ဆင်းရဲသားများကို ဝေငှဖြန့်ဖြူးပေးသည့်အတွက် ထင်ပေါ်ကျော်ကြား သွားသော သူတော်စင်တစ်ဦး ရှိသည်။ဝိနောဗာ ဘာဝေဟု ခေါ်သည်။ ဝိနောဗာ ဘာဝေကို ဒုတိယဂန္ဒီဟူ၍လည်း ခေါ်ကြသည်။

ဝိနောဗာ ဘာဝေ မကွယ်လွန်မီ ၁၉၅၄ ခုနှစ်က ဖြစ်ပျက်သော အဖြစ်အပျက်တစ်ခု ဖြစ်သည်။"ဆေဝါဂရာမ"ရှိ လက်ရက်ကန်းကျောင်း ဖွင့်ပွဲ၌ အဖွင့်မိန့်ခွန်းပြောရန် ဝိနောဗာ ဘာဝေကို ဖိတ်ထားသည်။ ဝိနောဗာနေသော ကျောင်းသခ်န်းနှင့် ဆေဝါဂရာမသည် ခြောက်ကီလို မီတာလောက် ဝေးသည်ဖြစ်၍ ကျောင်းကော်မတီတစ်ဦးသည် ဝိနောဗာ ဘာဝေကိုခေါ်ရန် မြင်းလှည်းလွှတ်လိုက်သည်။

မြင်းလှည်းနှင့်ပါသွားသူက ဝိနောဗာ ဘာဝေကို မြင်းလှည်း ပေါ်တက်ဖို့ ပြောသည်။နေအလွန်ပူသောနေ့တစ်နေ့ ဖြစ်သည်။ဝိနောဗာ သည် မြင်းလှည်းတွင် တပ်ထားသောမြင်းကို တစ်ချက်ကြည့်လိုက် ပြီးလျှင် မြင်းလှည်းနှင့်ပါလာသူကို ပြောလိုက်သည်။

"မင်း .. မြင်းလှည်းကို ပြန်ခေါ်သွားတော့၊ ငါပြောပြောတဲ့ အတွက် လူတွေ အကျိုးရှိလာမလား မလာဘူးလားဆိုတာ ကံသေကံမ ပြောလို့ မရပေမယ့် ကံသေကံမ ပြောလို့ရတာတော့ ရှိတယ်။မင်း .. မြင်းလှည်းနှင့် ငါ မသွားရင် မြင်းလှည်းမှာ တပ်ထားတဲ့မြင်း အပူဒဏ် ခံရတာ သက်သာ သွားမယ်"

ယင်းသို့ပြောပြီးလျှင် သူတော်စင်ကြီး ဝိနောဗာ ဘာဝေသည် သူ၏ ကရုဏာတရားကို အသေးအဖွဲကိစ္စများ၌ပင် အကောင်အထည် ဖော်လျက် သူ၏ သခ်မ်းကျောင်းမှ ဆေဝါဂ ရာမအထိ နေပူကျဲတဲကြီး ထဲတွင် ခြေကျင်လျှောက်သွားသည်။

* * *

သိပ္ပံပညာရှင်ကြီး အက်ဒီဆင်သည် သူ၏ စမ်းသပ်ရှာဖွေမှု အောင်မြင်သည့်အတွက် အထိမ်းအမှတ်ပွဲ ကျင်းပပြုလုပ်နေသည်။ ပါတီတက်ရောက်လာသော သတင်းစာဆရာတစ်ဦးက သိပ္ပံပညာရှင်ကြီး အက်ဒီဆင်ကို "ဆရာ့အောင်မြင်မှုဟာ ဆရာရဲ့ ကံကြောင့်လား"ဟု မေးလိုက်သည်။

သတင်းစာဆရာတစ်ဦးမေးသော မေးခွန်းကို အေဒီဆင်က ပြုံးပြီး အဖြေပြန်ပေးသည်။"ကံ မလို့ ကျုပ် အောင်မြင်တာ မဟုတ်ဘူး။ ကျုပ် အောင်မြင်မှုရဲ့ အကြောင်းတရားကို ရှာကြည့်မယ်ဆိုရင် ဉာဏ်က တစ်အောင်စ လောက်ပါပြီး ဝီရိယက တစ်တန်လောက်ပါတယ်"

အေဒီဆင်၏စကားကို အသေအချာ စဉ်းစားကြည့်သင့်သည်။မိမိတို့၏ လုပ်ငန်းကိစ္စတစ်ခုခု အောင်မြင်မှုမရှိလျှင် ကံကို ရိုးမယ်ဖွဲ့ပြီး "ငါ ကံဆိုးလှချည်လား"ဟု မြည်တမ်းနေကြသည်။ မိမိတို့၏ လုပ်ငန်းကိစ္စ အထမြောက် အောင်မြင်မှု မရှိခြင်း၌ ဝီရိယ၏ အပိုင်းအစ ဘယ်လောက်ပါသနည်း ဆိုသည်ကိုမူ ထည့်တွက်ရမှန်းမသိ ဖြစ်နေကြသည်။ကံကိုသာ အကြောင်းတရားအဖြစ် ပုံချနေကြသည်ဖြစ်၍ ဝီရိယကို မေ့နေကြသည်။

* * *

ကမ္ဘာပေါ်ရှိ နိုင်ငံအသီးသီးသည် မိမိတို့နိုင်ငံ တိုးတက်ကြီးပွားအတွက် မနေမနား ကြိုးစားနေကြသည်။သဘာဝဘေးအန္တရာယ်နှင့် ကြုံတွေ့လာသည့်အချိန်၌မူ ဘာမှမတတ်နိုင်ဘဲ လက်ပိုက်ကြည့်နေရတတ်သည်။

သဘာဝဘေးအန္တရာယ်က လွတ်ကင်းသော နိုင်ငံဟူ၍လည်း မရှိသလောက်ပင် ရှားသည်။ရေးဘေးနှင့် ကြုံလျှင်ကြုံ သို့မဟုတ်က မိုးခေါင်ရေရှား ငတ်မွတ်ခေါင်းပါးသောဘေးနှင့် ကြုံကြရသည်။သဘာဝဘေးအန္တရာယ်၏ လက်တံသည် ရှည်လျားလှသည်။နိုင်ငံအသီးသီးသည် ယင်းစက်ကွင်းက မလွတ်ကင်းဘဲ တစ်နေ့မဟုတ်တစ်နေ့ ရောက်လာကြရတတ်သည်။

တစ်နေ့သောအခါက စပိန်နိုင်ငံရှိ မြို့တစ်မြို့သည်လည်း သဘာဝဘေးအန္တရာယ် စက်ကွင်းထဲ ကျရောက်သွားခဲ့ရသည်။ထိုမြို့၌ ပလိပ်ရောဂါ ဖြစ်ပွားသောကြောင့် တစ်နေ့ လူပေါင်း ရာနှင့်ချီပြီး ပျက်စီးဆုံးပါးကုန်ကြသည်။မရေမတွက်နိုင်သော မိန်းမများ၊ အဘိုးအို၊ အဘွားအိုများ၊ ကလေးသူငယ်များသည် ခိုကိုးရာမဲ့ ဖြစ်ကုန်ပြီးလျှင် ခြေဦးတည့်ရာ ပြေးသွားနေကြရသည်။

ဘေးအန္တရာယ် ကြုံလာသောအခါများ၌ ဒုက္ခသည်များကို ကူညီစောင်မသူများ ပေါ်လာတတ်ကြသည်။စပိန်နိုင်ငံရှိ ထိုမြို့၏ ကပ်ဆိုး အခါဆိုးကြီးထဲတွင်လည်း ကူညီမှု လက်ကမ်းသူများ ပေါ်လာကြသည်။သို့ရာတွင် ကပ်ဆိုး ဘီလူးကြီး၏အစွယ်မှာ အလွန်တရာ ထက်လှသောကြောင့် ခိုကိုးရာမဲ့ ဒုက္ခသည်များအား အကူအညီပေးရန်အတွက် ငွေကြေးသုံး၍မလောက် ဖြစ်နေသည်။

ထိုမြို့၌ ငွေကြေးတတ်နိုင်သော သူဌေးကြီးတစ်ဦး ရှိသည်။ ကယ်ဆယ်ရေးသမားများသည် ထိုသူဌေးကြီးကို သတိရကြသည်။သို့ရာတွင် တစ်ပြားကို နှစ်ပြားမှတ်ပြီး ခွာနေသော သူဌေးကြီး၏သတင်းသည် စပိန်တစ်နိုင်ငံလုံး ကျော်ကြားနေသည်။သူဌေးကြီး ကပ်စေးနှဲပုံ ကြားရသဖြင့် ကယ်ဆယ်ရေးသမားများသည် သူဌေးကြီးထံမှ ရန်ပုံငွေ ကောက်ခံလိုသော်လည်း ကောက်ခံ၍ မရနိုင်သည့်အခြေအနေ ဖြစ်နေကြသည်။ဤတွင် အများအကျိုးသယ်ပိုးဆောင်ရွက်နေသူ တစ်မြို့လုံး ၏ လေးစားကြည်ညိုမှုခံရသော သူတော်စင်ကြီး တစ်ဦးသည် "ဒုက္ခရောက်နေသည့် လူတွေကို ကူညီခြင်းသည် လူ၏တာဝန်ဖြစ်သည်။သူဌေးကြီးထံ ချဉ်းကပ်ပြီး ရန်ပုံငွေရအောင် ငါ ကြိုးစားကြည့်မည်"ဟူ၍ စဉ်းစားပြီးလျှင် သူဌေးကြီးထံ သွားသည်။

သူတော်စင်ကြီးကို တွေ့ရသောအခါ သူဌေးကြီး မျက်နှာပျက်သွားသည်။ ရပ်ရေးရွာရေး ပြည်သူလူထုအရေးကို သူတော်စင်ကြီး ကိုယ်ကျိုးမဖက် လုပ်ကိုင် ဆောင်ရွက်နေကြောင်း သူဌေးကြီးက သိသည်။ယခု ပလိပ် ကယ်ဆယ်ရေးတွင် သူတော်စင်ကြီးက ကမကထလုပ်ပြီး ဆောင်ရွက်နေသည် ဆိုသည်ကိုလည်း သူဌေးကြီး ကြားသိထားသည်။သူ့ထံ သူတော်စင်ကြီး ရောက်လာသောအခါ ကျိန်းသေ ငွေအလှူခံတော့မည်ဟု သိသည့်အတွက် သူဌေးကြီး မျက်စေ့မျက်နှာ ပျက်နေသည်။

"သူဌေးကြီး၊ ကျုပ် သူဌေးကြီးဆီက ငွေအလှူခံဖို့လာတာ မဟုတ်ပါဘူး။သူဌေးကြီးဆီက ငွေတစ်ထောင် ချက်လက်မှတ် တစ်နေ့လောက် ယူထားချင်လို့ လာတာပါ။ဒီနေ့ ညနေပိုင်းကျရင် သူဌေးကြီး ငွေတစ်ထောင် ချက်လက်မှတ်ကို ပြန်ပေးပါ့မယ်"

သူတော်စင်ကြီးက သူဌေးကြီးကို တစ်နေ့တာအတွက် ငွေတစ်ထောင် ချက်လက်မှတ် တောင်းသောအခါ သူဌေးကြီးသည် မစဉ်းစားတတ်အောင် ဖြစ်သွားသည်။ကပ်စေးနှဲ ကော်တရာ သူဌေးကြီးက မေးလိုက်သည်။

"သူတော်စင်ကြီးပြောတာ ကျုပ် နားမလည်ဘူး။ငွေတစ်ထောင် ချက်လက်မှတ် လက်ထဲ တစ်ရက်လောက်ရှိနေရုံနဲ့ ဘာလုပ်မှာလဲ"

သူတော်စင်ကြီးက ရိုးရိုးသားသားပင် ရှင်းလင်းပြောပြသည်။

"သူဌေးကြီးဟာ ဒီမြို့မှာ အကြွယ်ဝ အချမ်းသာဆုံး ဖြစ်တယ်။

သူဌေးကြီးရဲ့ ငွေတစ်ထောင် ချက်လက်မှတ်ကို မြင်ရလျှင် အခြား ငွေရှင်ကြေးရှင်တွေက ဒါလောက် ကပ်စေးနဲတဲ့ သူဌေးကြီးတောင် ငွေတစ်ထောင် လှူဒါန်းနိုင်ရင် ငါတို့က ဘာဖြစ်လို့ နောက်ချန်နေရမှာလဲဆိုပြီး အပြိုင်အဆိုင် ရန်ပုံငွေတွေ လှူကြဖို့ ရှိတယ်။အဲဒီလိုဖြစ်လာရင် သူဌေးကြီးလည်း ငွေကြေး မစိုက်ထုတ်ရဘဲနဲ့ ကုသိုလ်ရလာမှာ မဟုတ်လား"

ကပ်စေးနဲ ကော်တရာသူဌေးကြီးသည် ယင်းအရောင်းအဝယ် အပေးအယူကို သဘောကျသွားပြီး ငွေတစ်ထောင် ချက်လက်မှတ်ရေးလျက် သူတော်စင်ကြီးအား ပေးလိုက်သည်။မျှော်လင့်ထားသည့်အတိုင်းပင် သူဌေးကြီး၏ ငွေတစ်ထောင် ချက်ကို တွေ့မြင်ရသည်ဖြစ်၍ တခြားငွေရှင် ကြေးရှင်များသည် အလုအယက်ပင် ရန်ပုံငွေထည့်ကြသည်။ညနေပိုင်းရောက်သောအခါ ငွေထောင်ပေါင်းများစွာ ကောက်ခံရရှိသည်။ကပ်စေးနဲ ကော်တရာ သူဌေးကြီးထံတွင်လည်း သူဌေးကြီး၏စေတနာကို ချီးကျူးထောမနာပြုရန် လာသူများ ဝင်လာမစဲ တသဲသဲ ဖြစ်နေကြသည်။

ညနေပိုင်းကိစ္စပြီးသောအခါ သူဌေးကြီးထံ ရောက်လာပြီး ချက်ပြန်ပေးသည်။သို့ရာတွင် သူဌေးကြီးက ချက်ကို ပြန်ယူရန် ငြင်းဆန်နေသည်။ဤတစ်ကြိမ်ကား သူတော်စင်ကြီး အံ့သြရသည့်အလှည့် ဖြစ်သည်။နားမလည်သည့်ပုံဖြင့် သူဌေးကြီးကို မေးလိုက်သည်။

"ဘယ့်နှယ့်လဲ သူဌေးကြီး၊ ကျုပ် ကတိအတိုင်း ချက်ချင်းပြန်ပေးတယ်နော်။သူဌေးကြီး ဘာလို့ပြန်မယူတာလဲ" သူဌေးကြီးသည် နောက်ထပ် ငွေတစ်ထောင် ချက်တစ်ရွက်ကို ဖြတ်လိုက်ပြန်သည်။နောက်ထပ် ချက်အသစ်ကိုပါ သူတော်စင်ကြီးလက်ထဲ ထည့်လျက် ပြောလိုက်သည်။

"ဒီကနေ့အထိ အလှူဒါနရဲ့ တန်ဖိုးကို ကျုပ် နားမလည်ခဲ့ပါဘူး။အလှူဒါနပြုတဲ့ကိစ္စမှာ ပီတိသုခကို ခံစားလို့ရပါကလားဆိုတဲ့အသိ ဒီနေ့ပဲ ကျုပ်ရတယ်"

သူဌေးကြီးသည် တအောင့်နားပြီးလျှင် တည်ငြိမ်လေးနက်သောအသံဖြင့် ဆက်ပြောပြန်သည်။

"ချမ်းသာသုခရလိုတဲ့အတွက် ကျုပ် ဥစ္စာနေကို စုဆောင်းရှာဖွေလာခဲ့တာ ဖြစ်တယ်။မဆိုစလောက်လေး ပေးလှူရုံနဲ့ ဒါလောက် ချမ်းသာသုခ

ဖြစ်ရတယ်ဆိုတာ ဒီကနေ့ ကျုပ် နားလည်သဘောပေါက်လာတယ်။ မဆိုစလောက် ပေးလှူရုံလေးနဲ့ ဒါလောက် ချမ်းသာသုခဖြစ်ရင် မိမိရှိသမျှ မရှိဆင်းရဲသားများကို ပေးလှူပြီး ဘာဖြစ်လို့ အတိုင်းမရှိတဲ့ ချမ်းသာသုခရရှိအောင် မလုပ်နိုင်ရမှာလဲ"

ယင်းသို့ပြောပြီးလျှင် သူဌေးကြီးသည် ထ လိုက်လေသည်။ ထို့နောက် သူတော်စင်ကြီးနှင့်အတူ လက်တွဲ၍ ကယ်ဆယ်ရေးလုပ်ငန်းများကို လုပ်ကိုင်ဆောင်ရွက်ရန် ထွက်သွားလေသည်။

* * *

လွန်ခဲ့သော နှစ်တစ်ရာနီးပါးခန့်က အဖြစ်အပျက် ဖြစ်သည်။ ထိုအချိန်က ရဟန္တာပုဂ္ဂိုလ်တစ်ပါးဟု လူအများ၏ နှုတ်ဖျားတွင် ရေပန်းစားနေသော ဆရာတော်ကြီးတစ်ပါး ရှိသည်။အရည်ကင် ရှုတင်ဆောင် ရဟန်းတော်ဖြစ်သည့်အတိုင်း ဆရာတော်ကြီးသည် အရညဝါသီ တောမှီနေလေ့ရှိသည်။ဆရာတော်ကြီး၏ အကျင့်သိက္ခာနှင့် သီလသမာဓိကြောင့် လူအတော်များများက ဆရာတော်ကြီးကို ရဟန္တာ ဟု သတင်းလွှင့်နေကြခြင်း ဖြစ်သည်။ဆရာတော်ကြီး ကိုယ်တိုင်ကမူ အရညဝါသီ တောမှီရဟန်းတစ်ပါးအဖြစ် နေထိုင်လျက် တရားအကျင့် ကျင့်သုံးနေထိုင်ပြီး မိမိ ရဟန္တာဖြစ်ကြောင်း အရိပ်အမြွက်မျှပင် မပြပေ။ ရဟန်းတို့မည်သည် မိမိတို့ တရားအမြင် ပေါက်ရောက်ပြီး အာသဝေါ ကုန်ခန်းသော ရဟန္တာအဆင့် ရောက်ရှိနေပြီဟူ၍ စကားဖြင့် ထုတ်ဖော် မပြောကြားရရုံမျှသာမက ရဟန္တာဖြစ်ကြောင်း အရိပ်အမြွက်မျှပင် မပြရ ပေ။ရဟန်းကိစ္စပြီးမြောက်နေသူများသည် ယင်းကဲ့သို့ မပြုလုပ်ရပေ။ အမှန်က ရဟန်းကိစ္စပြီးမြောက်နေသူများသည် မည်သည့်ပုဂ္ဂိုလ်မျှ မိမိတို့ ရဟန်းကိစ္စပြီးမြောက်နေပြီဟု ထုတ်ဖော်ပြောပြခြင်း မရှိပေ။သို့သော် လည်း ရဟန်းကိစ္စပြီးမြောက်ဖို့ အလှမ်းဝေးနေသူများထဲက တချို့မှာ ပုထုဇဉ်ဖြစ်သည့်အားလျော်စွာ မိမိကိုယ်ကို သိဒ္ဓိတင်လိုသည့်အတွက် ရဟန်းကိစ္စပြီးမြောက်သူ ဖြစ်နေပြီဟူ၍ အရိပ်အမြွက်ပြသူများ ရှိတတ် ကြသည်။ယင်းပုဂ္ဂိုလ်များအတွက် မြတ်စွာဘုရားက အကြီးမားဆုံး သိက္ခာပုဒ် ပညတ်ထားတော်မူခဲ့သည်။မိမိကိုယ်မိမိ ရဟန်းကိစ္စ ပြီးမြောက်ပြီဟူ၍ ထုတ်ဖော်ပြောပြသူ၊ အရိပ်အမြွက်ပြသူ ရဟန်းသည် မြတ်စွာဘုရား ပညတ်ထားတော်မူသော ပါရာဇိက သိက္ခာပုဒ် လေးပါး ထဲက တစ်ပါးနှင့် ငြိစွန်းနေသည်ဖြစ်၍ ရဟန်းဘဝက လျှောကျသွားရ

သည်။တချို့က ဒလန်ကို အသုံးပြု၍လည်းကောင်း၊ ဒလန်လုပ်သူများကိုယ်တိုင် သူတို့လိုလားသော ရဟန်းပုဂ္ဂိုလ်အတွက် သတင်းဖြန့်၍လည်းကောင်း ဤမည်သော ရဟန်းသည် ရဟန်းကိစ္စပြီးမြောက်နေပြီဟူ၍ သတင်းဖြန့်ကြသည်။

ယခု ရေးသားဖော်ပြမည့် ဆရာတော်ကြီးကား သူကိုယ်တိုင်ကလည်း ရဟန်းကိစ္စပြီးမြောက်နေပြီဟူ၍ အရိပ်အမြွက်ပြခြင်းမျိုး မရှိပေ။ဆရာတော်ကြီးအား ရဟန်းကိစ္စပြီးမြောက်နေပြီဟူ၍ သတင်းဖြန့်သူများကလည်း ဒလန်သဘောမျိုးနှင့် သတင်းဖြန့်ခြင်းမဟုတ်ဘဲ ဆရာတော်ကြီးအား အမှန်တကယ် ရဟန္တာဖြစ်ပြီဟူ၍ ထင်မှတ်ကြသောကြောင့် သတင်းဖြန့်နေကြခြင်း ဖြစ်သည်။ဆရာတော်ကြီးသည် အရည့ဝါသီအဖြစ်နှင့်သာ နေလာခဲ့သော ပုဂ္ဂိုလ်ဖြစ်၍ ရပ်ထဲရွာထဲ၌ မိမိအကြောင်း သတင်းပျံ့နှံ့နေသည်ဆိုသည်လည်း မသိပေ။တောတွင်း၌သာလျှင် ရုက္ခမူအကျင့် ကျင့်လျက် တပည့်ကပ္ပိယတစ်ယောက်နှင့် နေထိုင်သီတင်းသုံးနေသည်။တစ်နေ့သ၌ နံနက်စောစောအချိန် မီးဖိုပြီး ဆရာတော်နှင့် ကပ္ပိယ မီးလှုံနေကြသည်။ ထိုအခိုက် ကျားကြီးတစ်ကောင်သည် ဆရာတော်နှင့် ကပ္ပိယ မီးလှုံသောနေရာတွင် လာရောက်ပေါင်းဆုံပြီး မီးလှုံသည်။ယင်းကဲ့သို့ ဆရာတော်တို့နှင့်အတူ ကျားကြီး တစ်ကောင်လာပြီး မီးလှုံသည်မှာ တစ်နေ့တစ်ရက်မျှသာ မကပေ။ထိုကဲ့သို့ပင် ဆရာတော်နှင့် ကပ္ပိယတို့ မီးလှုံသောအခါ လာနေကျ ကျားကြီးလည်း လာရောက် မီးလှုံလေ့ ရှိသည်။မီးလှုံနေကြခိုက် ဆရာတော်လည်း မီးလှုံရင်း၊ တရားနှလုံးသွင်းရင်း မေတ္တာဘာဝနာ ပွားများနေသည်။ကပ္ပိယကမူ ယောက်မသည် ဟင်း၏ အရသာ မသိသကဲ့သို့ တရားရှင် ဆရာတော်ကြီးနှင့် နီးနီးကပ်ကပ်နေရသော်လည်း တရားနှင့် ဒုံးဝေးနေသူ ဖြစ်သည်။ကပ္ပိယသည် တောင်တွေးမြောက်တွေးရင်း စိတ်ဖောက်လာပြီး မီးလှုံဖော် မီးလှုံဖက် ကျားကြီးကို မီးစနှင့် ထိုးလိုက်ရဟု စိတ်ကူး ကြည့်လိုက်သည်။ထိုအခိုက် ကျားကြီးက ကပ္ပိယကိုလှမ်းကြည့်ပြီး တစ်ချက် ဟိန်းလိုက်သည်။ရုတ်တရက် ကျားကြီး၏ဟိန်းသံ ထွက်ပေါ်လာသောအခါ ကပ္ပိယသည် အထိတ်တလန့် ဖြစ်သွားပြီး ဆရာတော်ကြီးအနီး ကပ်သွားခါ ဆရာတော်ကြီး၏ ခြေထောက်ကို လှမ်းဖက်လိုက်သည်။ကျားကြီးသည် ဆရာတော်၏ မေတ္တာရိပ်တွင် သွားရောက်ခိုလှုံသော ကပ္ပိယကို မည်သို့မျှ ရန်မမူဘဲ သူသွားနေကျနေရာသို့ ပြန်လည်ထွက်ခွာသွားသည်။

* * *

လွန်ခဲ့သော နှစ်ပေါင်း ၂၀၀ ခန့်က ဖိဝါဒေလဖိယာ၌ ဖရင့်ကလင် အမည်ရှိ လူတစ်ယောက်သည် သူ့အိမ်ရှေ့၌ တိုင်တစ်တိုင်စိုက်ထူပြီး တိုင်ထိပ်တွင် မီးအိမ်တစ်အိမ် ဆွဲထားသည်။ယင်းမီးအိမ်တိုင်သည် ကမ္ဘာပေါ်၌ရှိသော မီးအိမ်တိုင်များထဲက အစောဆုံး မီးအိမ်တိုင်ဖြစ်သည်။ထိုအချိန်က ဖရင့်ကလင်၏ အိမ်နီးနားချင်းများက ဖရင့်ကလင်၏ အပြုအမူကိုကြည့်ပြီး ရယ်ကြသည်။

"အဓိပ္ပာယ်မရှိတဲ့ အလုပ်ကို ဘာဖြစ်လို့ လုပ်ရတာလဲ"ဟူ၍လည်း ကဲ့ရဲ့သကြိုဟ် စကားတင်းဆိုကြသည်။သူ့မိသားစုကပင် "အဓိပ္ပာယ်မရှိတဲ့ အလုပ်ကို လုပ်ပြီး ဘာကြောင့် ပိုက်ဆံဖြုန်းချင်ရတာလဲ" ဟု မေးငေါ့ကြသည်။

ဖရင့်ကလင်က ရှင်းလင်းပြောပြသည်။"ညအခါ လမ်းမှာ မှောင်တယ် မဟုတ်လား။လူတွေ ခလုတ်တိုက်ပြီး လဲကြတယ်။လမ်းပေါ်မှာ မီးအိမ်တစ်အိမ် ရှိနေရင် မီးအိမ်က အလင်းရောင်နဲ့ လူတွေ အခက်အခဲမရှိဘဲ လမ်းသွားလို့ ရတယ်"ဟု ပြောပြသည်။

နေ့ရက်အတန်ငယ်ကြာသွားသောအခါ လူအတော်များများ ဖရင့်ကလင်၏အလုပ်ကို ချီးကျူးသြဘာပေးကြသည်။ညအချိန် ထိုလမ်းက ဖြတ်သွားသူများသည် ဖရင့်ကလင်ကို ကျေးဇူးတင်စကား ပြောကြသည်။ဖရင့်ကလင် လုပ်သည်ကို အတုယူလျက် လူပေါင်းများစွာတို့ကလည်း သူတို့၏အိမ်ရှေ့၌ မီးအိမ်တိုင် စိုက်ထူကြသည်။

ယင်းမီးအိမ်တိုင် စိုက်ထူသော အလေ့အထသည် ဖိဝါဒေလဖိယာမှ ကမ္ဘာတစ်ခုလုံး ပျံ့နှံ့သွားသည်။ယနေ့ မီးအိမ်တိုင်၊ ဓာတ်မီးတိုင် မရှိသောမြို့ဟူ၍ ကမ္ဘာပေါ်မှာ ရှိလိမ့်မည်မဟုတ်ပေ။

ယင်းသို့အားဖြင့် ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်၏ ပြည်သူ့အကျိုးဆောင်ရွက်ချက်သည် ကြည့်ရင်းကြည့်ရင်း ကမ္ဘာတစ်ခွင်လုံး အလင်းရောင်ပြန့်ပွားသွားစေခဲ့သည်။

* * *

ဂုရု နာနကသည် ငယ်စဉ်တောင်ကျေး ကလေးအရွယ်ကပင် သူတော်သူမြတ်များကို လေးစားကြည်ညိုသူ ဖြစ်သည်။သူတော်သူမြတ်များနှင့် တွေ့ဆုံရသည့်အခါများ၌လည်းကောင်း၊ စကား ဆွေးနွေးပြောကြားနေရသည့်အခါများ၌လည်းကောင်း ထမင်းမေ့ဟင်းမေ့ ဖြစ်နေတတ်သည်။ယင်းကဲ့သို့သော နေ့ရက်မျိုး တစ်ရက်မက များပြားလာသောအခါ ထမင်းစားချိန် မမှန်ဘဲ သူ၏ကိုယ်ခန္ဓာ ကျုံလှီလာသည်။ မိမိသား၏ အခြေအနေကို တွေ့မြင်ရသောအခါ ဖခင်ဖြစ်သူသည် ရွာထဲက သမားတော်တစ်ယောက်ကိုပင့်ပြီး သူ့သားကို ဆေးဝါးကုပေးပါဟု ပြောပြသည်။

သမားတော်ဖြစ်သူ ဟာရိဒါဆသည် နာနက၏ လက်ကိုကိုင်ပြီး သွေးစမ်းကြည့်မည်လုပ်သည့်အခါ လုလင် နာနက,က သူ့လက်ကို ပြန်ရုပ်သိမ်းပြီး "ကျွန်တော့်လက်ကို ဆရာ ဘာဖြစ်လို့ ကိုင်တာလဲ"ဟု မေးလိုက်သည်။ဟာရိဒါဆက "မင်း ဘယ်လိုဝေဒနာမျိုး ခံစားနေရတယ်ဆိုတာ သိဖို့အတွက် သွေးစမ်းကြည့်မလို့ မင်းလက်ကိုကိုင်တာ။ သွေးစမ်းကြည့်ပြီးမှ ဘာရောဂါဖြစ်နေတယ်ဆိုတာသိပြီး ဆေးပေးလို့ရမှာ"ဟု ပြန်ပြောသည်။

ဂုရု နာနက,က ပြန်ပြောသည်။"ဝေဒနာ စွဲကပ်နေတာ ကျုပ်ကိုယ်ခန္ဓာ မဟုတ်ဘူး။ဆရာကြီးရဲ့ ဦးနှောက်မှာသာ ဝေဒနာ စွဲကပ်နေတာ။ကျွန်တော့်ဝေဒနာ ပျောက်သွားအောင် မကုခင် ကိုယ့်ဝေဒနာ ပျောက်အောင် ကုစမ်းပါဦး"ဟု ပြန်ပြောသည်။ဟာရိဒါဆက "ကျုပ်ဘာရောဂါမှ မဖြစ်ဘူး။ကျန်းကျန်းမာမာရှိနေတဲ့ လူတစ်ယောက်"ဟု ပြန်ပြောသောအခါ ဂုရု နာနက,က "ဆရာကြီးဟာ ဇာတိနှင့် မရဏာ ပတ်သက်နေတဲ့ ရောဂါဝေဒနာ စွဲကပ်နေသူဖြစ်တယ်။အဲဒီရောဂါဝေဒနာ

ပျောက်ကင်းသွားအောင် ဘယ်လိုဆေးမျိုးနှင့်မှ ကုလို့ရမှာ မဟုတ်ဘူး။ အဲဒီလို ရောဂါဝေဒနာမျိုးကင်းပြီး ဇာတိနှင့် မရဏဘေးက ကင်းဝေးနေတဲ့ သမားတော်များသာ အဲဒီ ရောဂါဝေဒနာကို ကုစားနိုင်လိမ့်မယ်”ဟု ပြောပြလိုက်သည်။

သမားတော်ဖြစ်သူ ဟရိဒါဆသည် နာမကျန်းဖြစ်နေသော ကိုယ်ခန္ဓာကိုသာ ရောဂါပျောက်ကင်းသွားအောင် ဆေးကုနည်းသာ နားလည်သည်။နာမကျန်းဖြစ်နေသော ဦးနှောက်ကို ဆေးဝါးကုသပေးနိုင်စွမ်း ရှိသူမဟုတ်ပေ။ဂုရုနာနက ပြောပြသော စကားအဓိပ္ပာယ်ကိုလည်း သိရှိနားလည်သွားသည်။ထို့ကြောင့် ဂုရုနာနက၏ ဖခင်ဖြစ်သူ မေဟတာအား “နာနကမှာ ကိုယ်ခန္ဓာနှင့် ပတ်သက်တဲ့ ဘယ်လိုရောဂါဝေဒနာမျိုးမှ မရှိဘူး။တရားဓမ္မဘက် အာရုံရောက်နေတဲ့ လူသာဖြစ်လို့ သူ့အတွက် ဘာမှ စိုးရိမ်ကြောင့်ကြဖြစ်နေစရာ မလိုဘူး”ဟုပြောပြပြီး သူ့အိမ်သူ ပြန်သွားသည်။

* * *

ရွာတစ်ရွာ၌ ဗြဟ္မဏတစ်ဦး ရှိသည်။ထိုဗြဟ္မဏသည် လယ်ပိုင် ယာပိုင်ရှိသောဗြဟ္မဏ ဖြစ်သည်။သို့ရာတွင် သူ၏လယ်ယာ မြေပေါ်၌ သီးနှံစိုက်ပျိုး၍ မရပေ။သီးနှံစိုက်ပျိုးသော်လည်း အခြားမြေယာများကဲ့သို့ သီးနှံ ဖြစ်ထွန်းမလာပေ။ထို့ကြောင့် ဗြဟ္မဏသည် အကြီးအကျယ် စိတ်ညစ်နေသည်။

နွေဥတုကာလ တစ်နေ့သောအခါ၌ ဗြဟ္မဏသည် သူ၏ လယ်ယာမြေပေါ်တွင်ရှိသော သစ်ပင်တစ်ပင်အောက်၌ စိတ်ပျက်လက်ပျက်နှင့် ထိုင်နေရာ သူ့ရှေ့ရှိ တွင်းတစ်တွင်းထဲက မြွေတစ်ကောင် ထွက်လာပြီး ပါးပျဉ်းထောင်နေသည်ကို တွေ့ရသည်။

ထိုအခါ ဗြဟ္မဏသည်–

"ဟုတ်သော်ရှိ မဟုတ်သော်ရှိ သည်မြွေကြောင့် ငါ့လယ်ယာ မဖြစ်ထွန်းတာ ဖြစ်လိမ့်မည်။သူ့ကို ကောင်းကောင်းကျွေးမွေး ပြုစုမှ ဖြစ်မည်"ဟူ၍ တွေးမိသည်။

ယင်းသို့သောအတွေး ပေါ်လာသည်ဖြစ်၍ ဗြဟ္မဏသည် အိမ်ပြန်လျက် ခွက်တစ်ခွက်ဖြင့် နွားနို့ထည့်ယူလာပြီး တွင်းဝ၌ ချထားလိုက်သည်။

နောက်တစ်နေ့ ထိုနေရာလာသောအခါ ဗြဟ္မဏသည် ခွက်ထဲတွင် နွားနို့ကို မတွေ့ရတော့ဘဲ နွားနို့အစား ရွှေဒင်္ဂါးတစ်ပြား ရောက်နေသည်ကို တွေ့ရသည်။ဗြဟ္မဏသည် အကြီးအကျယ် ဝမ်းသာအားရဖြစ်သွားသည်။

ထိုနေ့မှစ၍ ဗြဟ္မဏသည် နေ့စဉ်နေ့တိုင်း နွားနို့တစ်ခွက် တစ်ခွက် ယူလာပြီး တွင်းဝ၌ ချထားသည်။နောက်နေ့များတွင်လည်း ခွက်ထဲ၌ ရွှေဒင်္ဂါးတစ်ပြား တစ်ပြား တွေ့ရသည်။

တစ်နေ့တွင် ကိစ္စတစ်ခုနှင့် တခြားသွားဖို့ ကြုံလာသည်။ "မြွေအတွက် နွားနို့ ဘယ်လိုပေးရမလဲ"ဟူသောပြဿနာ ပေါ်လာသည်။မြွေအတွက် နွားနို့ပေးမည့် နေ့စဉ်အလုပ်ကို မဖျက်လိုပေ။ ထို့ကြောင့် သူ့သားကို အကျိုးအကြောင်းပြောပြပြီး မြွေတွင်းဝ၌ နွားနို့ခွက်ချထားရန် မှာထားခဲ့သည်။

သူ့အဖေ မှာထားခဲ့သည့်အတိုင်း သားဖြစ်သူကလည်း လုပ်သည်။အဖေလုပ်သလို သားလုပ်သောအခါ၌လည်း နွားနို့ခွက်ထဲတွင် ရွှေဒင်္ဂါးတစ်ပြား ရောက်နေသည်ကို တွေ့ရသည်။ထိုအခါ သားဖြစ်သူက "ဤတွင်းထဲတွင် ရွှေဒင်္ဂါးအများအပြားရှိရမည်။ ထို့ကြောင့်သာ ရွှေဒင်္ဂါး တစ်ပြား တစ်ပြား မြွေယူလာခြင်း ဖြစ်မည်။ မြွေကိုသတ်ပြီး တွင်းထဲက ရွှေအားလုံးကိုယူမည်"ဟူ၍ အကြံရသည်။

ယင်းသို့ စိတ်ကူးပြီး သူငယ်သည် နောက်တစ်နေ့၌ နွားနို့ခွက်ယူလာပြီး တွင်းဝ၌ချထားလျက် အနီးအနားက စောင့်ကြည့်နေသည်။ တွင်းထဲက မြွေ ထွက်လာသောအခါ မြွေကို တုတ်နှင့် ရိုက်လိုက်သည်။ သို့သော်လည်း မြွေကို မရိုက်မိပေ။လွဲသွားသည်။မြွေက ခုန်ပြီး သူငယ်ကို ကိုက်လိုက်ရာ သူငယ်သည် ပွဲချင်းပြီး သေဆုံးသွားသည်။

အိမ်ပြန်လာသောအခါ ဗြဟ္မဏသည် အကျိုးအကြောင်း သိရသည်ဖြစ်၍ ကြီးစွာ စိတ်မကောင်းခြင်း ဖြစ်ရသည်။သို့သော်လည်း ဗြဟ္မဏက "ကိုယ်လုပ်တဲ့အတိုင်း အကျိုးရတာပဲ"ဟု ပြောလေသည်။

* * *

တစ်ချိန်တစ်ခါက ဖြစ်ပျက်ခဲ့သော အဖြစ်အပျက်တစ်ခု ဖြစ်သည်။ရစဘဲ့၏ မိတ်ဆွေတစ်ဦးက ရစဘဲ့၏ ဂုဏ်ထူးဝိသေသများနှင့် ပတ်သက်ပြီး ရစဘဲ့အား ချီးကျူးစကားပြောရင်း ရစဘဲ့ကို မေးလိုက်သည်။

"ဘဝမှာ အောင်မြင်မှုရရှိရေးအတွက် ထူးထူးခြားခြား အရည်အချင်းရှိဖို့ လိုအပ်ပါသလား"

မိတ်ဆွေ၏ အမေးစကားကြားရသောအခါ ရစဘဲ့က ဆင်ခြင်စဉ်းစားပြီးလျှင် အဖြေပြန်ပေးသည်။

"ကျုပ် စဉ်းစားမိတာ ပြောရရင် ဘဝမှာ အောင်မြင်မှုရရှိဖို့အတွက် ဒါမှမဟုတ် ကြီးကျယ်တဲ့ လူတစ်ယောက်ဖြစ်ဖို့အတွက် နည်းလမ်းနှစ်လမ်း ရှိတယ်။နည်းလမ်းတစ်လမ်းက ထူးခြားတဲ့ အရည်အချင်းရှိတဲ့ ပုဂ္ဂိုလ်တွေလုပ်နိုင်တဲ့ နည်းလမ်းဖြစ်တယ်။ဒါပေမဲ့ ထူးခြားတဲ့ အရည်အချင်းရှိတဲ့ လူများရဲ့ အရေအတွက်ဟာ အင်မတန်မှ နည်းတဲ့အတွက် အဲဒီလို အရည်အချင်းရှိတဲ့ ပုဂ္ဂိုလ်များရရှိတဲ့ အောင်မြင်မှုမျိုးကိုတော့ အရေအတွက်နည်းပါးတဲ့ ပုဂ္ဂိုလ်တွေလောက်ပဲ ရရှိနိုင်ပေလိမ့်မယ်။သာမန်ပုဂ္ဂိုလ်များအဖို့ကတော့ အဲဒီအောင်မြင်မှုမျိုး ရရှိဖို့ လွယ်မှာမဟုတ်ဘူး။တခြားနည်းလမ်း တစ်လမ်းက လူတိုင်းလူတိုင်း လုပ်လို့ရတဲ့ အလုပ်မျိုးကို လုပ်ခြင်းဖြစ်တယ်။ဒါပေမဲ့ လူတိုင်းလုပ်နိုင်တဲ့ အလုပ်မျိုးကိုလည်း လူတွေက မလုပ်ကြဘူး။ကျုပ်ကို ကြည့်ပါ။ကျုပ်လည်း ထူးခြားတဲ့ အရည်အချင်းမျိုး ရှိတာမဟုတ်ဘူး။ဘဝမှာ အောင်မြင်မှုရရှိဖို့အတွက် လူတိုင်းလူတိုင်းမှာရှိတဲ့ မွေးရာပါ အရည်အချင်းလောက်သာ ရှိတယ်။အဲဒီအရည်အချင်းနှင့် ကြိုးစားလုပ်ကိုင်တဲ့အတွက် ယခုလို အောင်မြင်မှုမျိုး ရရှိလာတာ ဖြစ်တယ်။အရေးကြီးတာက ကိုယ့်အရည်အချင်းကို နားလည်သဘောပေါက်ပြီး အသုံးချတတ်ဖို့ပဲ လိုတယ်"

ရစဘဲ့၏ မိတ်ဆွေက ရစဘဲ့၏အဖြေစကားကို ကျေနပ်အားရသွားသည်။



* * *

မုဆိုးတစ်ယောက်သည် သမင်တစ်ကောင်ကိုတွေ့၍ သမင်နောက်ကို အတင်းလိုက်သည်။သူ့နောက် မုဆိုးလိုက်လာသည်ကို တွေ့၍ သမင်က ပြေးသည်။ပြေးနေ၍ လွတ်မည်မဟုတ်သည်ကို သိသောကြောင့် သမင်သည် နွယ်ပင်များ အုပ်မိုးနေသော ချုံတစ်ချုံထဲဝင်ပြီး ပုန်းနေသည်။သမင် မျက်ခြည်ပြတ်သွားသော မုဆိုးသည် နွယ်ချုံရှေ့ဘက် ကျော်လွန်သွားသည်။စိမ်းလန်းနေသော နွယ်ပင်များကို တွေ့ရသောအခါ သမင်သည် သွားရည်ကျလာပြီးလျှင် နွယ်ပင်များကို စားပစ်သည်မှာ ကုန်သလောက် ဖြစ်သွားသည်။

သမင်နောက် လိုက်သွားသော မုဆိုးသည် သမင်ကို ရှာမတွေ့၍ နောက်ကြောင်းပြန်လှည့်လာသည်။ယခုတစ်ကြိမ်၌ သူ့ကို အကာအကွယ်ပေးသော နွယ်ပင်များကို စားပစ်သည့်အတွက် မုဆိုးမမြင်အောင် ပုန်းကွယ်နေဖို့ မလွယ်တော့ပေ။အုပ်ဆိုင်းနေသော နွယ်ပင်များ မရှိတော့သည့်အတွက် ချုံအပြင်ဘက်ကကြည့်လျှင် သမင်ကို ထီးထီးကြီး မြင်တွေ့နေရသည်။

မုဆိုးသည် ချုံထဲတွင် ရပ်နေသော သမင်ကို တွေ့မြင်ရသည့်အတွက် “ငါ့သားကောင်က ဒီမှာ လာပုန်းနေပါလား”ဟုတွေးပြီး သူ့တွင် ပါလာသော ဒူးလေးဖြင့် ပစ်သတ်လိုက်လေသည်။

အသက်ထွက်ခါနီး၌ သမင်က “မိမိကို အကာအကွယ်ပေးတဲ့ လူကို ကျေးဇူးကန်းရင် ငါ့လို ကြမ္မာဆိုးနဲ့ တွေ့ရလိမ့်မယ်”ဟု စဉ်းစားဆင်ခြင်ပြီး အသက်ထွက်သွားသည်။

* * *

ရေးတုန်းက ဘုရင်တစ်ပါး ရှိသည်။မြို့စွန်၌ ဘုရင်မင်းကြီး ဆည်းကပ်ကိုးကွယ်သော ရသေ့တစ်ပါးလည်း ရှိသည်။မြို့နှင့် အတန်ငယ်လှမ်းသောနေရာ၌ ရသေ့သည် သခ်မ်းကျောင်း ဆောက်လုပ်နေထိုင်သည်။

တစ်နေ့သ၌ ဘုရင်မင်းကြီးသည် "ရသေ့ကြီး၏ ကျောင်းသခ်မ်း ကျောင်းပတ်ဝန်းကျင်မှာ ဆေးဆရာမရှိဘူး။သခ်မ်းကျောင်းမှာဖြစ်စေ သခ်မ်းကျောင်းအနီးအနားတစ်ဝိုက်မှာဖြစ်စေ မမာမကျန်းဖြစ်သူရှိလျှင် အခက်အခဲတွေ့လိမ့်မည်"ဟု စဉ်းစားပြီး ရသေ့ကြီး၏ သခ်မ်းကျောင်းသို့ ဆေးဆရာတစ်ယောက် လွှတ်ထားသည်။

ဘုရင်မင်းကြီး၏ စေလွှတ်ချက်အရ ဆေးဆရာသည် ရသေ့ကြီး၏ သခ်မ်းကျောင်း၌ သွားနေသော်လည်း သူ့ထံ သခ်မ်းကျောင်းကဖြစ်စေ၊ သခ်မ်းကျောင်း အနီးတစ်ဝိုက်ကဖြစ်စေ လူနာ တစ်ဦးတစ်ယောက်မှ မလာသည်ကို တွေ့ရ၍ တအံ့တသြဖြစ်နေသည်။ သို့သော်လည်း လူနာ တစ်နေ့လာနိုး လာနိုး စောင့်မျှော်နေသည်။

လူနာ တစ်ရက်လဲ မလာ၊ နှစ်ရက်လဲ မလာသည်ကို တွေ့ရသောအခါ ဆေးဆရာသည် ငြိမ်မနေနိုင်တော့ဘဲ ရသေ့ကြီးကို မလာသည့်အကြောင်း လျှောက်ကြည့်သည်။

"ရှင်ရသေ့၊ ကျွန်ုပ်ကို ဘုရင်မင်းကြီးက ရသေ့ကြီးရဲ့ တပည့်တပန်း၊ ဒကာ ဒကာမများကို ဆေးဝါးကုသပေးဖို့ စေလွှတ်ထားတဲ့အတွက် ကျွန်ုပ် ရသေ့ကြီး၏ သခ်မ်းကျောင်း လာရောက်နေထိုင်ရတယ်ဆိုတာ ရသေ့ကြီးလည်း အသိဖြစ်ပါတယ်။ဒါပေမဲ့ ရသေ့ကြီး သခ်မ်းကျောင်းမှာ ကျွန်ုပ်နေထိုင်စဉ်အတွင်း နာမကျန်းဖြစ်နေတဲ့ လူနာတစ်ယောက်မှ ကျွန်ုပ်ထံ ဆေးလာကုတာ မတွေ့ရဘူး။အကြောင်းဘယ်သို့ဆိုတာ တဆိတ်လောက် ရှင်းလင်းပြောပြစေချင်ပါတယ်"

ဆေးဆရာ၏ တင်ပြချက် ကြားရသောအခါ ရသေ့ကြီးက ပြုံးပြီး ပြောပြသည်။

"ဆရာ ကျုပ်တပည့်တပန်းတွေအကြောင်း မသိလို့ ယခုလို ပြောပြခြင်း ဖြစ်ပုံရတယ်။သူတို့မှာ အကျင့်တစ်ခု ရှိတယ်။မဆာမချင်း အစားအသောက် မစားကြဘူး။စားတဲ့အခါကျတော့လည်း ဗိုက်ပြည့်အောင် မစားဘဲ ဆာတာလေး နည်းနည်းချန်ထားကြတယ်"

ရသေ့ကြီး၏စကားကို ကြားရသောအခါ "ဒါ့ကြောင့်ကိုး"ဟု သဘောပေါက်သွားပြီးလျှင် ဆေးဆရာသည် အိပ်ရာလိပ် လိပ်လျက် သူ့အိမ်သူ ပြန်သွားသည်။

* * *

# ကြိုးဘယ်မှာရှိလို့လဲ

အိုးထိန်းသည်တစ်ယောက်သည် သူ၏မြည်းများကို ထိန်းကျောင်းရင်း နေ့လယ်နေ့ခင်းအချိန်၌ သစ်ပင်တစ်ပင်အောက်တွင် တရေးတမော အိပ်နေတတ်သည်။တစ်နေ့သောအခါ၌ သူ၏မြည်းများကို ထိန်းကျောင်းရန် ထွက်လာသောအခါ ကြိုးတစ်ချောင်း မေ့ကျန်နေရစ်သည်။သစ်ပင်တစ်ပင်အောက် ရောက်လာသည်။သူ ထိန်းကျောင်းလာသော မြည်းများကို ချည်ထားမည်လုပ်သောအခါ ကြိုးတစ်ချောင်း မေ့ကျန်ရစ်ခဲ့သည်ဖြစ်၍ မြည်းတစ်ကောင်ကိုချည်ဖို့ ကြိုးတစ်ချောင်း လိုနေသည်။အိုးထိန်းသည်သည် မချည်ရသေးသော မြည်း၏ကျောကိုကိုင်ပြီး ဘယ်လိုလုပ်ရပါ့မလဲဟု စဉ်းစားနေသည်။

ထိုအခိုက် မြည်းတစ်အုပ်နှင့် အိုးထိန်းသည်ရှိနေသော နေရာသို့ ဆာဒူးတစ်ပါး ဖြတ်လျှောက်လာသည်။မြည်းတစ်ကောင်၏ကျောကိုကိုင်ပြီး ရပ်နေသော အိုးထိန်းသည်ကို တွေ့ရသောအခါ ဆာဒူးက အကျိုးအကြောင်း မေးမြန်းစုံစမ်းကြည့်သည်ဖြစ်၍ အိုးထိန်းသည်က ပြန်ပြောသည်။

"ကြိုးတစ်ချောင်း အိမ်မှာ မေ့ကျန်ရစ်ခဲ့လို့ ဒီမြည်းကို ဘယ်လို ချည်ရပါ့မလဲဆိုတာ စဉ်းစားနေတာပါ ဆွာမိဂျီ"

ဆာဒူးက အကြံဉာဏ်ပေးသည်။

"ဒီမြည်းကို နေ့စဉ်နေ့တိုင်း ချည်တဲ့နေရာ ရှိတယ်မဟုတ်လား။ အဲဒီနေရာ ခေါ်သွားပြီး မြည်းရဲ့ခြေထောက်ကို ကြိုးချည်တဲ့ပုံစံမျိုးနှင့် ခြေထောင်ကိုကိုင်ပြီး ကြိုးချည်သလို လုပ်လိုက်ပါ"

အိုးထိန်းသည်က ဆာဒူးအကြံဉာဏ်ပေးသည့်အတိုင်း ပြုလုပ်လိုက်သည်။မြည်းသည် သူ့ခြေထောက် ကြိုးချည်ထားသလိုပင် တခြားနေရာ ထွက်မသွားဘဲ ထိုနေရာ၌ပင် ရပ်နေသည်။

တရေးတမော အိပ်ပြီးသောအခါ အိုးထိန်းသည်သည် သူ ထိန်းကျောင်းလာခဲ့သော မြည်းများအားလုံးကို ကြိုးဖြေလွှတ်လိုက်သည်။သို့သော်လည်း တကယ်ကြိုးချည်ခြင်းမဟုတ်ဘဲ ကြိုးချည်ယောင်ဆောင်လိုက်သော မြည်းကမူ သူ့နေရာတွင် ရပ်မြဲရပ်နေသည်။

အိုးထိန်းသည် ကြိုးချည်ထားသော မြည်းများအားလုံး စားကျက်ထဲ ထွက်သွားကြသော်လည်း တကယ်ကြိုးချည်မထားဘဲ ခြေထောက်တွင် လက်ဖြင့် ကြိုးချည်သည့်ပုံ လုပ်လိုက်သော မြည်းကမူ တုပ်တုပ်မျှမလှုပ်ဘဲ ရပ်နေသည်ကို တွေ့ရသောအခါ အိုးထိန်းသည်က ဒီမြည်းကို ဆာဒူးပြုစားသွားတာ ဖြစ်လိမ့်မယ်။ဒါကြောင့် ခြေထောက်မရွှေ့နိုင်တော့ဘဲ ရပ်မြဲရပ်နေတာ ဖြစ်ရမယ်။

ထိုအခိုက် အိုးထိန်းသည်ကို အကြံဉာဏ်ပေးသွားသော ဆာဒူး ထိုနေရာသို့ တစ်ဖန်ပြန်ရောက်လာပြန်သည်။အိုးထိန်းသည်က ခြေထောက်မရွှေ့ဘဲနေသော သူ၏မြည်းကို ညွှန်ပြလျက် အခြေအနေ ရှင်းလင်းပြောပြသောအခါ ဆာဒူးက အကြံဉာဏ် တစ်ဖန်ပြန်ပေးရပြန်သည်။

"ငါ ပြောသလိုလုပ်ပါ။သူ့ကို တကယ်မချည်ဘဲ ချည်သလို လုပ်ခဲ့တယ် မဟုတ်လား။အခုလည်း သူ့ခြေထောက်မှာ ချည်ထားတဲ့ ကြိုးမရှိပေမယ့် ချည်ထားတဲ့ကြိုးကို ဖြုတ်တဲ့ပုံစံမျိုးနဲ့ ဟန်ဆောင်ဖြုတ်လိုက်ပါ"

အိုးထိန်းသည်က ဆာဒူးအကြံဉာဏ်ပေးသည့်အတိုင်း မြည်း၏ခြေထောက်တွင် လက်နှင့် ကြိုးဖြုတ်ဟန်လုပ်ပြီးသည်နှင့် တစ်ပြိုင်နက် မြည်းလည်း သူ့အဖော်များရှိရာ စားကျက်သို့ ထွက်ခွာသွားသည်။

ထိုမြည်းကို မည်သူ ကြိုးနှင့်ချည်ထားသနည်း။မြည်း၏စိတ်ကသာ ထိုမြည်းကို ချည်ထားခြင်းဖြစ်သည်။ထိုနည်းအတိုင်းပင် ကမ္ဘာလောက၌ မည်သည့်မိန်းမကမှ မည်သည့်ယောကျ်ားကို ချည်နှောင်ထားခြင်း မရှိပေ။မည်သည့် ယောကျ်ားကမှလည်း မည်သည့်မိန်းမကို ချည်နှောင်ထားခြင်း မရှိပေ။မည်သည့် ဆွေမျိုးသားချင်း

ကမ္ဘာလည်း မည်သူတစ်ဦးတစ်ယောက်ကိုမှ ချည်နှောင်ထားခြင်း မရှိပေ။ ရွှေတွင် ကြိုးမရှိပေ။ငွေတွင် ကြိုးမရှိပေ။အိမ်တွင် ကြိုးမရှိပေ။ ဆွေမျိုးဉာတကာနှင့်လည်းကောင်း၊ ရွှေနှင့်လည်းကောင်း၊ ငွေနှင့် လည်းကောင်း၊ အိမ်နှင့်လည်းကောင်း ချည်နှောင်ထားခြင်းသည် မြည်း၏အတွင်းသန္တာန်၌ရှိသည့်အရာက ချည်နှောင်ထားခြင်းမျိုး ဖြစ်သည်။ကမ္ဘာလောက၌ အခြားချည်နှောင် ခြင်းမျိုး မရှိပေ။

* * *

သူတောင်းစားတစ်ယောက်သည် ဂင်္ဂါမြစ်ကမ်းပါး၌ထိုင်ပြီး ဖြတ်သန်းသွားလာသူများထံက ပိုက်ဆံတောင်းနေသည်။လက်ထဲတွင် ပိုက်ဆံထည့်သည့် ခွက်တစ်ခွက်ကိုင်ထားသည်။စေတနာရှင်များ ပေးကမ်းစွန့်ကြဲသွားသော ပိုက်ဆံကို ခွက်ထဲ၌ပင် ထည့်ထားသည်။

ယင်းသူတောင်းစား ထိုနည်းထိုပုံဖြင့် ပိုက်ဆံကောင်းလာခဲ့သည်မှာ နှစ်ပေါင်းများစွာ ကြာသွားပြီ။ဆောင်းတွင်းဖြစ်စေ နွေကာလဖြစ်စေ မိုးရွာမရှောင် နေပူမရှောင် ထိုနေရာ၌ထိုင်ပြီး ရောက်လာသမျှ ခရီးသွားထံမှ ခွက်ထိုးခံ တောင်းခံခြင်းသည် သူ၏ နိစ္စဓူဝအလုပ်ဖြစ်သည်။ညနေ နေဝင်မိုးချုပ်ချိန်ကျမှ ဖုတ်ဖက်ခါပြီး ပြန်သွားသည်။ ယင်းသူတောင်းစား ဘယ်ကလာပြီး ဘယ်ပြန်သွားသည်ကို မည်သူမှ မစပ်စုကြပေ။

သို့သော်လည်း ထိုသူတောင်းစားသည် အခြားသူတောင်းစားများလို အငမ်းမရ တောင်းရမ်းတာမျိုးလည်း မရှိပေ။စေတနာရှင်များ မပေးကမ်းပါက ထမင်းငတ်ပြီး သေရပါတော့မည်ဆိုသည့် အပြောမျိုးလည်း မပြောပေ။သူ့ရှေ့ လူတစ်ယောက်ယောက် ရောက်လာလျှင် ခွက်ကို ထိုးပေးသည်။ပါးစပ်က တောင်းသည့် ရမ်းသည့် စကားမျိုးလည်း တစ်ခွန်းမှ မပြောပေ။

တစ်နေ့သောအခါ၌ ထိုသူတောင်းစားရှေ့ လူတစ်ယောက် ရောက်လာသည်။ထိုသူ၏ အဝတ်အစားနှင့် ပုံပန်းအမူအရာများကို ကြည့်ရသည်မှာ ပိုက်ဆံရှိသည့်အထဲက လူတစ်ယောက်ဟု မှတ်ထင်ရသည်။သူတောင်းစားက သူ့ရှေ့ ခွက်ထိုးပေးလိုက်သည်။

ထိုလူသည် သူတောင်းစားကိုကြည့်ပြီး မရမ်းချဉ်သီးတစ်လုံး ဝါးစားလိုက်သည့်အခါ ဖြစ်ပေါ်လာသည့် မျက်နှာပုံသဏ္ဍာန်မျိုး ဖြစ်သွား

ပြီးလျှင် အိတ်ထဲက ပိုက်ဆံ ဆယ်ပြားနှိုက်ပြီး သူတောင်းစားရှေ့ မပေးချင် ပေးချင်နှင့် ပစ်ပေးလိုက်သည်။

သူတောင်းစားသည် ထိုလူပစ်ပေးလိုက်သော ပိုက်ဆံ ဆယ်ပြားကို ကောက်ယူပြီး ထိုလူ့ထံ ပြန်ပစ်ပေးလိုက်ပြီး "ကိုယ့်ပိုက်ဆံ ကိုယ်ပြန်ယူသွား၊ ခင်ဗျားလို ဆင်းရဲသားတစ်ယောက်ဆီက ပိုက်ဆံ ကျပ် မယူချင်ဘူး"ဟု ပြောလိုက် လေသည်။

ခြေလှမ်းလှမ်းနေသော ထိုလူ ခြေလှမ်းရပ်သွားပြီး သူတောင်းစား၏ အမူအရာကို လှမ်းကြည့်လိုက်သည်။ထိုအခိုက် ဓမ္မကျမ်းစာတစ်ခုထဲမှာ ဖတ်ဖူးသော စာပိုဒ်တစ်ပိုဒ် သွားသတိရသည်။ အလှူဒါန ပေးကမ်းလှူဒါန်းစဉ် မိမိကိုယ်ကို ပေးကမ်းလှူဒါန်းခြင်း မရှိသူ၏ အလှူဒါနသည် အချည်းအနှီးဖြစ်၏။စိတ်ကောင်း စေတနာ ကောင်း မရှိသူသည် ကုဋေကဋာ ကြွယ်ဝချမ်းသာနေသော်လည်း အဆင်းရဲတကာ့ အဆင်းရဲဆုံးလူ ဖြစ်၏။

* * *

အိန္ဒိယနှင့် မြန်မာသည် အိမ်နီးနားချင်းလည်း ဖြစ်သည်။ ဘဝတူချင်းလည်း ဖြစ်သည်။ကံတူအကျိုးပေးလည်း ဖြစ်သည်။ ဘာသာတရား၊ စာပေ၊ ယဉ်ကျေးမှုအရလည်း ရှေးယခင်ကပင် ဆက်စပ်မှု ရှိလာခဲ့သည်။ဗြိတိသျှတို့၏ ကျွန်ဘဝရောက်ရခြင်းသည်လည်း တစ်ပုံစံတည်းပင် ဖြစ်သည်။အိန္ဒိယက ဦးစွာ ဗြိတိသျှကိုလိုနီနိုင်ငံ ဈေးဦးပေါက်သွားပြီး မြန်မာက အိန္ဒိယ၏ နောက်ဆက်တွဲအဖြစ် ဗြိတိသျှကိုလိုနီနိုင်ငံဘဝ ရောက်သည်။စောစောပိုင်းက ဗြိတိသျှ အစိုးရသည် အိန္ဒိယနှင့် မြန်မာကို တစ်ပေါင်းတည်း အုပ်ချုပ်သည်။ထိုစဉ်က မြန်မာနိုင်ငံသည် အိန္ဒိယ၏ ပြည်နယ်တစ်နယ်လောက်သာ ဖြစ်ခဲ့သည်။

အိန္ဒိယဘုရင်ခံချုပ်၏ လက်အောက်ရှိ ဘုရင်ခံက မြန်မာနိုင်ငံ၌ အုပ်ချုပ်သည်။မြန်မာနှင့် အိန္ဒိယကို ပူးတွဲပြီး ဗြိတိသျှအစိုးရ အုပ်ချုပ်စဉ်က အိန္ဒိယလွှတ်တော်သို့ မြန်မာကိုယ်စားလှယ်များ တက်ရောက်ကြရသည်။ဝတ်လုံတော်ရ ဦးသိမ်းမောင်နှင့် သရာဇပါတီ ဦးတုတ်ကြီးတို့သည် အိန္ဒိယအစိုးရ လွှတ်တော်သို့ မြန်မာနိုင်ငံမှ တက်ရောက်ခွင့်ရကြသော ကိုယ်စားလှယ်များ ဖြစ်ကြသည်။ထိုအချိန်က အိန္ဒိယနိုင်ငံ၌ ကျင်းပသော လွှတ်တော်တွင် ဗုဒ္ဓဂါယာ၊ ဗုဒ္ဓဘာသာဝင်များ၏လက်ထဲ ပြန်ရောက်ရေး အဆိုတင်သွင်းကြသူများမှာ မြန်မာကိုယ်စားလှယ်များ ဖြစ်ကြသော ဦးသိမ်းမောင်နှင့် ဦးတုတ်ကြီးတို့ ဖြစ်ကြသည်။ယင်းနှစ်ဦးအနက် ဦးသိမ်းမောင်သည် နောက်ပိုင်းတွင် နိုင်ငံရေးလုပ်ရတာ ကသိုလ်တစ်ပဲ ငရဲတစ်ပိဿာဆိုပြီး နိုင်ငံရေးနယ်ပယ်ကို ကျောခိုင်းလျက် အုပ်ချုပ်ရေးနယ်ပယ်ထဲ ကူးပြောင်းလာသည်။အုပ်ချုပ်ရေးနယ်ပယ်၌ တရားဝန်ကြီးချုပ်တာဝန် ထမ်းဆောင်ရင်း ဆဌသင်္ဂါယနာတင်ချိန်က ဗုဒ္ဓသာသနာအဖွဲ့ ဥက္ကဋ္ဌအဖြစ် ဆောင်ရွက်ခဲ့သည်။သရာဇပါတီ

ဦးတုတ်ကြီးကမူ သရာဇကျေမ်းစာအုပ်ရေးသူ ဖြစ်သည်။မြန်မာစာအုပ်သမိုင်း၌ စောစီးစွာ ထွက်ပေါ်လာသော နိုင်ငံရေးကျမ်းတစ်ကျမ်းဖြစ်သည့် "သရာဇ"ကျမ်း၏ အမည်နှင့် "သရာဇပါတီ"၏ အမည်ကို ဦးတုတ်ကြီးသည် အိန္ဒိယလွတ်လပ်ရေးတိုက်ပွဲဝင်များ အိန္ဒိယနိုင်ငံ လွတ်လပ်ရေးအတွက် အသုံးပြုသော "ဆွရာဂျ" စကားလုံးကိုယူပြီး အသုံးပြုထားခြင်း ဖြစ်သည်။

"ဆွရာဂျ"၏ အဓိပ္ပာယ်မှာ "ကိုယ်ပိုင်အုပ်ချုပ်ရေး" သို့မဟုတ် "ကိုယ့်မင်းကိုယ့်ချင်း" ဖြစ်သည်။ထို့ကြောင့် ဦးတုတ်ကြီး၏ "သရာဇကျမ်း"လည်း အိန္ဒိယနိုင်ငံ လွတ်လပ်ရေးလှုပ်ရှားမှု၏ သြဇာလွှမ်းမိုးနေသည်ကို တွေ့ရသည်။

ဗြိတိသျှတို့၏ ကျွန်ဘဝမှ လွတ်မြောက်ရန်အတွက် ကြိုးပမ်းအားထုတ်သော အိန္ဒိယနိုင်ငံ နိုင်ငံရေးပါတီများအနက် ထိလည်းထိရောက် အဓိကလည်း ကျသော နိုင်ငံရေးပါတီမှာ ကွန်ဂရက်ပါတီဖြစ်ပြီး မြန်မာနိုင်ငံလွတ်လပ်ရေးအတွက် ကြိုးပမ်းအားထုတ်သော နိုင်ငံရေးပါတီများထဲက ကိုယ်ကျိုးမဖက် နိုင်ငံ့လွတ်လပ်ရေးအတွက် ရှပ်ရှပ်ချွံချွံ ဆောင်ရွက်သော နိုင်ငံရေးပါတီမှာ "တို့ဗမာအစည်းအရုံး" ဖြစ်သည်။တို့ဗမာအစည်းအရုံးဝင် သခင်များသည် "ငါတို့ ကျွန်မဟုတ်ဘူး၊ သခင်" ဆိုသည့် အဓိပ္ပာယ်ကို ဖော်ညွှန်းလိုသည့်အတွက် သခင်ဗသောင်း၊ သခင်ဗစိန်၊ သခင်အောင်ဆန်း စသည်ဖြင့် နာမည်၏ရှေ့တွင် သခင်တပ်ခေါ်ထားကြခြင်း ဖြစ်သည်။

လွတ်လပ်ရေးတိုက်ပွဲဝင်စဉ်ကာလက နှစ်နိုင်ငံသည် တိုက်ပွဲဗျူဟာနှင့် ပတ်သက်ပြီး အမြင်ချင်း ဖလှယ်ကြသည်။အိန္ဒိယနိုင်ငံ လွတ်လပ်ရေးတိုက်ပွဲဝင် ခေါင်းဆောင်များဖြစ်ကြသော မဟတ္တမဂန္ဒီ၊ ဂျဝါဟလာနေရူး စသည်တို့သည် မြန်မာနိုင်ငံသို့ အကြိမ်ကြိမ် လာရောက်သည်။မြန်မာနိုင်ငံ လွတ်လပ်ရေးတိုက်ပွဲ ခေါင်းဆောင်များဖြစ်ကြသော ဦးဥတ္တမ၊ သခင်ဗစိန်၊ သခင်အောင်ဆန်း စသည်တို့သည် အိန္ဒိယနိုင်ငံ လွတ်လပ်ရေးတိုက်ပွဲ အတွေ့အကြုံရရှိရန်အတွက် အိန္ဒိယနိုင်ငံသို့ သွားရောက်ကြသည်။ဗြိတိသျှလက်အောက်မှ ရုန်းထွက်ပြီး လွတ်လပ်ရေးရရှိသော အချိန်ကာလလည်း နှစ်နိုင်ငံသည် မရှေးမနှောင်းပင် ဖြစ်သည်။

မြန်မာနိုင်ငံနှင့် အိန္ဒိယနိုင်ငံသည် လယ်ယာစိုက်ပျိုးရေး အဓိကထားသော နိုင်ငံချင်းလည်း တူညီသည်။ဗြိတိသျှအစိုးရ အုပ်ချုပ်စဉ်က နှစ်နိုင်ငံ လယ်သမားများနှင့် အလုပ်သမားများသည် ဗြိတိသျှအစိုးရ၏ ဖိနှိပ်ချုပ်ချယ်မှု အခံရဆုံးဖြစ်

၍ မိမိတို့နိုင်ငံ၏ လွတ်လပ်ရေးတိုက်ပွဲတွင် ကြီးမားသော အခန်းကဏ္ဍက ပါဝင်ကြသူများ ဖြစ်ကြသည်။ဗြိတိသျှအစိုးရ၏ ဖိနှိပ်ချုပ်ချယ်မှုအောက်၌ နင်းပြားဘဝရောက်နေကြသော အလုပ်သမား၊ လယ်သမားများဘက်က မားမားမတ်မတ်ရပ်သူများထဲတွင် ဘဝသရုပ်ဖော် စာရေးဆရာများလည်း ပါဝင်သည်။အိန္ဒိယဝတ္ထုရေးဆရာများလည်း ပါဝင်သည်။အိန္ဒိယဝတ္ထုရေးဆရာ ပရမ်ကျန်သည် အိန္ဒိယပြည်သူ့ဘဝ၊ အထူးအားဖြင့် တောင်သူလယ်သမားဘဝကို ရေးသားရာ၌ ပြောင်မြောက်သည့်အတွက် ထင်ပေါ်ကျော်ကြား လူသိများသော စာရေးဆရာ ဖြစ်သည်။ ဗာရာဏသီမှ မိဂဒါဝုန်အသွား ဗာရာဏသီမြို့ကအထွက် လမ်းဘေးတွင် ပရမ်ကျန်၏ ကျောက်ရုပ်ထု လုပ်ထားသည်။

ပရမ်ကျန်၏ ဝတ္ထုများထဲတွင် ဂိုဒါန်ဝတ္ထုသည် အိန္ဒိယ လယ်သမားဘဝကို ပီပြင်စွာ ဖော်နိုင်စွမ်းရှိသဖြင့် ကျော်ကြားနေသော ဝတ္ထုဖြစ်သည်။ထို့အတူပင် မြန်မာနိုင်ငံ လွတ်လပ်ရေးတိုက်ပွဲ၌ အဓိကအခန်းက ပါဝင်ခဲ့သော တောင်သူလယ်သမား၏ဘဝကို အောင်မြင်စွာ ဖော်ထုတ်သောဝတ္ထုမှာ “ငဘ”ဖြစ်သည်။ “ငဘ”ဝတ္ထုရေးသူသည် သူ၏ သရုပ်ဖော်ဟန် ရေးဟန်များကြောင့် မြန်မာစာရေးဆရာလောက၌ ထင်ပေါ်ကျော်ကြားနေသော မောင်ထင်ဖြစ်သည်။ပရမ်ကျန်၏ ဂိုဒါန်ဝတ္ထုသည် အိန္ဒိယ လယ်သမားဘဝကို သရုပ်ဖော်ရာ၌ အောင်မြင်မှုရှိသောကြောင့် အိန္ဒိယ ဘာသာစကားများဖြင့်သာမက ပြည်ပဘာသာစကားများဖြင့်လည်း ဘာသာပြန်ဆို ထုတ်ဝေထားရသောဝတ္ထု ဖြစ်နေသည်။ထိုနည်းအတူပင် မောင်ထင်၏ “ငဘ”သည်လည်း မြန်မာလယ်သမားဘဝကို ပီပြင်စွာ ဖော်ထုတ်ရေးသားထားသောကြောင့် ပြည်တွင်း၌သာမက ပြည်ပဘာသာများဖြင့်ပင် ဘာသာပြန်ဆို ထုတ်ဝေထားရသောဝတ္ထု ဖြစ်နေသည်။

* * *

တရုတ် အတွေးအခေါ်ပညာရှင်တစ်ဦး ရှိသည်။သူ၏နာမည်မှာ ကျုဂတ်စီဟု ခေါ်သည်။တရုတ်ပညာရှင်ကြီးသည် တံငါတစ်ဦး မဟုတ်သော်လည်း တောထဲက ရေအိုင်တစ်အိုင်ဘေး၌ထိုင်ပြီး နက်နဲသည့် အတွေးအခေါ်များကို စဉ်းစားတွေးခေါ်နေရင်းက တစ်ခါတစ်ရံ ငါးမျှားလေ့ ရှိသည်။လူသူကင်းမဲ့သော တောအတွင်း၌ တိတ်ဆိတ်ငြိမ်သက်နေသည့်အခါများတွင် တရုတ်ပညာရှင်ကြီးသည် တစ်ကိုယ်တည်း ထိုင်ပြီး သမာဓိရအောင် လုပ်နေတတ်သည်။အနီးအပါးရှိ နွားကျောင်းသား၊ ကျွဲကျောင်းသားများက ပညာရှိကြီးကို တံငါတစ်ယောက်ဟု အထင်ရှိကြသော်လည်း မြို့ထဲရွာထဲ၌မူ ကျုဂတ်စီသည် အတွေးအခေါ်ပညာရှင်တစ်ယောက်အဖြစ် ထင်ပေါ်ကျော်ကြားနေသူ ဖြစ်သည်။ကျုဂတ်စီသည် လောကီ ဂုဏ်ပကာသနနှင့် စည်းစိမ်ဥစ္စာကို လုံးဝ မမက်မောပေ။

ထိုအချိန်က အုပ်ချုပ်မင်းလုပ်သော ဘုရင်မင်းကြီးသည် ကျုဂတ်စီ၏အကြောင်း ကြားသိရ၍ သူ၏အမတ်တစ်ဦးအား ပညာရှိကြီး ကျုဂတ်စီကို အရှာခိုင်းသည်။အမတ်ကြီးသည် ဘုရင်မင်းကြီး စေခိုင်းချက်အရ ကျုဂတ်စီကို လိုက်ရှာရာ ကျုဂတ်စီ နေလေ့ရှိသော တောအုပ်အတွင်း ရောက်လာသည်။အမတ်ကြီးသည် တောအုပ်အတွင်း ရေအိုင်ဘေးတွင် မလှုပ်မယှက် ထိုင်နေသော ကျုဂတ်စီကို တွေ့သွားသည်။ကျုဂတ်စီသည် လက်တစ်ဘက်ဖြင့် ဝါးချောင်း တစ်ချောင်းကိုင်ထားသည်။ဝါးချောင်း၏ တစ်ဘက်စွန်းမှာ ရေအိုင်ထဲ ရောက်နေသည်။ဝါးချောင်းမှာ ငါးမျှားတံ ဖြစ်သည်။သူ၏ကိုယ်ပေါ်တွင်မူ အရှက်လုံရုံလောက်သာ အဝတ်ဝတ်ထားသည်။

အမတ်ကြီးသည် ကျုဂတ်စီ၏ အခြေအနေကို တွေ့ရသော အခါ "ပညာရှိတစ်ဦးဖြစ်ပါလျက် ဒါလောက် ဆင်းရဲနေပါကလား"ဟု

စဉ်းစားမိသည်။အမတ်ကြီးက သူ့ကိုယ်သူ ဘုရင့်အမတ်ကြီးဖြစ်ကြောင်း ကျဂတ်စီကို ပြောပြလိုက်သည်။သို့ရာတွင် ကျဂတ်စီသည် အမတ်ကြီးကို လှည့်မကြည့်ဘဲ မလှုပ်မယှက် ဆက်လက်ထိုင်နေသည်။ဤတွင် အမတ်ကြီးက အသံမြှင့်ပြီး ပြောလိုက် ပြန်သည်။

"ပညာရှိကြီး ခင်ဗျား၊ ပညာရှိကြီးတစ်ဦးဖြစ်ပါလျက် ယခုလို ငါးမျှားနေတာ မသင့်တော်ပါဘူး။ပညာရှိကြီးလို ပုဂ္ဂိုလ်ဟာ အနေဆင်းရဲ အစားဆင်းရဲနဲ့ တောထဲမှာနေရမယ့်လူမျိုး မဟုတ်ပါဘူး။ ပညာရှင်ကြီးရဲ့ ဇရာဟာ ဘုရင့်နန်းတော်မှာသာ ရှိတယ်။ကျွန်ုပ်နှင့် နန်းတော်ကို လိုက်ခဲ့ပါ။နန်းတော်ကျရင် ဘုရင်မင်းကြီးက ပညာရှိကြီးကို မြှောက်စားပါလိမ့်မယ်။ဘုရင်မင်းကြီးက ပညာရှိကြီးကို စည်းစိမ်ဥစ္စာနဲ့ ရာထူးဂုဏ်ထူးတွေ ချီးမြှင့်မစပါလိမ့်မယ်"

ကျဂတ်စီက မည်သို့မျှ အဖြေမပေးဘဲ "အမတ်ကြီးကို ဇာတ်လမ်းတစ်ပုဒ် ပြောပြမယ်၊ နားထောင်မလား"ဟု မေးလိုက်သည်။

အမတ်ကြီး၏ သဘောတူညီချက် ရရှိသောအခါ ကျဂတ်စီက အမတ်ကြီးကို ရှေးကဖြစ်ခဲ့ဖူးသည့် ဇာတ်လမ်းတစ်ပုဒ် ပြောပြသည်။"လွန်ခဲ့တဲ့ အနှစ် ၃၀၀၀ လောက်က ဖြစ်ပျက်ခဲ့တဲ့ အဖြစ်အပျက်တစ်ခုဖြစ်တယ် အမတ်ကြီး။ဘုရင်တစ်ပါးက အကြံရတယ်။ပုစွန်ဟာ ရေထဲမှာ အမြဲနေတဲ့သတ္တဝါဖြစ်လို့ ပထဝီမြေကြီးရဲ့ အညစ်အကြေးတွေနဲ့ ဘယ်လိုမှ မပတ်သက်ဘူး။ဒါကြောင့် ပုစွန်ဟာ သန့်ရှင်းစင်ကြယ်ပြီး မြင့်မြတ်တဲ့သတ္တဝါ ဖြစ်တယ်။အဲဒီလို ပေါက်ပေါက်ရှာရှာ အကြံဖြစ်ပေါ်လာပြီး ဘုရင်မင်းကြီးက 'ငါ ကွယ်လွန်သွားတဲ့အခါ ရေအိုင်ထဲက ပုစွန်ကို ရွှေသေတ္တာထဲထည့်ပြီး ငါ့ဂူထဲမှာ ထားရမယ်။အဲဒီလိုလုပ်ရင် ငါလည်း မြင့်မြတ် စင်ကြယ်နေလိမ့်မယ်။အဲဒီပုစွန်လည်း ငါ့ဂူထဲမှာ အသက်ထက်ဆုံး ဂုဏ်သိက္ခာရှိရှိ နေသွားရလိမ့်မယ်'လို့ သေတမ်းစာ ရေးထားတယ်"

ကျဂတ်စီက ဆက်ပြောသည်။"တစ်နေ့ကျတော့ ဘုရင်မင်းကြီး ကွယ်လွန်သွားတယ်။အဲဒီအခါမှာ မှူးမတ်တွေက ဘုရင်မင်းကြီး ရေးထားတဲ့ သေတမ်းစာအတိုင်း ပုစွန်တစ်ကောင်ဖမ်းပြီး ရွှေသေတ္တာထဲထည့်ပြီး ဘုရင်မင်းကြီးရဲ့ သင်္ချိုင်းဂူထဲမှာ ဘုရင်

မင်းကြီးနဲ့အတူ ဂူသွင်းထားလိုက်ကြတယ်။လူတွေက တယ်ကံကောင်းတဲ့ ရွှေပုစွန်ပါလားလို့ ပုစွန်ကို ချီးကျူးကြတယ်”။ကျဂတ်စီ စကားဆုံးသောအခါ အမတ်ကြီးက သူ၏ထင်မြင်ချက်ကို ပြောပြသည်။ “အဲဒီဇာတ်လမ်း ကျွန်ုပ်လည်း ကြားဖူးပါတယ်။အဲဒီပုစွန်ဟာ ဘယ်မှာကံကောင်းလို့လဲ။သူ့ဟာသူ ရေထဲမှာနေရတာ အကောင်းသားနဲ့၊ အချိန်ကျမှ သူ့ဟာသူ သေရမှာဖြစ်တယ်။သေတဲ့အခါမှာလည်း မွှန်းကျပ်ပြီး သေရမှာ မဟုတ်ဘူး။အခုတော့ ချီးမြှောက်တာ ဂုဏ်ပြုတာခံရလို့ ပုစွန်ခမျာ မွှန်းကျပ်ပြီး သေသွားရတာဖြစ်တယ်”

အမတ်ကြီးစကားကို ကြားရသောအခါ ကျဂတ်စီက ရယ်ပြီး “အမတ်ကြီး၊ ကျုပ်ကိုလည်း အဲဒီကံဆိုးလှတဲ့ပုစွန်လို မွှန်းကျပ်ပြီး သေအောင် မလုပ်ချင်ပါနဲ့။ကိုယ့်ဟာကို အေးအေးနေပါရစေ”ဟု ပြောလိုက်သည်။

အမတ်ကြီးသည် ကျဂတ်စီ ဆိုလိုသည့်အဓိပ္ပာယ်ကို သိရှိနားလည်သွားပြီး ရှက်ရှက်နှင့် နောက်ကြောင်း ပြန်ဆုတ်သွားသည်။ အတွေးအခေါ်ပညာရှင်ကြီး ကျဂတ်စီကမူ တစ်ကိုယ်တည်း မည်သူ့ဂုဏ်ပြုခြင်းကိုမှ မမျှော်လင့်ဘဲ သူ့ဟာသူ တည်ငြိမ် ဣန္ဒြေရစွာ ဆက်လက်နေသည်။

* * *

မြို့တစ်မြို့၏ အပြင်ဘက်တွင် ရသေ့တစ်ပါး ရှိသည်။ရပ်ဝေး ရပ်နီးမှ လူများသည် ထိုရသေ့ထံလာပြီး မိမိတို့ ကြုံတွေ့နေရသော ပြဿနာများကို တင်ပြပြီးလျှင် ရသေ့ထံမှ အဖြေစကား ရယူကြသည်။ တစ်နေ့သောအခါ၌ သူဌေးတစ်ယောက် ရသေ့ထံလာပြီး "ရှင်ရသေ့၊ ကျွန်ုပ်မှာ ဘယ်လိုပစ္စည်းမျိုးမှ လိုနေတယ်လို့ မရှိဘူး။အားလုံး ပြီးပြည့်စုံနေပါတယ်။ဒါပေမဲ့ ကျွန်ုပ် စိတ်နှလုံး မငြိမ်းချမ်းဘူး။ဘယ်လိုပြုလုပ်ဆောင်ရွက်ရမယ်ဆိုတာ ညွှန်ကြားပြောပြပါ"ဟု လျှောက်ထားပြောပြသည်။

သူဌေးကြီး၏စကားကို ကြားရသောအခါ ရသေ့ကြီးသည် ဘာတစ်ခွန်းမှ မပြောဘဲ ထသွားသည်။သူဌေးကြီးကလည်း ရသေ့ကြီးနောက်က လိုက်သွားသည်။သင်္ချမ်းကျောင်း ထောင့်တစ်ထောင့်သွားပြီး ရသေ့ကြီးသည် မီးမွှေးပြီး မီးထဲတွင် ထင်းတစ်ချောင်းစီ တစ်ချောင်းစီ ထည့်လိုက်သည်။ထင်းများ ထည့်လိုက်သောအခါ မီးတဟုန်းဟုန်း ထတောက်သည်။

ယင်းရှုခင်းကို တွေ့မြင်ရသောအခါ သူဌေးကြီးသည် အကြီးအကျယ် စိတ်ပျက်သွားပြီး "ရှင်ရသေ့၊ ကျွန်ုပ်မေးတဲ့ ပြဿနာကို ဘာဖြစ်လို့ အဖြေပြန်မပေးသလဲ"ဟု မေးလိုက်သည်။သူဌေးကြီး၏ အမေးစကားကို ကြားရသောအခါ ရသေ့ကြီးက ပြုံးပြီး ပြောလိုက်သည်။ "မိုက်လှပါကလား သူဌေးကြီး၊ သူဌေးကြီးမေးတဲ့ ပြဿနာကို ကျုပ်အဖြေပေးနေတာ ဘယ်လောက်ကြာသွားပြီလဲ။စဉ်းစားကြည့်ပါ။ လူတိုင်းလူတိုင်းရဲ့ အတွင်းသန္တာန်မှာ မီးရှို့နေတယ်။အဲဒီမီးထဲ မေတ္တာစမ်းရေကြည် လောင်းထည့်လိုက်ရင် မေတ္တာစမ်းရေကြည်က စိတ်နှလုံးကို ငြိမ်းချမ်းသွားအောင်၊ ရွှင်လန်းချမ်းမြေ့လာအောင် လုပ်လိမ့်မယ်။ မိမိအတွင်းသန္တာန်ထဲမှာ နေ့ရောညပါ အခါမပြတ် ဒေါသ၊ လောဘ၊

မောဟ၊ မာန်မာန၊ တဏှာ ထင်းချောင်းတွေကို ထည့်နေမယ်ဆိုရင်တော့ အဲဒီ လောင်စာတွေဟာ စိတ်နှလုံးကို ငြိမ်းချမ်းမှုမရအောင်လုပ်ပြီး မီးအလျှံ ပိုမိုတောက်လာအောင် လုပ်ကြလိမ့်မယ်။စိတ်နှလုံးကို မငြိမ်းချမ်းအောင်ပြုလုပ်ပြီး မီးအလျှံ ပိုမိုတောက်လာအောင်လုပ်တဲ့ အဲဒီလောင်စာတွေကို မိမိအတွင်းသန္တာန်ထဲ ထည့်နေမယ်ဆိုရင် သူဌေးကြီးရဲ့ စိတ်နှလုံး ဘယ်နည်းနဲ့မှ ငြိမ်းချမ်းလာမှာ မဟုတ်ဘူး"

သူဌေးကြီးသည် မတင်မကျဖြစ်နေသော သူ၏ပြဿနာ အတွက် ရသေ့ကြီးထံမှ အဖြေစကား ရရှိသွားသည်။

* * *

# စတုတ္ထတန်းတွဲ မရှိလို့ တတိယတန်းတွဲ စီးတာ

ကိုလိုနီခေတ်က အိန္ဒိယနိုင်ငံ၌ ဖြစ်ပျက်ခဲ့သော အဖြစ်အပျက် တစ်ခု ဖြစ်သည်။တစ်ချိန်က အိန္ဒိယ အမျိုးသားခေါင်းဆောင်ကြီး မဟတ္တမဂန္ဒီသည် ဆင်းမလားမြို့၌ ကျင်းပပြုလုပ်သော အစည်းအဝေး တစ်ခုတက်ရန် ဆင်းမလားမြို့သို့ ရထားနှင့် သွားသည်။မဟတ္တမဂန္ဒီ သည် မီးရထားဖြင့် ခရီးသွားသည့်အခါ မည်သည့်အခါမှ ပထမတန်း၊ ဒုတိယတန်းတွဲများ၌ မစီးဘဲ တတိယတန်းတွဲ၌သာ စီးလေ့ရှိသည်။ တစ်ခါတုန်းကလည်း မီးရထားဖြင့် ခရီးသွားရာ တတိယတန်းတွဲ၌ ပါလာသော မဟတ္တမဂန္ဒီကို "ဂန္ဒီဂျီ ပထမတန်းတွဲ၊ ဒုတိယတန်းတွဲများ မှ မစီးဘဲ ဘာဖြစ်လို့ တတိယတန်းတွဲနှင့် ခရီးသွားနေရသလဲ"ဟု တစ်ယောက်က မေးသောအခါ ဂန္ဒီဂျီက "စတုတ္ထတန်းတွဲ မရှိလို့ တတိယတန်းတွဲစီးတာ၊ စတုတ္ထတန်းတွဲသာရှိရင် စတုတ္ထတန်းတွဲမှာ စီးမှာ"ဟု ပြန်ပြောခဲ့ဖူးသည်။

ယခုလည်း ဆင်းမလားမြို့သို့ ခရီးသွားစဉ် မဟတ္တမဂန္ဒီသည် ရထား တတိယတန်းတွဲခရီးသည် ဖြစ်လာသည်။ထိုအချိန်က အမေရိကန် သတင်းစာဆရာ ပရိစတန် ဂရိဘာလည်း ဂန္ဒီဂျီစီးသော ရထားတွင် လိုက်ပါလာသည်။အမေရိကန်သတင်းစာဆရာက စာရွက်ကလေးတစ် ရွက်တွင် စာရေးပြီး ဂန္ဒီဂျီကို မေးသည်။

စာတွင် "ဂန္ဒီဂျီခင်ဗျား၊ ဘာဖြစ်လို့ ပထမတန်းတွဲမှာ လိုက်ပါ မလာတာလဲ။ပထမတန်းတွဲနှင့် ခရီးသွားမယ်ဆိုရင် ဂန္ဒီဂျီ အိပ်ပြီး ချမ်းချမ်းသာသာ လိုက်ပါလာလို့ မရဘူးလား။ဂန္ဒီဂျီ ၂၄ နာရီလုံးလုံး တစ်မှေးမှအိပ်တာ မတွေ့ရဘူး။ဆင်းမလားမြို့ ရောက်သွားတဲ့အခါကျ တော့ ရွှင်ရွှင်လန်းလန်းမရှိဘဲ မောပန်းနေလိမ့်မယ်။အဲဒီလိုအခြေအနေ

မျိုးမှာ ဆင်းမလားမြို့မှာ လုပ်စရာအလုပ်များကို လုပ်တဲ့အခါကျတော့ ဂန္ဒီဂျီ တက်တက်ကြွကြွရှိမှာ မဟုတ်ဘူး။ပထမတွဲ စီးသွားတဲ့အတွက် ကျေးဇူးပိုရှိပါ လိမ့်မယ်”ဟု ရေးသားဖော်ပြထားသည်။

မဟာတ္တမဂန္ဒီက အမေရိကန်သတင်းစာဆရာ၏ စာပါ အကြောင်းအရာနှင့်ပတ်သက်ပြီး ပြန်လည်ဖြေကြားသည်။“အကျိုး လိုလားတဲ့ မိတ်ဆွေရဲ့စာကို ဖတ်ရတဲ့အတွက် ကျေးဇူးအများကြီး တင်ပါတယ်။ဒါပေမဲ့ ကျွန်ုပ်တို့ဘဝမှာ အပူထဲမှာ အရည်ပျော်သွားမယ် ဆိုရင် ပျော်သွားခွင့်ပေးပါ။ကံကြမ္မာရဲ့ အလှည့်အပြောင်းလိုပဲ သေချာတဲ့ သဘာဝ အလှည့်အပြောင်းဆိုတာ ရှိပါတယ်။ယခု အပူရဲ့နောက်ပိုင်း မှာ လတ်ဆတ်ရွှင်လန်းခြင်းကို သယ်ဆောင်လာမယ့် အအေးဖြစ်လာ ပါလိမ့်မယ်။သိတဲ့အတိုင်း ဆင်းမလားဟာ တောင်ပေါ်ဒေသဖြစ်တဲ့ အတွက် အေးတဲ့နေရာဌာန ဖြစ်တယ်။အိန္ဒိယနိုင်ငံနှင့် အမှန်ထိတွေ့ရတဲ့ အတွေ့အကြုံ ကျွန်ုပ် ယူပါရစေ”ဟု ပြန်ပြောလိုက်သည်။

ဂန္ဒီဂျီ၏ အဖြေစကားကြားရသောအခါ အမေရိကန် သတင်းစာဆရာ စောဒက မတက်နိုင်တော့ဘဲ ဂန္ဒီဂျီကို တအံ့တသြ ငေးမောကြည့်နေသည်။

* * *

ဂုရု ဂေါဝိန္ဒသည် အခါတစ်ပါး၌ သူ၏တရားနာပရိသတ်ကို တရားဟောကြားနေသည်။တပည့်တပန်းများကလည်း ဂုရု ဂေါဝိန္ဒ၏ တရားကို စိတ်ပါဝင်စားစွာ နားထောင်နေကြသည်။တရား အပြီးသတ်သွားသောအခါ ရေငတ်လာသည်ဖြစ်၍ ဂုရု ဂေါဝိန္ဒသည် သူ၏တပည့်များအား "သန့်သန့်ပြန့်ပြန့်လက်နဲ့ သောက်ရေတစ်ခွက်လောက် ခပ်ယူခဲ့ပါ"ဟု ပြောလိုက်လေသည်။

တပည့်တစ်ယောက်က အပြေးကလေးသွားပြီး ငွေရေခွက်ဖြင့် သောက်ရေတစ်ခွက် ခပ်ယူလာသည်။ရေခွက်ကို ဂုရု ဂေါဝိန္ဒအား လှမ်းပေးလိုက်သည်။

ဂုရု ဂေါဝိန္ဒသည် တပည့်ပေးသော ရေခွက်ကို လှမ်းယူလိုက်ပြီးလျှင် တပည့်၏လက်ကို အမှတ်မထင်ကြည့်ပြီး "ငါ့တပည့်လက်ကတယ် . . နူးညံ့ပါကလား"ဟု ပြောလိုက်သည်။

ဂုရုက သူ့ကို ချီးမွမ်းစကားပြောသည်ဟု အောက်မေ့သွားပြီး တပည့်ဖြစ်သူသည် အကြီးအကျယ် ဝမ်းသာအားရဖြစ်သွားပြီးလျှင် ဂုဏ်ယူဝင့်ကြွားစွာဖြင့် ပြန်ပြောလိုက်သည်။

"ဂုရုကြီးခင်ဗျာ၊ ကျွန်ုပ် ဘာအလုပ်မှ မလုပ်ရပါဘူး။အိမ်မှာ အခိုင်းအစေ အများကြီးရှိပါတယ်။ကျွန်ုပ် ခိုင်းစေတာကို အဆင်သင့် လုပ်ပေးကြတယ်။အခိုင်းအစေတွေက ကျွန်ုပ် မျက်နှာရိပ် မျက်နှာကဲကိုပဲ ကြည့်နေကြတယ်။ကျွန်ုပ် ခိုင်းမယ် မကြံသေးဘူး သူတို့က လုပ်ပြီးနေကြပြီး။အဲဒါကြောင့် ကျွန်ုပ်လက်တွေ ယခုလောက် နူးနူးညံ့ညံ့ဖြစ်နေတာပါ"

ဂုရု ဂေါဝိန္ဒသည် ရေသောက်ဖို့ ရေခွက်ကို ပါးစပ်ဖြင့် တေ့ရုံရှိသေး၊ တပည့်၏စကားကို ကြားရသည့်အတွက် ရေမသောက်သေးဘဲ ပြောလိုက်သည်။

"သူတစ်ပါးအကျိုး တစ်ခါမှ မဆောင်ရွက်ဘူးတဲ့အတွက်၊ တစ်ခါမှ ပင်ပင်ပန်းပန်း အလုပ်မလုပ်ဘူးသည့်အတွက်၊ တစ်သက်လုံး ပေါ်ကြော့နေခဲ့တဲ့အတွက် လက်ဖဝါးနူးညံ့နေတဲ့လူရဲ့လက်ကို ဘယ်လို လုပ်ပြီး သန့်ပြန့်စင်ကြယ်တဲ့လက်လို့ ခေါ်လို့ရမလဲ"

ဂုရု ဂေါဝိန္ဒက ခဏနားပြီး ဆက်ပြောပြန်သည်။"စင်ကြယ် သန့်ရှင်းမှုဆိုတာ သူတစ်ပါးအကျိုးအတွက် အလုပ်ကို လုပ်မှ၊ ပင်ပင် ပန်းပန်း အလုပ်လုပ်မှ ရတာမျိုး ဖြစ်တယ်။ဘာအလုပ်မှ မလုပ်ဘဲ ဇိမ်ခံနေတဲ့လူအနေနှင့် ရတာမျိုး မဟုတ်ဘူး"

ယင်းသို့ပြောပြီးလျှင် ဂုရု ဂေါဝိန္ဒသည် ရေမသောက်တော့ဘဲ ရေခွက်ကို ချထားလိုက်သည်။

* * *

ဘုရင်တစ်ပါးသည် လူငယ်တစ်ယောက်အား စွန့်စွန့်စားစား ဆောင်ရွက်ပေးမှုအတွက် တိုင်းပြည်၏ အကြီးမားဆုံး ဂုဏ်ထူးဆောင်ဆုတစ်ခု ချီးမြှင့်ရန် ကြေညာလိုက်လေသည်။သို့သော်လည်း လူငယ်သည် ဘုရင်မင်းကြီး ချီးမြှင့်မည့်ဆုကို လက်ခံလိုစိတ် မရှိပေ။ဘုရင်မင်းကြီးက ထိုလူငယ်ကိုခေါ်ပြီး "မင်း ဘာအလိုရှိသလဲ။မင်းလိုတာ ဘာမဆို ငါပေးဖို့ အဆင်သင့်ပဲ။မင်း စွမ်းစွမ်းတမံ ကြိုးပမ်းဆောင်ရွက်တဲ့အလုပ်ဟာ ငါပေးမယ့်ဆုတွေနဲ့ မထိုက်တန်ဘူးဆိုတာတော့ ငါနားလည်ပါတယ်"ဟု ပြောသည်။

လူငယ်က ပြန်ပြောသည်။"ခွင့်လွှတ်တော်မူပါ အရှင်မင်းကြီး၊ ကျွန်တော်မျိုး ငွေအသပြာ သို့မဟုတ် ရာထူးဂုဏ်ထူး ချီးမြှင့်မစတာကို အလိုမရှိရိုး အမှန်ပါ။ကျွန်တော်မျိုး အလိုရှိတာကတော့ စိတ်နှလုံး ငြိမ်းချမ်းမှု ဖြစ်ပါတယ် အရှင်မင်းကြီး"

လူငယ်၏စကားကြားရသောအခါ ဘုရင်မင်းကြီး နှာခေါင်းကျည်ပွေ့တွေ့သွားသည်။"မင်းက အင်မတန် ဆန်းပြားတဲ့ အရာဝတ္ထုကို တောင်းတာကိုး။ငါ့ဆီမှာ မရှိတဲ့ အရာဝတ္ထု မင်းကို ဘယ်လိုလုပ်ပေးနိုင်ပါ့မလဲ။အင်း . . တစ်ခုတော့ရှိတယ်၊ ရသေ့ တပသီတစ်ပါးကို ငါ သိတယ်။အဲဒီရသေ့ တပသီကတော့ မင်းတောင်းတဲ့ စိတ္တသုခ စိတ်နှလုံး ငြိမ်းချမ်းမှုကို ပေးနိုင်ကောင်း ပေးနိုင်ပါလိမ့်မယ်"

ယင်းသို့ပြောပြီးလျှင် ဘုရင်မင်းကြီးသည် လူငယ်ကို ရသေ့ တပသီ၏ သင်္ခမ်းကျောင်းသို့ ခေါ်သွားသည်။ရသေ့ တပသီကို ဖူးတွေ့ရသည့်အခါ ရသေ့ တပသီသည် စိတ်ရွှင်လန်းချမ်းမြေ့ပြီး ငြိမ်းချမ်းမှု အပြည့်ရှိသည့် အသွင်လက္ခဏာဆောင်နေသည်။ဘုရင်မင်းကြီးက ရသေ့ တပသီကို အကျိုးအကြောင်း လျှောက်ထားပြောပြလိုက်သည်။

"ဒီလူငယ်ဟာ သူတစ်ပါး မဆောင်ရွက်နိုင်တဲ့အလုပ်ကို စွမ်းစွမ်းတမံ ဆောင်ရွက်သူ ဖြစ်ပါတယ်။သူ့ကြိုးပမ်းဆောင်ရွက်မှုအတွက် ငွေအသပြာနှင့် ရာထူး ဂုဏ်ထူးဆု ပေးပါတယ်။ဒါပေမဲ့ လူငယ်က အဲဒီရုပ်ဝတ္ထုဆုများကို လက်ခံလိုစိတ် မရှိဘဲ စိတ်နှလုံးငြိမ်းချမ်းမှုပေးပါလို့ တောင်းဆိုနေပါတယ်။ကျွန်ုပ်ကိုယ်တိုင်က စိတ်နှလုံးငြိမ်းချမ်းမှုပိုင်ရှင် မဟုတ်တဲ့အတွက် သူတောင်းတဲ့ဆုကို ပေးစွမ်းနိုင်ခြင်း မရှိ ဖြစ်နေပါတယ်။အဲဒါကြောင့် လူငယ်ကို ရှင်ရသေ့ထံ ခေါ်လာရခြင်း ဖြစ်ပါတယ်။ရှင်ရသေ့ လူငယ်အလိုရှိတဲ့ စိတ်နှလုံး ငြိမ်းချမ်းမှု ချီးမြှင့်ပေးဖို့ တောင်းပန်ပါတယ်"

"အရှင်မင်းကြီး ငြိမ်းချမ်းမှုဆိုတာ ပေးလို့ယူလို့ရတဲ့ဟာမျိုး မဟုတ်ဘူး။ကိုယ်တိုင်ရအောင် ကြိုးစားအားထုတ်ယူရတာမျိုး ဖြစ်ပါတယ်။သူတစ်ပါးက ပေးလို့မရတဲ့ ပစ္စည်းမျိုးဖြစ်တဲ့အတွက် သူတစ်ပါးဆီက လုယူလို့ မရဘူး။ငြိမ်းချမ်းမှုကို လိုချင်ရင် ကိုယ်တိုင်ယူမှ ရပါတယ်"

* * *

တစ်ခါတုန်းက အိန္ဒိယသူတော်စင်ကြီး ကျေတနယသည် ဂျာဂနာထ ဘုရားလှည့်လည်ပွဲကို ကြည့်နေသည်။ဘုရားလှည့်လည်ပွဲ ကြည့်နေသော လူထုပရိသတ်ကြီးမှာ ကြက်ပျံမကျ စည်ကားနေသည်။ ဘုရားလှည့်ပွဲ လာကြည့်သော မိန်းမတစ်ယောက်သည် ဘုရားပွဲလှည့် လာသော ဘုရားကျောင်းဆောင်ထဲက ဘုရားရုပ်တုကို မမြင်ရဘဲ ဖြစ် နေသည်။ခြေဖျားထောက်၍ ကြိုးစားကြည့်သော်လည်း အရပ်ပုနေသည် ဖြစ်၍ အားမလိုအားမရ ဖြစ်နေသည်။

ထိုမိန်းမသည် ခြေထောက်တစ်ဘက်ဖြင့် တိုင်တစ်တိုင်၏ အုတ်ခုံဖိနပ်ပေါ် လှမ်းတက်လိုက်သောအခါ အရပ်မြင့်သွားသည်ဖြစ်၍ ဘုရားလှည့်ပွဲကို လှမ်းမြင်ရသည်။သို့သော်လည်း ခြေထောက်တစ်ဘက် တည်းနှင့် ရပ်နေရသဖြင့် သူ့ကိုယ်သူ ထိန်းမထားနိုင်ပေ။လဲကျသွားမှာ စိုးသည့်အတွက် အနီး၌ ရပ်ကြည့်နေသော ကျေတနယ သူတော်စင်ကြီး ၏ ပခုံးကို လှမ်းကိုင်လိုက်သည်။ဘုရားပွဲလှည့်လာသော ဘုရား ကျောင်းဆောင်ထဲက ဘုရားကို အပြည့်အဝ စိတ်ရှိလက်ရှိ ဖူးလိုက်ရ သောကြောင့် ထိုမိန်းမသည် အကြီးအကျယ် အားရဝမ်းသာဖြစ်သွား သည်။

ထိုအချိန်၌ ကျေတနယ သူတော်စင်ပုဂ္ဂိုလ်ကြီး၏ဘေးတွင် ရပ်နေသော သူ့တပည့်ကြီးတစ်ဦးဖြစ်သော ဂေါဝိန္ဒက သူ အမြတ်တနိုး လေးစားကြည်ညိုသော ပုဂ္ဂိုလ်ကြီး၏ပခုံးကို မိန်းမတစ်ယောက်က ကိုင် ရပါမလားဆိုပြီး ထိုမိန်းမကို အကြီးအကျယ် မာန်မဲကြိမ်းမောင်းနေ သည်။ထိုအခါ ကျေတနယ သူတော်စင်ကြီးက သူ့တပည့်အား အလွန် တရာ အနှစ်သာရနှင့် ပြည့်စုံသော ဆုံးမစကားကို ပြောဆိုသည်။

"ဂေါဝိန္ဒ၊ အဲဒီလို မလုပ်ပါနဲ့၊ ဂျဂနာထဘုရားကို ဖူးတွေ့ဖို့

အတွက် ဒီ အမိန့်တူတဲ့အမျိုးသမီး ငါ့ပခုံးကို အကူအညီယူတာ မဟုတ်လား၊ ဒီ ဘာမှမဟုတ်တဲ့ ငါ့ကိုယ်ခန္ဓာဟာ ဘုရားကြည်ညိုသူ တစ်ယောက်အတွက် အသုံးကျသွားတယ်ဆိုတာ ငါ့အတွက် နည်းနည်းနောနော ကုသိုလ်ကံထူးတာ မဟုတ်ဘူး"

စိတ်ထားနှလုံးထား ကြီးကျယ်မြင့်မြတ်သူ သူတော်စင် ပုဂ္ဂိုလ်ကြီး ကျောတနယ၏ ရှေ့မှောက်၌ တပည့်ဖြစ်သူ ဂေါဝိန္ဒ ဦးမချဘဲ နေ၍ မရတော့ပေ။

* * *

# ဆာတာ အရေးကြီးသလား
# အရသာ အရေးကြီးသလား

တစ်ခါတုန်းက ရာဟုလာသံကိစ္စည်းသည် သူ့မိတ်ဆွေတစ်ဦး၏အိမ် ရောက်သွားသည်။မိတ်ဆွေ၏အိမ်၌ တခြားဧည့်သည်နှစ်ယောက်လည်း ရောက်နေသည်။အိမ်ရှင်က ဧည့်သည်တွေအတွက် ပဲထမင်းချက်ကျွေးသည်။ရာဟုလာသံကိစ္စည်းက ပဲထမင်း စစားသည်။တခြားဧည့်သည်နှစ်ယောက်လည်း ပဲထမင်းစားကြသည်။ဧည့်သည်များသည် ပဲထမင်းစားရင်း ရာဟုလာသံကိစ္စည်းကို လှမ်းကြည့်ကြသည်။ပဲထမင်းထဲတွင် ဆားထည့်ချက်ဖို့ မေ့နေသည့်အတွက် ပဲထမင်းထဲတွင် ဆားလုံးဝမပါဘဲ ဖြစ်နေသည်။

ရာဟုလာသံကိစ္စည်းသည် ဘာမှမပြောဘဲ ပဲထမင်းကို သာ ငံ့စားနေသည်ကို တွေ့ရ၍ ဧည့်သည်များက ရာဟုလာသံကိစ္စည်း ပဲထမင်းကို ဘယ်လိုများ စားနေသလဲဟု အံ့အားသင့်နေကြသည်။

"ရာဟုလာဂျီခင်ဗျာ၊ ရာဟုလာဂျီစားတဲ့ ပဲထမင်းထဲမှာ ဆားပါတယ်ထင်တယ်။ဘာမှမပြောဘဲ စားနေတယ်။ကျွန်တော်တို့စားတဲ့ ပဲထမင်းထဲမှာတော့ ဆား လုံးဝမပါဘူး"

ရာဟုလာသံကိစ္စည်းက ပြန်ပြောသည်။

"ပဲထမင်းထဲမှာ ဆားပါသလား မပါဘူးလားဆိုတာ ကျုပ်သတိမပြုမိဘူး။ပဲထမင်းစားနေတုန်း ကျုပ်အာရုံက တခြားရောက်နေတယ်။စာပေနဲ့ပတ်သက်တဲ့ ပြဿနာအထုံးအဖွဲ့တစ်ခုဆီ အာရုံရောက်သွားတယ်။အဲဒီအထုံးအဖွဲ့ကို ဘယ်လိုဖြေရှင်းရင် ရမလဲလို့ စဉ်းစားနေတာနဲ့ ဆားပါတာ မပါတာ မတွေးမိတော့ဘူး"

ရာဟုလာသံကိစ္စည်းက ဆက်ပြောသည်။

"ကျုပ်အတွက် ဗိုက်ပြည့်ဖို့ကိစ္စမှာ လျှာအရသာခံတာ အရေး မကြီးဘူး။အရေးကြီးတာက ဆာသလား မဆာဘူးလားဆိုတာပဲ ဖြစ်တယ်"

ရာဟုလာသံကိစ္စည်းသည် အများနှင့်မတူသော လူထူး လူဆန်း ဖြစ်သည်။လူထူးလူဆန်း ပုဂ္ဂိုလ်ကြီးထံမှ ထူးထူးဆန်းဆန်း အတွေးအခေါ်ပါသော စကားကို ကြားရသောအခါ အိမ်ရှင်နှင့် ဧည့်သည်များအားလုံး အံ့သြငေးမောသွားကြသည်။

* * *

သားယောက်ျား မထွန်းကားသော ဘုရင်တစ်ပါး၏ မိဖုရားနှစ်ပါးသည် တစ်ချိန်တည်းတွင် သားတော်နှစ်ပါးကို ပြိုင်တူမွေးဖွားလာသည်။အချိန်တန် အရွယ်ရောက်လာသော သားတော်နှစ်ပါးထဲက တစ်ပါးပါးကို အိမ်ရှေ့အရာအပ်နှင်းဖို့ ရှိလာသောကြောင့် ဘုရင်မင်းကြီးသည် သားတော်နှစ်ပါးကို စမ်းသပ်စစ်ဆေးကြည့်သည်။

သားတော်နှစ်ပါး၏ လက်ထဲသို့ ခိုတစ်ကောင်စီထည့်ပြီး "သားတော်တို့ ယခု ခမည်းတော်ပေးတဲ့ ခိုကို ယူသွားကြ။ပြီးတော့ ဘယ်သူမှ မမြင်မတွေ့ရတဲ့ နေရာတစ်နေရာရာမှာ ခိုကိုသတ်ပြီး ပြန်ယူလာခဲ့ကြ။အဦးဆုံးပြန်လာတဲ့ သားတော်ကို ထီးနန်းအပ်မယ်"ဟု ဘုရင်မင်းကြီးက အမိန့်ပေးလိုက်သည်။

သားတော်တစ်ယောက်သည် ကရုဏာခေါင်းပါးပြီး ရက်စက်ကြမ်းကြုတ်သူ ဖြစ်သည်။ဘုရင့်မျက်ကွယ် ရောက်သွားသည်နှင့် သူယူလာသောခိုကိုသတ်ပြီး ဘုရင်မင်းကြီးထံ ချက်ချင်းယူလာပြီး ပေးသည်။ဒုတိယ သားတော်ကမူ သနားကြင်နာတတ်သူ ဖြစ်သည်။ အသက်ရှင်နေသည့် ခိုကိုပင် ယူပြီး ဘုရင်မင်းကြီးထံ ပြန်လာပြီးလျှင် ကွယ်ဝှက်ခြင်းမရှိဘဲ ရိုးရိုးသားသားပင် ပြောပြသည်။

"သားတော် ဒီခိုသတ္တဝါကို အသက်ဆုံးရှုံးသွားအောင် မလုပ်နိုင်ပါဘူး။ခမည်းတော်က ဘယ်သူမှ မမြင်မတွေ့ရတဲ့နေရာမှာ ခိုကို သတ်ပြီး ယူလာခဲ့ရမယ်လို့ ပြောပါတယ်။ဘုရားသခင် ရှိမနေတဲ့နေရာကို ဘယ်မှာမှ သားတော် ရှာမတွေ့ပါဘူး။လူတစ်ယောက်မှမရှိတဲ့ နေရာမှတ်ပြီး နေရာတစ်ရာမှာ ခိုကိုသတ်မယ်ဆိုရင် တခြားလူမတွေ့တောင် ဘုရားသခင်ကတော့ တွေ့မှာအမှန်ပဲ။အဲဒါကြောင့် ခိုကိုမသတ်ဘဲ ခမည်းတော်ထံ ပြန်ယူခြင်းဖြစ်ပါတယ်"

ဘုရင်မင်းကြီးသည် ဒုတိယသားတော်ကို အိမ်ရှေ့အရာ အပ်နှင်းလိုက်သည်။သားတော်သည် ဘုရားသခင်၏ မျက်မှောက်၌ ပြည်သူပြည်သားများနှင့် ပတ်သက်ပြီး မည်သည့်အခါမှ တရားပျက် သည့်အလုပ်မျိုး လုပ်လိမ့်မည်မဟုတ်ဟူ၍ စိတ်ချယုံကြည်သွားသော ကြောင့် ဖြစ်သည်။

* * *

လူတစ်ယောက်သည် သူတော်စင်တစ်ယောက်ထံသွားပြီး "ကျွန်တော့်ကို အဆုံးအမ ဩဝါဒပေးပါ"ဟု တောင်းပန်သည်။ သူတော်စင်က "ငါ မင်းကိုပေးမယ့် အဆုံးအမ ဩဝါဒက ဒီကနေ့ကစပြီး မင်း ဘယ်သူ့ကိုမှ အဆုံးအမ ဩဝါဒပေးပါလို့ မတောင်းဆိုနှင့်လို့ဆိုတဲ့ အဆုံးအမ ဩဝါဒဖြစ်တယ်"

သူတော်စင်ပုဂ္ဂိုလ် ပြောပြချက်ကို ကြားရသောအခါ ထိုပုဂ္ဂိုလ်သည် တအံ့တဩဖြစ်သွားပြီး "ဒီသူတော်စင်ထံ ဆည်းကပ်လို့ အကျိုးဘာမှထူးမှာ မဟုတ်ဘူး"ဟု တွေးတောလျက် ထပြန်မည်လုပ်စဉ် သူတော်စင်က မေးလိုက်သည်။

"မပြန်ပါနှင့်ဦး၊ ငါ မေးတာကို တဆိတ်ပြန်ဖြေစမ်းပါ။မှန်တာပြောတာ ကောင်းသလား မကောင်းဘူးလား"

"ကောင်းပါတယ်"

မေးခွန်းတစ်ခု ပေါ်လာပြန်သည်။

"သူတစ်ပါးဥစ္စာ ခိုးယူတာ မှန်သလား မမှန်ဘူးလား"

အဖြေ ပြန်ရသည်။

"မမှန်ပါဘူး"

သူတော်စင်က မေးခွန်းတစ်ခု ထပ်မေးပြန်သည်။

"အချိန်ကာလကို အကျိုးရှိအောင် အသုံးချသင့်သလား မချသင့်ဘူးလား"

အဖြေစကား ကြားရသည်။

"အကျိုးရှိအောင် အသုံးပြုသင့်ပါတယ်"

ယင်းကဲ့သို့ မေးခွန်းပေါင်းများစွာနှင့် ပတ်သက်ပြီး သင့်လျော်မှန်ကန်သော အဖြေကိုရရှိသောအခါ သူတော်စင်က ပြောပြန်သည်။

"မင်း ဘာမဆို အားလုံး သိရှိနားလည်တယ်။ဆုံးမဩဝါဒ စကားကို နားထောင်နေစရာ မလိုပါဘူး။မင်း ဘယ်လိုကျင့်သုံး ရမယ်ဆိုတာ နားလည်တယ်။ဒါပေမဲ့ ဘယ်လိုကျင့်သုံးရမယ်ဆိုတာကို နားလည်တဲ့အတိုင်း အလုပ်မလုပ်တာ တစ်ခုပဲရှိတယ်။ဘဝမှာ ကျင့်သုံး လိုက်နာသင့်တာတွေကို လိုက်နာဖို့ လိုတယ်။ကျင့်သုံးလိုက်နာထိုက်တာ တွေကို လိုက်နာကျင့်သုံးတဲ့အတွက် အကျိုးဖြစ်ထွန်းမှု ရှိလာနိုင်တယ်။ ဆုံးမဩဝါဒစကားတွေကို နားထောင်နေရရုံနဲ့ အကျိုးဖြစ်ထွန်းမှု ရှိမလာနိုင်ဘူး"

* * *

သူတော်စင်ကြီးတစ်ဦးသည် သူ၏တပည့်အချို့နှင့် ရွာတစ်ရွာမှ ထွက်လာသည်။လမ်းခရီးတစ်နေရာရောက်လာသောအခါ ကျင်းဆယ်ကျင်းလောက် တူးထားသည်ကို တွေ့ရသည်။ကျင်းများ၏အနီး၌ လူတစ်ယောက်သည်း ခြေပစ်လက်ပစ်ထိုင်နေသည်။ထိုလူကို တွေ့ရသောအခါ သူတော်စင်ကြီးနှင့် ပါလာသူ တပည့်တစ်ယောက်က "ဒီလူ ဘာဖြစ်လို့ မောကြီးပန်းကြီးနဲ့ ထိုင်နေတာလဲ။ဒီကျင်းတွေကို သူ ဘာကိစ္စနဲ့ တူးထားတာလဲမသိဘူး"ဟု သူတော်စင်ကြီးကို မေးသည်။သူတော်စင်ကြီးက ခြေပစ်လက်ပစ်နှင့် ထိုင်နေသူနှင့် ကျင်းတွေကိုကြည့်ပြီး သူ့တပည့်များကို ပြောပြသည်။

"ဒီလူ ရေတွေ့လိုတွေ့ငြား မြေကြီးကို တူးကြည့်တာ ဖြစ်လိမ့်မယ်။ ကျင်းတစ်ကျင်းတူးကြည့်ပြီး ရေမတွေ့တော့ နောက်ကျင်းတစ်ကျင်း ထပ်တူးတယ်။အဲဒီကျင်းကလည်း ရေထွက်မလာဘူး။အဲဒီလိုနဲ့ ရေထွက်လာတာ မတွေ့ဘာနဲ့ နောက်တစ်ကျင်းထပ်တူးရင်း ထပ်တူးရင်းနဲ့ ကျင်းတွေဒါလောက်များလာတာ ဖြစ်ပါလိမ့်မယ်။ဒါလောက်များတဲ့ကျင်းတွေ တူးပေမယ့် ရေထွက်မလာတော့ ခြေကုန်လက်ပန်းကျပြီး ထိုင်နေတာဖြစ်မယ်။သူ့ကို ရေတစ်ခွက်လောက် တိုက်လိုက်ပါ"

တပည့်တစ်ဦးက မောကြီးပန်းကြီးနှင့် ထိုင်နေသူကို ရေတစ်ခွက် သွားတိုက်လိုက်သည်။သူတော်စင်ကြီးက ဆက်ပြောသည်။

"ဒီလူ ဇွဲရှိတဲ့လူလည်း မဟုတ်ဘူး၊ စဉ်းစားဉာဏ်ရှိတဲ့လူလည်း မဟုတ်ဘူး။ဒါလောက်ကျင်းတွေ တစ်ကျင်းပြီးတစ်ကျင်း တူးမယ့်အစား အဲဒီကျင်းတွေ ဘူးတဲ့ ခွန်အားကိုပဲ စိုက်ထုတ်ပြီး တစ်ကျင်းတည်းကိုတူးရင် ရေထွက်တာ ကြာပြီ။ ဘယ်အလုပ်မျိုးလုပ်လုပ် ဇွဲရှိဖို့လည်း လိုတယ်။စဉ်းစားဉာဏ်ရှိဖို့လည်း လိုတယ်။ ဇွဲလည်း ရှိမှ၊ စဉ်းစားဉာဏ်လည်း ရှိမှ ကိုယ်လုပ်တဲ့အလုပ် အောင်မြင်ထမြောက်မှာ သေချာတယ်"

သူတော်စင်ကြီးနှင့် သူ့တပည့်များသည် ကျင်းတွေအများကြီး တူးသော်လည်း ရေထွက်မလာသည့်အတွက် စိတ်ပျက်လက်ပျက်နှင့် ထိုင်နေသော လူကို ထားခဲ့ပြီး ရှေ့ခရီးဆက်သွားကြသည်။

* * *

မင်းဂေါပြည်နယ်ရှိ နာမည်ကျော် တရားသူကြီးတစ်ဦးဖြစ်သူ ရှရီနီလ်မာဓဝ ဗန္ဓောပါဒြသည် တရားစီရင်သည့်နေရာ၌ မှန်ကန်ဖြောင့်မတ်ပြီး တရားမှုကို ချစ်မြတ်နိုးသည့်အတွက် ထင်ပေါ်ကျော်ကြားနေသူတစ်ဦး ဖြစ်သည်။ အမှုများ ကြားနာစစ်ဆေးပြီး စီရင်ချက်ချချိန်၌ မည်သည့်အခါမျှ တည်ကြည်ဖြောင့်မတ်မှုနှင့် ဆင်ခြင်စဉ်းစားဉာဏ်ကို ပစ်ပယ်ပြီး မတရားမှုကို ပြုလေ့မရှိပေ။

ယင်းကဲ့သို့သော ပုဂ္ဂိုလ်ကြီးသည် အသက်အရွယ်ကြီးရင့် အိုမင်းလာချိန်၌ သေခြင်းတရားနှင့် ရင်ဆိုင်လာရသောအခါ ထိတ်လန့်တုန်လှုပ်ခြင်း အလျဉ်းမရှိတော့ပေ။သို့သော်လည်း သေရာညောင်းစောင်း၌ လဲလျောင်းနေသော အငြိမ်းစား အဘိုးအို တရားသူကြီး၏မျက်နှာတွင် အခံရခက်သည့် ဝေဒနာတစ်မျိုး ပေါ်နေသည်ကို တွေ့ရသောအခါ တပည့်တပန်းများနှင့် ဆွေမျိုးသားချင်းများသည် ခြေမကိုင်မိ လက်မကိုင်မိ ဖြစ်ကုန်ကြသည်။

ဆွေမျိုးသားချင်းများက အဘိုးအို တစ်စုံတစ်ခု ဘဝင်မကျ ဖြစ်နေသည်ကို ရိပ်မိသွားကြသည်။ဆွေမျိုးသားချင်းထဲက တစ်ယောက်က အဘိုးအိုကို ဖွင့်ဟမေးလိုက်သည်။

"အဘ၊ လုပ်ကိုင်ဆောင်ရွက်ပေးစရာ ကိစ္စရှိရင် ဘာမဆို ပြောပြပါ၊ ကျွန်တော်တို့ လုပ်ကိုင်ဆောင်ရွက်ပေးပါ့မယ်"

နီလ်မာဓဝဗာဗူက အားယူပြီး တစ်လုံးချင်း ပြောပြသည်။

"လွန်ခဲ့တဲ့ ငါးနှစ်ခန့်က ငါ ငွေငါးထောင် အသက်အာမခံ ထားခဲ့တယ်။ ဆရာဝန် စစ်ဆေးတဲ့အခါ လုံးဝကျန်းမာပါတယ်လို့ ငါ အစစ်ခံခဲ့တယ်။ဒါပေမဲ့ အဲဒီအချိန်မတိုင်ခင်ကပဲ ငါ ဆီးချိုရောဂါ စွဲကပ်နေတယ်။ဆီးချိုရောဂါ ဖြစ်နေတာကို ဖုံးကွယ်ပြီး မမှန်မကန် ပြောခဲ့တယ်။အဲဒီပြစ်မှုအတွက် နောင်တရပြီး ငါ အခု စိတ်မချမ်းမသာ ဖြစ်နေရတာကွဲ့။ငါဟာ နှစ်ပေါင်းများစွာ တရားသူကြီး လုပ်လာခဲ့တယ်။တရားမှန်ကန်မှုအတွက် နာမည်ရသူတစ်ယောက် ဖြစ်ခဲ့တယ်။ဒါပေမဲ့

ကိုယ်ရေးကိုယ်တာ ကိစ္စကျတော့ ငါ လိမ်ညာပြောခဲ့တယ်။မမှန်မကန် လုပ်ခဲ့တယ်။ အခု အကြီးမားဆုံး တရားသူကြီးရဲ့ရှေ့မှောက် ရောက်လာချိန်ကျတော့ ဟိုတစ်ချိန်က ကျူးလွန်ခဲ့တဲ့ အဲဒီပြစ်မှုအတွက် ငါ့စိတ် မသိုးမသန့်ဖြစ်နေရတယ်"

တအောင့်လောက်နားပြီး အဘိုးကြီးက ဆက်ပြောသည်။"အဲဒီ အသက်အာမခံငွေကို ထုတ်မပေးဖို့ ငါ ပြောချင်တယ်။အသက်အာမခံ ကုမ္ပဏီကလူတွေကို ခေါ်ပေးကြပါ။ငါရော ငါ့သားသမီးတွေအနေနဲ့ရော ပိုင်ဆိုင်ခွင့် လုံးဝမရှိတဲ့ငွေကို မတရားတဲ့ နည်းလမ်းမမှန်ကန်တဲ့နည်းလမ်းနဲ့ ငါ့အမွေခံ အမွေစားတွေအတွက် ငါ ပေးမထားခဲ့ချင်ဘူး"

အငြိမ်းစား တရားသူကြီး နီလ်မာဓဝ၏ တိုက်တွန်းချက်အရ အသက်အာမခံကုမ္ပဏီမှ ကိုယ်စားလှယ်ကို ခေါ်လာခဲ့ကြသည်။အသက်အာမခံ ကိုယ်စားလှယ်အား အဖြစ်မှန်ကို ပြောကြားလျက် အသက်အာမခံငွေကို ထုတ်မပေးရန် ပြောသောအခါ အသက်အာမခံ ကိုယ်စားလှယ်က အံ့သြသွားပြီး ပြောသည်။

"အဲဒီလို လုပ်တာဟာ လုပ်ရိုးလုပ်စဉ်ပါ။အသက်အာမခံထားတဲ့ လူတိုင်းလိုလို အဲဒီလို လုပ်ကြတာပါပဲ။အဲဒီကိစ္စနဲ့ပတ်သက်ပြီး ဦးကြီး စိတ်စနိုးစနောင့်ဖြစ်နေစရာ မလိုပါဘူး"

နီလ်မာဓဝဗာဗူက လက်မခံပေ။

"တခြားလူတွေအတွက် တရားတဲ့အလုပ် လုပ်တယ်ဆိုတာဟာ အင်မတန် ကြီးကျယ်မြင့်မြတ်တဲ့ အလုပ်ကြီးတစ်ခု ဖြစ်ပါတယ်။ဒါပေမဲ့ မိမိအကျိုးကို ပစ်ပယ်ပြီး မိမိနဲ့ပတ်သက်တဲ့ကိစ္စမှာ မှန်မှန်ကန်ကန်လုပ်တာက ပိုပြီး တရားမှုရဲ့ မှတ်ကျောက်ဖြစ်တယ်။နိဂုံးချုပ်ချိန်မှာ မိမိကိစ္စနဲ့စပ်လျဉ်းပြီး မှန်ကန်မှု တရားမှုပြုလုပ်လိုတဲ့အသိ နိုးကြားပေါ်ပေါက်လာပြီး တရားချိန်ခွင်ကို တစ်ဘက်စောင်းနင်းမဖြစ်အောင် လုပ်တဲ့ကိစ္စမှာ အောင်မြင်မှုရရှိတဲ့အတွက် ကျုပ် သေပျော်ပါပြီ။ကျုပ်ရဲ့ ဘဝကူးခရီးဟာလည်း ငြိမ်းငြိမ်းချမ်းချမ်းနဲ့ အောင်မြင်ထမြောက်ပါတော့မယ်"

ယင်းသို့ပြောပြပြီးလျှင် နီလ်မာဓဝ ဗာဗူ၏ မျက်နှာတွင် အမှန်တကယ်ပင် အားရဝမ်းသာဖြစ်သွားသည့် အမူအရာ ပေါ်လာသည်။မရဏာ ဝေဒနာသည် နီလ်မာဓဝ ဗာဗူ၏ ပကတိ ပီတိအရိပ်အရောင်ကို မှေးမှိန်ပျောက်ကွယ်သွားအောင် မစွမ်းဆောင်နိုင်ပေ။

* * *

ဦးဘခင်သည် နိုင်ငံတကာ၌ ကျော်ကြားနေသော ဝိပဿနာ ပြဆရာ ဖြစ်သည်။ထင်ရှား အကျော်ကြားဆုံးနိုင်ငံမှာ မြန်မာနိုင်ငံ ဖြစ်သည်။မြန်မာနိုင်ငံ၌ ဝိပဿနာရိပ်သာများ အများအပြားရှိသည်။ယင်း ဝိပဿနာရိပ်သာများထဲက ဝိပဿနာနှင့် ပတ်သက်ပြီး နိုင်ငံတကာအထိ ကျော်ကြားနေသော ဝိပဿနာရိပ်သာတစ်ခုမှာ ဦးဘခင်၏ နိုင်ငံတကာ ဝိပဿနာရိပ်သာ ဖြစ်သည်။နိုင်ငံတကာ ဝိပဿနာရိပ်သာ တည်ထောင်သူမှာ ဦးဘခင် ဖြစ်သည်။

ဦးဘခင်၏ အကြီးမားဆုံး ဂုဏ်ထူးဝိသေသတစ်ခုမှာ အလုပ်ကြိုးစားလုပ်ခြင်း ဖြစ်သည်။၇၂ နှစ်မျှသော ရှည်လျားလှသည့် ဘဝတစ်လျှောက်လုံး မောပန်းခြင်းမရှိဘဲ အလုပ်ကြိုးစားလုပ်ကိုင်ခြင်းအားဖြင့် အချိန်ကုန်လွန်လာခဲ့သူ ဖြစ်သည်။ချို့တဲ့နွမ်းပါးသော မိသားစု၌ မွေးဖွားလာခဲ့ရသော်လည်း ဦးဘခင်သည် ဘဝတစ်လျှောက်လုံး လောကီရေး လောကုတ္တရာရေး နှစ်ရပ်စလုံး၌ ဝီရိယအခြေခံပြီး ကြိုးပမ်းအားထုတ်လာသောကြောင့် အောင်မြင်မှုသရဖူဆောင်းခဲ့သော ပုဂ္ဂိုလ် ဖြစ်သည်။

ဦးဘခင်သည် လွတ်လပ်သော မြန်မာနိုင်ငံ၏ ပထမဦးဆုံး ငွေစာရင်းမင်းကြီး ဖြစ်သည်။ဦးဘခင်၏ ကြီးမားသော ဂုဏ်ထူးဝိသေသတစ်ခုမှာ အမှန်တရားကို မြတ်နိုးခြင်းဖြစ်သည်။ရိုးသားဖြောင့်မတ်ခြင်းသည်လည်း ဦးဘခင်၏ ဂုဏ်ထူးဝိသေသတစ်ခု ဖြစ်သည်။

၁၉၄၂ ခုနှစ်၊ ဖေဖော်ဝါရီလ သို့မဟုတ် မတ်လအချိန်လောက်က ဖြစ်သည်။ဂျပန်စစ်တပ်သည် ရန်ကုန်နှင့် တောင်ငူကို သိမ်းပိုက်ပြီးနောက် မြန်မာနိုင်ငံမြောက်ပိုင်းသို့ ချီတက်နေသည်။အင်္ဂလိပ်အစိုးရသည် ရန်ကုန်မြို့ကို အလျင်အမြန် စွန့်ခွာလျက် အိန္ဒိယနိုင်ငံသို့ တိမ်းရှောင်

ထွက်ပြေးသွားသည်။ထိုအချိန်က ဦးဘခင်သည် မန္တလေးဘူတာ၏ ငွေစာရင်းအရာရှိဖြစ်၍ မန္တလေး၌ပင် နေထိုင်သည်။တစ်နေ့တွင် ဂျပန်တို့က မန္တလေးမြို့ကို ဗုံးအကြီးအကျယ်ကြဲသည်။ဗုံးဒဏ်ခံရသော ကြောင့် ဘူတာရုံနှင့်တကွ မီးရထားရုံးလည်း ပျက်စီးသွားသည်။ နိုင်ငံခြားသား မီးရထားအရာရှိများအားလုံး မန္တလေးကို စွန့်ခွာပြီး ပြင်ဦးလွင် (မေမြို့)နှင့် လားရှိုးသို့ ထွက်ပြေးကြသည်။လားရှိုးမှ လေယာဉ်ဖြင့် အိန္ဒိယသို့ ထွက်ပြေးရန် စီစဉ်နေကြသည်။ဦးဘခင်ကမူ မန္တလေး၌ ပင် ရှိနေသည်။

ဗုံးကြဲပြီးနောက် အချိန် အခိုက်အတန့် အေးသွားသောအခါ ဦးဘခင်သည် ပျက်စီးသွားသော မီးရထားရုံးကို သွားရောက်စစ်ဆေး ကြည့်ရှုသည်။မီးလောင်သွားသော ပစ္စည်းများ၏ကြားထဲတွင် ရုံးငွေသေတ္တာ သူ့နဂိုအတိုင်းရှိနေသည်ကို တွေ့ရသည်။သူ၏ လက်ထဲတွင် သော့ရှိသည်။အမှိုက်ပုံကို ဘေးဖယ်လျက် ငွေသေတ္တာကို ဖွင့်ကြည့်လိုက်သောအခါ သေတ္တာထဲတွင် မီးရထားငွေတိုက်က ငွေများ ရှိနေသည်ကို တွေ့ရသည်။ထိုငွေမှာ အစိုးရပိုင် ငွေဖြစ်သည်။ဦးဘခင် အနေနှင့် ထွက်ပြေးသွားသော အစိုးရအား ပြန်ပေးရမည်ဖြစ်သည်။ ယင်းကဲ့သို့ အခြေအနေပြောင်းလဲသွားသော နိုင်ငံ၏လက်ပြကြီးထဲတွင် မီးရထားငွေတိုက်က ငွေအကြောင်း ဘယ်သူကမှ မေးမည်မဟုတ် ကြောင်းနှင့် ထွက်ပြေးသွားသော ပိုင်ရှင်အနေနှင့်လည်း လာမေးတော့ မည် မဟုတ်ကြောင်းကို ဦးဘခင် သိသည်။သို့ရာတွင် ဦးဘခင်သည် ယင်းငွေများထဲက တစ်ပြားတစ်ချပ်မျှပင် ယူထားဖို့ စိတ်ကူးထဲ၌ပင် မရှိပေ။

ထိုအချိန်၌ သူ့အိမ်တွင် သူ၏သမီးငယ် မမာမကျန်း ဖြစ်နေ သည်။သမီးအတွက် ဆေးဖိုးဝါးခ လိုအပ်နေသည်။သို့ရာတွင် သူ၏ စိတ်နှလုံးထဲတွင်ရှိသော သူ၏တာဝန်ဝတ္တရားက သတိပေးနေသည်။ ဦးဘခင်သည် ချက်ချင်း ဂျစ်ကားဖြင့် ပြင်ဦးလွင် (မေမြို့)သို့ လိုက်သွား ပြီး သူ့အထက်က အရာရှိအား ငွေအားလုံး ပေးလိုက်သည်။ပြီးမှပင် စိတ်နှလုံးထဲက အလုံးကြီးကျသွားပြီး မိသားစုကို ကြည့်ရှုစောင့်ရှောက် ရန် မန္တလေး ပြန်လာခဲ့သည်။

ယင်းအဖြစ်အပျက်မှာ အမှန်တရားကို လေးစားသော လူတစ်ယောက်၏ ရိုးသားမှုကို ပျက်ပြားမသွားစေသော သာဓကတစ်ရပ် ဖြစ်သည်။ဦးဘခင်၏ ဘဝတစ်လျှောက်လုံး၌ ယင်းကဲ့သို့ အမှန်တရားကို မြတ်နိုးသော လူတစ်ဦးတစ်ယောက်၏ ရိုးသားမှုကို မထိပါးစေသော အပြုအမူ အဖြစ်အပျက်မျိုး အပြည့်ရှိနေသည်။

ဦးဘခင်သည် ရန်ကုန်မြို့၊ အင်းယားမြိုင်၌ နိုင်ငံတကာ ဝိပဿနာရိပ်သာကြီးကို ဖွင့်လှစ်တည်ထောင်ထားပြီး ပြည်တွင်းပြည်ပမှ ယောဂီပုဂ္ဂိုလ်များအား ဝိပဿနာ ပွားများနည်းကို သင်ကြားပြသခဲ့သည်။ဦးဘခင်၏ ဝိပဿနာရိပ်သာသို့ နှစ်စဉ်နှစ်တိုင်း နိုင်ငံခြားမှ ဝိပဿနာ ပွားများအားထုတ်လိုသူများ လာရောက်ကြရာ မြန်မာနိုင်ငံ၌ ရှိသော ဝိပဿနာရိပ်သာများထဲတွင် ဦးဘခင်၏ တရားရိပ်သာသည် နိုင်ငံခြားသားများ အများဆုံး လာရောက်တရားထိုင်သော တရားရိပ်သာ ဖြစ်သည်။

အင်္ဂလိပ်အစိုးရ၊ ဂျပန်အဝင် စပ်ကူးမပ်ကူးကာလ ငွေစာရင်းအရာရှိအဖြစ်နှင့် ပြုမူခဲ့သော မန္တလေးဘူတာရုံ ငွေတိုက်သေတ္တာထဲက ငွေကို မိမိအကျပ်အတည်း ရှိနေစေကာမူ တစ်ပြားမှ ယူမထားဘဲ ပိုင်ရှင်အား ပြန်လည်အပ်ခြင်းသည် ဦးဘခင်၏ အမှန်တရားကို လိုလားသော ရိုးသားမှုပြယုဂ် ဖြစ်သည်။ထို့အတူပင် ယခုအချိန်တွင် နိုင်ငံတကာ တိုင်းပြည်များ၌ ဝိပဿနာဆရာကြီးအဖြစ် ကျော်ကြားနေသော ဦးဘခင်၏တပည့် ဦးဂိုအင်ကာ၏ နိုင်ငံတကာ တရားပြလုပ်ငန်းများ ကလည်း ဦးဘခင်၏ ဓမ္မနှင့်ပတ်သက်သော အောင်မြင်မှုကို ဖော်ပြနေသည့် သက်သေသာဓကကြီးတစ်ရပ် ဖြစ်နေသည်။

* * *

# တရားမှု မြတ်နိုးသောဘုရင်

ဗာဗာအမည်ရှိ မဂိုဘုရင်ကြီး၏ ဖခမည်းတော်၊ ဆမရကန္ဒပြည့်ရှင် ဘုရင်အုမာရှေ့ခ်သည် အလွန်တရာရိုးသားသည်။တရားမှုကို လေးစားမြတ်နိုးသည်။မတရားမှုကို အဝေးကရှောင်သည်။

တစ်ချိန်တွင် တရုတ်ခရီးသည် အုပ်စုတစ်စုသည် အရှေ့ဒေသမှ အနောက်ဘက်ဒေသသို့ ခရီးထွက်ကြသည်။သို့သော်လည်း ဝမ်းနည်းစရာကောင်းသည်မှာ တရုတ်ခရီးသည် အုပ်စုထဲက တချို့ နှင်းမုန်တိုင်းမိပြီး အသက်ဆုံးရှုံးသွားကြသည်။

နှင်းမုန်တိုင်းဒဏ်ကြောင့် ပြန်လမ်းမရှိ ဖြစ်သွားကြသော တရုတ်ခရီးသည်တချို့၏ ငွေကြေးများနှင့် ပစ္စည်းဥစ္စာများသည် ဘုရင်အုမာရှေ့ခ်၏ တိုင်းပြည်နယ်စပ်၌ ကျန်ရစ်ခဲ့သည်။အုမာရှေ့ခ်သည် ကွယ်လွန်သွားသူ တရုတ်ခရီးသည်အချို့၏ ငွေကြေးခနနှင့် ပစ္စည်းဥစ္စာ ကျန်ရစ်ခဲ့သောနေရာ၌ စစ်သည် တပ်သားများကို အစောင့်ချထားသည်။

အကယ်၍ အုမာရှေ့ခ်ကသာ စိတ်ရှိလျှင် သူ့တိုင်းပြည်နယ်စပ်၌ ကျန်ရစ်ခဲ့သော အသက်ဆုံးရှုံးသွားသူများ၏ ငွေကြေးခနနှင့် ဥစ္စာပစ္စည်းများကို ဘုရင့်အစိုးရ ဘဏ္ဍာတော်အဖြစ် သိမ်းယူလိုကလည်း သိမ်းယူနိုင်သည်။သို့မဟုတ်ကလည်း မရှိဆင်းရဲသားများအားလည်း ဝေခြမ်းပေးလိုကလည်း ပေးနိုင်သည်။သို့မဟုတ် ကိုယ်ပိုင်ပစ္စည်းအဖြစ် သိမ်းယူလိုကလည်း သိမ်းယူနိုင်သည်။သို့သော်လည်း ယင်းသို့မလုပ်ဘဲ တရုတ်ပြည်သို့ အကြောင်းကြားစာ ပို့လိုက်သည်။

တစ်နှစ်လောက် ကြာသွားသောအခါကျမှ ကွယ်လွန်သွားသူ တရုတ်ခရီးသည်တချို့၏ သက်ဆိုင်သူများ ကွယ်လွန်သွားသူများ၏ ငွေကြေးခနနှင့် ပစ္စည်းဥစ္စာများကို လာယူကြသည်။အုမာရှေ့ခ်သည်

ထိုအချိန်ထိ ပျောက်ပျက်သွားခြင်းမရှိဘဲ သူ ဂရုတစိုက် စောင့်ရှောက်ထားသော ဥစ္စာဓနနှင့် ပစ္စည်းဥစ္စာများကို သက်ဆိုင်သူများအား အသာတကြည် ပြန်လည်ပေးအပ်လိုက်သည်။

ဘုရင်အုမာရှေ့ခ်လို လူမျိုးကို ထမင်းထုပ်ထမ်းပြီး လိုက်ရှာသော်လည်း တွေ့ချင်မှ တွေ့လိမ့်မည်။

* * *

# တစ်သက်လုံး
# ချမ်းချမ်းမြေ့မြေ့နေသွားနည်း

သူတော်စင်ကြီး ကေနာထသည် သူ၏တပည့်များနှင့်အတူ ထိုင်နေစဉ် တပည့်တစ်ဦးက သူ၏ဂုရု ကေနာထအား "ဂုရုကြီးကို တွေ့ရတာ အစဉ်သဖြင့် ရွှင်လန်းချမ်းမြေ့နေတာချည်းပဲ တွေ့နေရတယ်။ ဘယ်လိုလုပ်ပြီး ရွှင်ရွှင်လန်းလန်း ချမ်းချမ်းမြေ့မြေ့နေတယ်ဆိုတာ သိပါရစေ"ဟု မေးမြန်းသည်။ထိုအခါ သူတော်စင်ကြီး ကေနာထက ပြန်ပြောလိုက်သည်။

"ငါ့အကြောင်းကို မေးမနေပါနဲ့။ဒီကနေ့ ငါ မင်းအကြောင်းကို ပြောပြမယ်"

"ကျွန်ုပ်အကြောင်း ဟုတ်လား"

တပည့်က သူ့ဆရာဂုရုကို မေးမြန်းသောအခါ ကေနာထက ပြန်ပြောသည်။

"ဟုတ်တယ်။မင်းအကြောင်း ပြောပြမယ်။ဒီကနေ့ကစပြီး ခုနစ်ရက်ရောက်တဲ့နေ့မှာ မင်း သေလိမ့်မယ်"

သူတော်စင်ကြီး၏ အနာဂတ်ဟောကိန်းကို ကြားရသည်ဖြစ်၍ တပည့်ဖြစ်သူသည် အကြီးအကျယ် စိတ်မကောင်းဖြစ်သွားသည်။ ဆရာ၏ အနာဂတ်ဟောကိန်းသည် တပည့်အပေါ်တွင် အလွန်တရာ သြဇာသက်ရောက်မှု ဖြစ်သွားသည်။ထိုနေ့ကစပြီး တပည့်ဖြစ်သူ၏ အပြုအမူ အနေအထိုင်တွင် အံ့သြဖွယ်ကောင်းလောက်အောင် ပြောင်းလဲသွားသည်။သူ၏ဇနီးနှင့် သားသမီးများသည် သူ၏ ပြောင်းလဲသွားပုံကို တွေ့ရသောအခါ တအံ့တသြဖြစ်သွားသည်။အိမ်နီးနားချင်းများကလည်း ထိုပုဂ္ဂိုလ် ပြောင်းလဲသွားပုံကို တွေ့မြင်သိရှိရသည်။

ခုနစ်ရက်မြောက်နေ့ ညနေအချိန်၌ သူတော်စင်ကြီး ကေနာထ၏တပည့်သည် သူ့ဇနီးကို ပြောလိုက်သည်။"ဒီကနေ့ဟာ ငါသေမယ့်

နေ့ ဖြစ်တယ်။ငါ့အတွက် လျှော်ဖွပ်ပြီးသား အဝတ်တစ်စုံ ယူလာခဲ့ပါ။ ငါ ရေချိုးပြီး ဝတ်ရမယ်"

ဧကနာထ၏တပည့်သည် ရေမိုးချိုးပြီးသောအခါ အိမ်ခန်းထဲတွင် လဲလျောင်းနေသည်။ထိုအချိန်၌ ရုတ်တရက် သူတော်စင်ကြီး ဧကနာထ ရောက်လာပြီး သူ့တပည့်ကို မေးလိုက်သည်။

"ကုန်ခဲ့တဲ့ ခုနစ်ရက်အတွင်း မင်း ဘယ်လိုနေခဲ့သလဲ"

"ကျွန်ုပ် ဘယ်သူ့အပေါ်မှလည်း ဒေါသမထွက်ဘူး။ဘယ်သူ့ကိုမှလည်း အမုန်းမပွားဘူး။မောက်မောက်မာမာစကားမျိုးကိုလည်း မပြောဘူး။အားလုံးနဲ့ ချစ်ချစ်ခင်ခင် ရည်ရည်မွန်မွန်ပဲ ဆက်ဆံပြီး နေတယ်"

သူ့တပည့်၏စကားကို ကြားရသောအခါ ဧကနာထက ပြန်ပြောသည်။

"မချွတ်ဖြစ်လာမယ့် မရဏတရားကို မေ့မေ့ပျောက်ပျောက် ဖြစ်နေကြတဲ့ သူတွေဟာ လောဘ၊ ဒေါသ၊ မစ္ဆရိယစတဲ့ တရားများနဲ့ လုံးထွေးရစ်ပတ် ဖြစ်နေကြတယ်"

ထိုအချိန်မှစပြီး တပည့်ဖြစ်သူသည် ဆရာ၏ ရွှင်ရွှင်လန်းလန်း ချမ်းချမ်းမြေ့မြေ့ နေနည်းထိုင်နည်းကို သိရှိသွားသည်။

* * *

အဘွားအိုတစ်ယောက်သည် အမြဲမပြတ် "ဘဂဝန်"(ဘုရားသခင်)ကို အာရုံပြုနေသည်။မိမိကိုယ်တိုင် ချက်ပြုတ်ထားသော စားဖွယ်များကို ဘဂဝန်အား ကပ်လှူရန် စိတ်စောနေသည်။တစ်နေ့သ၌ ဘဂဝန်က အဘွားအိုအား "နက်ဖြန်ခါ အဘွားကြီးကိုယ်တိုင် ချက်ပြုတ်ထားတဲ့ စားဖွယ်များကို ငါ သုံးဆောင်မယ်"ဟု အိပ်မက်ပေးသည်။အိပ်မက်ထဲတွင် ဘဂဝန် အမိန့်ရှိသော စကားကိုကြားရ၍ အဘွားအိုသည် အကြီးအကျယ် ဝမ်းသာအားရ ဖြစ်သွားပြီးလျှင် မိမိကိုယ်တိုင် ချက်ပြုတ်ပြီး ဘဂဝန်အား စားဖွယ်ကပ်လှူရန် ဆုံးဖြတ်လိုက်သည်။

ဈေးထဲက ချက်စရာပြုတ်စရာများကိုဝယ်ပြီး အိမ်ပြန်လာသောအခါ အဘွားအိုသည် အိမ်ရှေ့က ကပြင်ပေါ်တွင် အဘိုးကြီးနှင့် အဘွားကြီးလင်မယား ထိုင်နေသည်ကို တွေ့ရသည်။အဘိုးကြီးနှင့် အဘွားကြီး လင်မယားတို့၏ ဝတ်ထားသော အဝတ်အစားများကလည်း ဈေးအထပ်ထပ် အဖာအထေးများကလည်း ဗရပွနှင့်။နှစ်ယောက်စလုံး ဆံပင်ဖွေးဖွေးဖြူနေသည်။အအေးဒဏ် မခံနိုင်သည့်အတွက်ကြောင့်လည်း ခိုက်ခိုက်တုန်နေကြသည်။

အဘိုးကြီးက ပြောသည်။

"အမေ၊ ကျုပ်တို့ ထမင်းမစားရတာ နှစ်ရက်ရှိပါပြီ။ကျုပ်တို့ကို ထမင်းနည်းနည်း ကျွေးပါလား"

အဘွားအိုကြီး ခေါင်းကုတ်လိုက်သည်။"အခု ငါဝယ်လာခဲ့တဲ့ ချက်စရာ ပြုတ်စရာတွေဟာ ဘဂဝန်အတွက် ဖြစ်တယ်။ထပ်ဝယ်ဖို့လည်း ငါ့မှာ ပိုက်ဆံမရှိတော့ဘူး။ဘယ်လိုလုပ်ရပါလိမ့်"

ယင်းသို့ အကျပ်အတည်းတွေ့နေစဉ် အကြံတစ်ခုရသည်။

"ဘဂဝန်လာရင် နောက်တစ်ကြိမ်ထပ်ပြီး ကြွလာပါလို့ ပြောရမှာပဲ။ဘဂဝန်က ဒီအဘိုးကြီးလင်မယားလို ထမင်းမစားရဘဲ နေမှာ မဟုတ်ဘူး"

ယင်းသို့ စဉ်းစားပြီးလျှင် အဘွားအိုသည် ဈေးထဲက ဝယ်ခြမ်းလာသော ချက်စရာ ပြုတ်စရာများကို ချက်ပြုတ်ပြီး အဘိုးကြီး လင်မယားကို စေတနာအပြည့်ဖြင့် ကျွေးလိုက်သည်။ထမင်းငတ်နေသော အဘိုးကြီးလင်မယားကို ကျွေးလိုက်ရသည့်အတွက် ကျေနပ်အားရသွား သည်။ဘဂဝန်လည်း ကြွမလာပေ။

သို့သော်လည်း ထိုနေ့ည အိပ်မက်ထဲတွင် ဘဂဝန် ပေါ်လာ သည်ကိုတွေ့ရ၍ အဘွားအိုက "ဘဂဝန် ဘာဖြစ်လို့ ကြွမလာတာလဲ။ ကြွမလာတာလည်း ကောင်းတာပဲ။ကြွလာလို့ရှိရင်လည်း ဘဂဝန်ကို ကျွေးဖို့ အိမ်မှာ ဘာမှမရှိတော့ဘူး" ဟု ပြောသည်။

ဘဂဝန်က ပြုံးပြီး ပြန်ပြောသည်။"သမီး၊ ငါမလာဘဲနေတာ မဟုတ်ဘူး။ငါ လာတယ်လေ။သမီးကလည်း ငါ့ကို မကျွေးဘဲနေတာ မဟုတ်ဘူး။ငါ့ကို စေတနာအပြည့်နဲ့ ကျွေးမွေးလိုက်တယ်လေ"

ယင်းသို့ အမိန့်ရှိပြီးလျှင် ဘဂဝန် ပျောက်ကွယ်သွားလေ သည်။

* * *

ဂုရု နာနကသည် "ဆိခ်"လူမျိုးတို့၏ ဘာသာရေး ခေါင်းဆောင်ကြီး ဖြစ်သည်။"မိုးဆမ်းပန်း"ဂျာနယ်တွင် မိမိ အခန်းဆက် ရေးနေသော "ဂုရု နာနက ကထာ"သည် ဂုရု နာနက၏ အတ္ထုပ္ပတ္တိဖြစ်သည်။

တစ်နေ့သ၌ ဂုရု နာနကသည် သူ၏တပည့်များကို စမ်းသပ်စစ်ဆေးလိုသည့် ရည်ရွယ်ချက်ဖြင့် ရွံ့ပုပ်အပြည့်ရှိနေသော မြောင်းထဲ ကြေးခွက်တစ်ခွက် ပစ်ချလိုက်ပြီးလျှင် တပည့်များကိုခေါ်ပြီး "ငါ့ကြေးခွက် မြောင်းထဲကျသွားတယ်၊ မင်းတို့ ကောက်ပေးကြစမ်း"ဟု ပြောသည်။ရွံ့ပုပ်ထဲ မြုပ်သွားမှာစိုးသည့်အတွက် တပည့်များသည် အကြောင်းတစ်မျိုးမဟုတ် တစ်မျိုးပြပြီး အင်တင်တင်လုပ်နေကြသည်။

ဂုရု နာနက,က သူ့တပည့်များကို ပြုံးကြည့်လိုက်ပြီးလျှင် တပည့်များထဲက အလားအလာရှိလိမ့်မည်ဟု သူ မျှော်မှန်းထားသော တပည့် လဟဏာအား ကြေးခွက် အကောက်ခိုင်းသည်။

ဆရာကို ကြည်ညိုလေးစားရင်းရှိသည့် တပည့်ဖြစ်သည့်အတိုင်း လဟဏာသည် ဂုရု နာနက က မြောင်းထဲကကြေးခွက် ကောက်ယူဖို့ ပြောလိုက်သည်နှင့် မြောင်းထဲ ကျွံနစ်သွားမှာ၊ သူ့အဝတ် ရွံ့ပုပ်တွေ ပေကျံသွားမှာ ထည့်မတွက်ဘဲ မြောင်းထဲဆင်းပြီး ရွံ့ပုပ်ထဲ မြုပ်နေသော ကြေးခွက်ကို ရှာသည်။သူ့ကိုယ်ပေါ်ကအဝတ် ရွံ့ပုပ်တွေ ပေကျံသွားသည်။သို့သော်လည်း လဟဏာသည် ဘာကိုမှ ဂရုမစိုက်ဘဲ ကြေးခွက်ရရေးအတွက်သာ အာရုံစိုက်ပြီး ကြေးခွက်ကို မရအရ ရှာသောအခါ ကြေးခွက်တွေ့သွားသည်ဖြစ်၍ ကြေးခွက်ကို ယူလာပြီး ဂုရု နာနကလက်ထဲ အပ်လိုက်သည်။

ဂုရုနာနက၏ မျက်နှာတွင် ကျေနပ်အားရသွားသည့်အနေဖြင့် အပြုံးပေါ်လာပြီးလျှင် လဟဏာအား ကျောသပ်ပြီး ဆုမွန်ပေးလိုက်သည်။

ရက်၊ လ၊ နှစ်တွေ ကြာသွားသည်။အချိန်ကာလစက်ဝန်းလည်း တစ်ပတ်ပြီး တစ်ပတ် လည်နေသည်မှာ ကာလစက်ဝန်းအပတ်အနန္တောအနန္တ ဖြစ်လာသည်။တစ်ခုသော ကာလစက်ဝန်းအရောက်တွင်ကား ဂုရု နာနက၏ အစမ်းသပ်ခံတပည့် လဟဏာသည် ဂုရု နာနကကို ဆက်ခံသော ဆိခ်လူမျိုးတို့၏ ဒုတိယဂုရု အံဂဒ ဖြစ်လာသည်။

* * *

ရုပ်တုဆရာတစ်ဦး ရှိသည်။ရုပ်တု ထုလုပ်ရာ၌ အလွန်တရာ လက်ရာမြောက်သော ရုပ်တုဆရာ ဖြစ်သည်။ယင်းရုပ်တုဆရာသည် နတ်ရုပ်တုတစ်ခုကို ထုလုပ်သည်။ရုပ်တုဆရာ ထုလုပ်သော ယင်းနတ်ရုပ်ကို နတ်ကွန်း၌ ကိုးကွယ်ထားသည်။ယင်းနတ်ရုပ်ကို တွေ့မြင်ကြရသော လူပေါင်းများစွာတို့သည် တအံ့တသြ ငေးမော ကြည့်ကြရပြီးလျှင် ရုပ်တုဆရာကို ချီးကျူးမဆုံး ဖြစ်နေကြသည်။

တစ်နေ့သောအခါ၌ တိုင်းပြည်အုပ်ချုပ် မင်းလုပ်နေသော ဘုရင်ကိုယ်တိုင် နတ်ကွန်း၌ ကိုးကွယ်ထားသော နတ်ရုပ်တုကို လာကြည့်သည်။နတ်ရုပ်တု၏ လက်ရာမြောက်ပုံကို တွေ့မြင်သိရှိ ရသည်ဖြစ်၍ ဘုရင်မင်းကြီးသည် ရုပ်တုဆရာ၏ ပန်းပုပညာနှင့် ပတ်သက်ပြီး အံ့မခန်းဖြစ်သွားပြီးလျှင် ရုပ်တုဆရာကို နန်းတော်သို့ ဆင့်ခေါ်လျက် သူ၏ရုပ်တုကို ထုလုပ်ခိုင်းသည်။နတ်ရုပ်တု ထုလုပ် သကဲ့သို့ သူ၏ရုပ်တုကိုလည်း အပြစ်အနာအဆာ တစ်ခုခုရှာမတွေ့ အောင် လက်ရာမြောက်စွာ ထုလုပ်ရမည်ဟူ၍လည်း အမိန့်ပေးလိုက် သည်။

နေ့ရက်အတန်ငယ်ကြာသွားသောအခါ ရုပ်တုဆရာသည် ဘုရင်မင်းကြီး၏ရုပ်ပုံကို အလှဆုံးရုပ်တုတစ်ခုဖြစ်အောင် ထုလုပ်လျက် နန်းတော်သို့ သွားရောက်ပြီး ဘုရင်မင်းကြီးထံ ဆက်သသည်။သို့သော် လည်း ဘုရင်မင်းကြီးသည် ပန်းပုဆရာထုလုပ်ပြီး လာရောက်ဆက်သ သော သူ၏ရုပ်တုကိုကြည့်လျက် ကျေနပ်အားရခြင်း မရှိသောကြောင့် နောက်ထပ် သူ၏ပုံတူ ရုပ်တုတစ်ခု ထပ်မံထုလုပ်ရန် အမိန့်ပေးလိုက် ပြန်သည်။

ရုပ်တုဆရာက ပထမရုပ်တုထက် ပိုမိုလက်ရာမြောက်သော

ဘုရင်မင်းကြီး၏ ပုံတူရုပ်တုကို ထုလုပ်ပြီး နန်းတော်သို့ သွားရောက်လျက် ဘုရင်မင်းကြီးထံ ဆက်သလိုက်ပြန်သည်။ဒုတိယရုပ်တုတွေ့မြင်ရသောအခါ၌လည်း ဘုရင်မင်းကြီးသည် စိတ်တိုင်းမကျ ဖြစ်နေသောကြောင့် နောက်ထပ် သူ၏ပုံတူ ရုပ်တုတစ်ခု ထုလုပ်ရန် အမိန့်ပေးလိုက်ပြန်သည်။

ယင်းသို့အားဖြင့် ရုပ်တုဆရာအား သူ့ရုပ်တုကို တစ်ခုပြီး တစ်ခု ထုလုပ်ခိုင်းနေသည်မှာ ရုပ်တုဆယ်ခု ဖြစ်သွားသော်လည်း ဘဝင်မကျ ဖြစ်နေသောကြောင့် ဘုရင်မင်းကြီးသည် ရုပ်တုဆရာအား ဆယ့်တစ်ခုမြောက် ရုပ်တုကို အထုခိုင်းလျက် "ယခုတစ်ကြိမ် ငါ၏ ရုပ်တုကို နတ်ရုပ်တု ထုလုပ်သလို အဆင့်မီမီ ရုပ်တုမျိုး မထုလုပ်နိုင်ရင် သင် ရုပ်တုဆရာကို ကြိုးစင်တင် အဆုံးစီရင်မည်"ဟု ရာဇသံပေးလိုက်သည်။

သို့ရာတွင် ရုပ်တုဆရာ ထုလုပ်ပြီး ဆက်သလာသော ဆယ့်တစ်ခုမြောက် ရုပ်တုကလည်း ဘုရင်မင်းကြီး၏ စိတ်နှလုံးကို ဆွဲဆောင်နိုင်ခြင်း မရှိသည်ဖြစ်၍ ဘုရင်မင်းကြီးက အမျက်တော်ရှပြီး ကြိုးဒဏ်ပေးမည်ဟု ပြောသော်လည်း "သင် ရုပ်တုဆရာ ငါ၏ရုပ်ပုံကို နတ်ရုပ်တုလို လက်ရာမြောက်အောင် မထုလုပ်နိုင်သည်မှာ မည်သည့်အကြောင်းကြောင့်နည်း။သင် ရုပ်တုဆရာ ကြိုးဒဏ်ခံရမှာ မကြောက်ဘူးလား ကိုယ့်အသက်ကို မငဲ့ကွက်ဘူးလား"ဟု မေးမြန်းလိုက်သည်။

ဘုရင်မင်းကြီးက ကြိုးဒဏ်အမိန့်ချမှတ်တော့မည်ဟု ပြောသောအခါ ရုပ်တုဆရာသည် ထိတ်လန့်ကြောက်ရွံ့သွားပြီးလျှင် တုန်တုန်ရီရီအသံဖြင့် ဘုရင်မင်းကြီးကို လျှောက်ထားလိုက်သည်။

"အရှင်မင်းကြီး၊ အရှင်မင်းကြီး၏ ရုပ်တုကို နတ်ရုပ်တုလို ရုပ်တုမျိုးဖြစ်လာအောင် ကျွန်ုပ် ဆယ့်တစ်ကြိမ်လုံး ကြိုးစားအားထုတ်ပြီး ထုလုပ်ပါတယ်။ဒါပေမဲ့ . ."

"ဒါပေမဲ့ ဘာဖြစ်သလဲ" ဘုရင်မင်းကြီးက အံ့ဩသော အမူအရာနှင့် မေးလိုက်သည်။

ရုပ်တုဆရာသည် ဘုရင်မင်းကြီး၏မျက်နှာကို မော်ကြည့်လျက် တိုးညှင်းသောအသံဖြင့် လျှောက်ထားပြောပြလိုက်သည်။

"ဒါပေမဲ့ အရှင်မင်းကြီး၏ ရုပ်တုကို ထုလုပ်တဲ့အကြိမ်တိုင်း ကျွန်ုပ်စိတ်နှလုံးထဲမှာ နတ်ရုပ်တု ထုလုပ်စဉ်ကလို ချစ်ခင်လေးစားမှု မြတ်နိုးမှုမျိုး ပေါ်ပေါက်မလာဘူး။အဲဒါကြောင့် ကြိုးဒဏ်ပေးမည်ဟု အရှင်မင်းကြီး အမိန့်ရှိသော်လည်း ကျွန်ုပ်၏လက်အနေနှင့် အရှင်မင်းကြီး၏ ရုပ်တုကို နတ်ရုပ်တုလို ရုပ်တုမျိုးဖြစ်လာအောင် ထုလုပ်နိုင်စွမ်း မရှိခြင်း ဖြစ်နေရပါတယ်"

ရုပ်တုဆရာ၏ ရင်ဖွင့်သံကို ကြားရသောအခါ ဘုရင်မင်းကြီးသည် မေတ္တာတရားသည်သာလျှင် ကြည်ညိုမှု၊ လေးစားမှုအတွက် လုံလောက်သော အကြောင်းတရားဖြစ်သည်ဟူ၍ နားလည်သဘောပေါက်သွားသည်။

* * *

တာအိုဗုသည် တရုတ်ဒဿနပညာရှင်ကြီး ဖြစ်သည်။တစ်နေ့သောအခါ၌ ကျုန်ဂီဆန်အမည်ရှိ ပုဂ္ဂိုလ်တစ်ဦးသည် ဓမ္မနှင့်ပတ်သက်သည့် သိသင့်သိအပ်သည်များကို သိရှိနားလည်ရန် တာအိုဗုထံတွင် တပည့်သွားခံသည်။သို့ရာတွင် နှစ်ပေါင်းများစွာ ကြာသွားပြီဖြစ်သော်လည်း တာအိုဗုက ထိုပုဂ္ဂိုလ်အား ဘယ်လို ဆုံးမစကားကိုမှ ညွှန်ကြားပြောပြခြင်း မရှိပေ။

တစ်နေ့သောအခါ၌ တာအိုဗု၏တပည့် ကျုန်ဂီဆန်က တာအိုဗုကို ပြောပြသည်။

"ဘယ်လိုအကြောင်းကြောင့်ပါလဲ ဆရာကြီး၊ ကျွန်ုပ်ကို ယနေ့အထိ ဆရာကြီး ဓမ္မနှင့်စပ်လျဉ်းပြီး တစ်ခွန်းတစ်ပါဒမှ ဩဝါဒ မပေးသေးပါကလား"

တာအိုဗုက ပြန်ပြောသည်။"ငါ မင်းကို ဓမ္မနှင့်ပတ်သက်တဲ့ လျှို့ဝှက်နက်နဲတဲ့ သဘောသဘာဝတွေကို မကြာခဏ ပြောပြနေတယ်။ မင်း သဘောမပေါက်ဘူး။ဓမ္မဆိုတာ လူနေမှုဘဝနဲ့ ဆက်စပ်ရောယှက်ခြင်း အမြဲရှိနေတယ်။မင်းတို့က ဓမ္မဆိုတာ နေ့စဉ် လူနေမှုသဘာဝရဲ့ လုပ်ငန်းဆောင်တာတွေနဲ့ တသီးတခြားဖြစ်တယ်လို့ ထင်မှတ်နေကြတယ်။အဲဒါ မင်းတို့ရဲ့ အမှားပဲ။မိမိအတွက် လုပ်သင့်လုပ်ထိုက်တဲ့ တာဝန်ဝတ္တရားများကို စေတနာဖြူစင်စွာ တရားနှင့်အညီ လုပ်ကိုင်ဆောင်ရွက်တာဟာ ဓမ္မဖြစ်တယ်။အဲဒီသဘောတရားကို မင်းကို ငါ နေ့စဉ်နေ့တိုင်းလိုလို ကိုယ်အမူအရာနဲ့ဖြစ်စေ နှုတ်အမူအရာနဲ့ဖြစ်စေ ညွှန်ကြားပြောပြနေတယ်။မင်းက သဘောမပေါက်ပဲကိုး"

တာအိုဗု ပြောသည့်အတိုင်းပင် လူတွေ နေ့စဉ် လုပ်ကိုင်ဆောင်ရွက်နေသော လုပ်ငန်းဆောင်တာများတွင် ဓမ္မနှင့် အဓမ္မ

ကိန်းအောင်းနေသည်။သိင်္ဂါလော ဝါဒသုတ်၌ ညွှန်ကြားထားသည့် အတိုင်း မိဘက မိဘတာဝန်ဝတ္တရား ဆောင်ရွက်ခြင်း၊ သားသမီးက သားသမီး တာဝန်ဝတ္တရား ဆောင်ရွက်ခြင်း၊ လင်ယောကျ်ားက လင်ယောကျ်ား တာဝန်ဝတ္တရား ဆောင်ရွက်ခြင်း၊ ဇနီးမယားက ဇနီးမယား တာဝန်ဝတ္တရား ဆောင်ရွက်ခြင်း၊ မိတ်ဆွေသင်္ဂဟများက မိတ်ဆွေသင်္ဂဟ တာဝန်ဝတ္တရား ဆောင်ရွက်ခြင်း၊ လူသားအချင်းချင်း လိုက်နာဆောင်ရွက်ရမည့် တာဝန်ဝတ္တရားကို ဆောင်ရွက်ခြင်းများသည် ဓမ္မနှင့် ညီညွတ်သောလုပ်ငန်းများ ဖြစ်သည်။

ထိုမှတစ်ပါး လူသားချင်း စာနာထောက်ထားခြင်း၊ ချို့တဲ့ သူများကို အကူအညီပေးခြင်း၊ လောကီကျိုး လောကုတ္တရာကျိုးများကို ဆောင်ရွက်ခြင်း၊ ကိုယ်ကျိုးမဖက်ဘဲ သူတစ်ပါးအကျိုး ဆောင်ရွက်ခြင်း၊ တစ်ဘက်သားများအပေါ် နိုင်ထက်စီးနင်း မလုပ်ခြင်း စသည်များသည် ဓမ္မအလုပ်များဖြစ်ပြီး သူတစ်ပါးအပေါ် နိုင်ထက်စီးနင်းလုပ်ခြင်း၊ ကြီးနိုင် ငယ်ညှဉ်း သဘောဆောင်ခြင်း၊ ခေါင်းပုံဖြတ် အမြတ်ကြီးစားလုပ်ခြင်း၊ သူတစ်ပါး၏လုပ်အားဖြင့် မတရား အမြတ်ထုတ်ခြင်း၊ လိမ်ညာ ကောက်ကျစ်ခြင်း၊ ကိုယ့်ဖို့ကိုသာကြည့်ခြင်း၊ ကောက်ကျစ်စဉ်းလဲခြင်း စသည်များကမူ ဓမ္မနှင့် ဆန့်ကျင်ဘက် အဓမ္မများ ဖြစ်ကြသည်။

* * *

ရှေးခေတ် အိန္ဒိယနိုင်ငံ၌ ဥဇ္ဇေနီပြည်တွင် ဘတ္တိဟရိအမည်ရှိ ဘုရင်တစ်ပါး ရှိသည်။ထိုဘုရင်သည် နီတိကျမ်းစာများကို ရေးသားသူဖြစ်၍ ထင်ပေါ်ကျော်ကြား လူသိများသူ ဖြစ်သည်။သူရေးသော နီတိကျမ်းစာများ၌ နီတိသုံးမျိုး ရှိသည်။ဘတ္တိဟရိနီတိ၊ သိင်္ဂါရနီတိ၊ ဝေရာဂျနီတိတို့ ဖြစ်ကြသည်။ဘတ္တိဟရိနီတိသည် ယေဘုယျ အကြောင်းအရာအားလုံးနှင့်ဆိုင်သော နီတိဖြစ်သည်။သိင်္ဂါရနီတိမှာ အချစ်ရေးနှင့် ပတ်သက်သော နီတိဖြစ်သည်။ဝေရာဂျနီတိကား သံဝေဂတရားနှင့် ပတ်သက်သော နီတိဖြစ်သည်။

ဘတ္တိဟရိမင်းကြီးသည် ဘုရင်အဖြစ် ရာဇပလ္လင်ပေါ် ထိုင်နေရသည်ကို ငြီးငွေ့ပြီး သံဝေဂရလာသည့်အတွက် တစ်နေ့သောအခါ၌ တရားလေ့ကျင့်ရန် တောထွက်သွားသည်။တစ်ကိုယ်တည်း တောထွက်သွားသောအခါ ခေါင်းအုံးတစ်လုံးနှင့် "လိုတာ"ခေါ် ရေခွက်တစ်ခွက်ကိုသာ ယူသွားသည်။တောထဲသွားစဉ် လမ်းခရီး၌ အိပ်ပျော်နေသော လယ်သမားတစ်ယောက်ကို တွေ့ရသည်။လယ်သမားသည် ခေါင်းအုံးအစား သူ့လက်မောင်းကို ခေါင်းအုံးလုပ်ပြီး အိပ်နေသည်။ခေါင်းအုံးမရှိဘဲ ကိုယ့်လက်မောင်းပေါ် ဦးခေါင်းတင်ပြီး အိပ်နေသော လယ်သမားကို တွေ့ရသောအခါ ဘတ္တိဟရိသည် သူယူလာသော ခေါင်းအုံးကို ထိုနေရာ၌ ပစ်ချခဲ့ပြီး တောထဲ ဆက်သွားသည်။

ခပ်လှမ်းလှမ်းရောက်သွားသောအခါ လူတစ်ယောက် ရေတံခွန်က ကျလာသောရေကို လက်ခုပ်ဖြင့်ခံပြီး ရေသောက်နေသည်ကို တွေ့ရသည်။ဤတွင် ဘတ္တိဟရိသည် သတိရသွားပြီးလျှင် သူ့တွင်ပါလာသော "လိုတာ"ခေါ် ရေခွက်ကို လွှင့်ပစ်လိုက်သည်။

ဘတ္တိဟရိသည် သူ့တွင်ပါလာသော ပစ္စည်းနှစ်ခုကို လွှင့်ပစ်လိုက်ပြီးလျှင် လက်နှစ်ချောင်းကို မိုးပေါ်ထောင်လျက် "အို ဘုရားသခင်၊ ယနေ့ အရှင်သူမြတ်ဘုရားသည် အကျွန်ုပ်အား ကမ္ဘာလောကရှိ ရုပ်ဝတ္ထုပစ္စည်းများနှင့် ပတ်သက်ပြီး သံယောဇဉ်ဖြတ်တောက်ပစ်ဖို့ နှိုးဆော်ပြီး လွတ်လွတ်ကင်းကင်းရှိသူတစ်ယောက်အဖြစ် ဖန်တီးပြုလုပ်ပေးလိုက်ပါပြီ"ဟု တိုင်တည်ပြောကြားလျက် တရားဘာဝနာ ကျင့်သုံးအားထုတ်နေလေသည်။

* * *

လွတ်လပ်သော အိန္ဒိယနိုင်ငံ၏ ပထမဦးဆုံး ဝန်ကြီးချုပ်ဖြစ်သူ ဂျဝါဟာလာနေရူးသည် တခ်ဏာပွတ္တိဉာဏ်ရှိသည်ဟူ၍ ထင်ရှားကျော်ကြားနေသူ ဖြစ်သည်။တခ်ဏာပွတ္တိဉာဏ်ဟူသည်မှာ ပြဿနာတစ်ခုခုနှင့်ပတ်သက်ပြီး ခဏမဆိုင်း အဖြေပြန်ပေးတတ်ခြင်းမျိုးဖြစ်သည်။နေရူးသည် ခပ်ရွှင်ရွှင်ပြောတတ်သူလည်း ဖြစ်သည်။၁၉၅၆ ခု နှစ်ကုန်လောက်က ဒေလီမြို့ အာရှ စာရေးဆရာများညီလာခံရောက်သွားစဉ် အိန္ဒိယနိုင်ငံ အထက်လွှတ်တော်အမတ် စာရေးဆရာစာပေပညာရှင်ကြီး ဂိုဝိန္ဒာ ဒါဆံက သူ၏မွေးနေ့ပွဲကိုဖိတ်၍ သွားသောအခါ မွေးနေ့ပွဲ၌ ပဏ္ဍစ်နေရူး စကားထပြောသည်ကို ကြားခဲ့ရသည်။ ထိုပွဲ၌ ပဏ္ဍစ်နေရူးသည် အင်္ဂလိပ်လို မပြောဘဲ ဟိန္ဒီလို ပြောသည်။ ပဏ္ဍစ်နေရူး စကားပြောချိန်၌ ပရိသတ်များ တဝါးဝါး ပွဲကျနေသည်ကို ကြားခဲ့ရသည်။

ကမ္ဘာ့ခေါင်းဆောင်ကြီးများနှင့်ဆုံစဉ် ပဏ္ဍစ်နေရူးပြောသော စကားများကို သိရသည်မှာလည်း လေးလေးနက်နက်ပြောသော စကားများထဲ၌ ခပ်ပေါ့ပေါ့ ခပ်သွက်သွက်စကားများ ပါရှိနေသည်ကို တွေ့ရသည်။

၁၉၅၀ ပြည့်နှစ်က ဝန်ကြီးချုပ် ပဏ္ဍစ်နေရူးသည် အင်္ဂလန်ရောက်သွားသည်။လန်ဒန်မြို့၌ အခမ်းအနားတစ်ခုတွင် နေရူးနှင့် ဗြိတိသျှဝန်ကြီးချုပ်ဟောင်း ချာချီတို့ တွေ့ဆုံကြသည်။ချာချီသည် နေရူးကို လိုလားသူ မဟုတ်ပေ။သို့သော်လည်း နှစ်ယောက်သား ဆုံမိကြသောအခါ စကားစမြည် ပြောကြသည်။အတိတ်ကာလအကြောင်းကို ပြန်လည်သုံးသပ်ကြသောအခါ ချာချီက နေရူးကို "ခင်ဗျား ဗြိတိသျှအစိုးရ အကျဉ်းထောင်မှာ ဘယ်နှစ်နှစ်နေခဲ့ရသလဲ"ဟု မေးလိုက်သည်။

နေရှုး က "ဗြိတိသျှအကျဉ်းထောင်မှာ ၁၀ နှစ်လောက် နေခဲ့ရပါတယ်"ဟု ပြန်ပြောသည်။နေရှုး၏အဖြေကို ကြားရသောအခါ ချာချီက ပြောပြန်သည်။ "ကျုပ်တို့ ခင်ဗျားနဲ့ပတ်သက်ပြီး အဲဒီလို အပြုအမူများကို ပြုခဲ့တာတောင်မှ ခင်ဗျားက အခုလို ရည်ရည်မွန်မွန် စကားပြောနေတယ်နော်။ကျုပ်ကိုလည်း ဒါလောက်တောင် ရင်းရင်းနှီးနှီး ဆက်ဆံနေတယ်။ကျုပ်သာ ခင်ဗျားနေရာမှာဆိုရင် ခင်ဗျားကို မကြည့်ချင်လောက်အောင် မုန်းစိတ်ပွားနေမှာ အမှန်ပဲ"

ချာချီပြောသောစကားကို ကြားရသောအခါ နေရှုးက အပြုံးမပျက် ပြန်ပြောလိုက်သည်။"သာမန်ပုဂ္ဂိုလ်တွေအနေနဲ့တော့ မစ္စတာချာချီပြောသလို ဖြစ်နေကြမှာ အမှန်ပါ။ဒါပေမဲ့ ကျုပ်တို့ ခေါင်းဆောင်ကြီးက သင်ကြားပြောပြထားတဲ့အတိုင်း ကျုပ်တို့ အချက်နှစ်ချက်ကို လိုက်နာကြတယ်။ပထမအချက်က ဘယ်သူ့ကိုမှ မကြောက်ရဘူးဆိုတဲ့အချက်ဖြစ်ပြီး နောက်တစ်ချက်က ဘယ်သူ့ကိုမှ မမုန်းရဘူးဆိုတဲ့အချက် ဖြစ်တယ်။ဒါကြောင့် လွတ်လပ်ရေးတိုက်ပွဲဝင်ခဲ့စဉ် အချိန်ကာလတုန်းက ကျုပ်တို့ မစ္စတာချာချီကို မကြောက်ဘူး။ယခု ကျုပ်တို့နိုင်ငံ လွတ်လပ်ရေးရသွားပြီ မဟုတ်လား။လွတ်လပ်ရေးရနေပြီဖြစ်တဲ့ အချိန်ကျတော့ မစ္စတာချာချီတို့ကို မုန်းစရာ ဘယ်မှာလိုတော့မလဲ"

နေရှုး၏စကားကို ကြားသောအခါ ချာချီသည် အံ့ဩသောမျက်နှာဖြင့် နေရှုးကို စိုက်ကြည့်နေသည်။

* * *

မဟတ္တမဂန္ဒီ၏ မွေးနေ့တစ်နေ့ ဖြစ်သည်။ထိုနေ့တွင်လည်း နေ့စဉ်နေ့တိုင်းကဲ့သို့ပင် မဟတ္တမဂန္ဒီသည် ညနေချမ်းအချိန်၌ ဆုတောင်းပွဲပြုလုပ်ရန်အတွက် သခ်မ်းကျောင်း ရောက်ရှိလာသောအခါ သခ်မ်းကျောင်း၏ အနေအထားသည် ယခင်အတိုင်းပင်ရှိနေပြီး ထူးခြားမှုတစ်ခု ဖြစ်လာသည်မှာ ထိုနေ့၌ သခ်မ်းကျောင်းတွင် ထောပတ်ဆီနှင့် ထွန်းထားသော ဆီမီးခွက်တစ်ခွက် ထွန်းလင်းတောက်ပနေသည်ကို တွေ့ရသည်။

"ဒီထောပတ်ဆီမီး ဘယ်သူထွန်းတာလဲ"

မဟတ္တမဂန္ဒီက သခ်မ်းကျောင်း၌ ရှိနေသူများကို မေးကြည့်လိုက်သည်။ထိုအခါ မဟတ္တမဂန္ဒီ၏ဇနီးဖြစ်သူ ကတ်ဆတူဗာက "ကျွန်မ ထွန်းထားတာ"ဟု ပြန်ပြောသည်။ထိုအခါ မဟတ္တမဂန္ဒီက အကြီးအကျယ် စိတ်ပျက်သောအသံဖြင့် ပြောသည်။"ဒီကနေ့ တွေ့မြင်ရတဲ့ အဆိုးဆုံးမြင်ကွင်းကတော့ ဒီ ဆီမီးခွက်ပဲ"

ဂန္ဒီဂျီ၏ ပြောဆိုချက်ကို ကြားရသောအခါ ကတ်ဆတူဗာသည် "ဒီ ဆီမီးထွန်းထားတာ ဒါလောက်ကြီးကျယ်တဲ့ အပြစ်ဖြစ်နိုင်ပါ့မလား"ဟု ဘဝင်မကျ ဖြစ်သွားသည်။သခ်မ်းကျောင်း၌ ရှိနေကြသော တခြားပုဂ္ဂိုလ်များကလည်း ဂန္ဒီဂျီ၏ ပြောပြချက်နှင့်ပတ်သက်ပြီး တအံ့တဩ ဖြစ်နေကြသည်။ဂန္ဒီဂျီသည် ကတ်ဆတူဗာနှင့် သခ်မ်းကျောင်းနေ ပုဂ္ဂိုလ်များ၏ သို့လောသို့လော တွေးတောနေပုံများကို ရိပ်မိသောကြောင့် ပြဿနာကို ဖြေရှင်းမှဖြစ်မည်ဟု တွေးပြီးလျှင် ပြောပြသည်။

"ကတ်ဆတူဗာ၊ တောရွာမှာနေတဲ့လူတွေ ဘယ်လောက်ဆင်းရဲတယ်ဆိုတာ မင်း သိတယ်မဟုတ်လား။တောရွာကလူတွေဟာ ရိုတီစားဖို့အတွက်တောင် နှမ်းဆီ မသုံးနိုင်ကြဘူး။မင်းက ကျုပ်မွေးနေ့မှာ ထောပတ်ဆီနဲ့ မီးထွန်းနေတယ်။အဲဒီလိုလုပ်တာထက် ကြီးကျယ်တဲ့ အပိုဖြုန်းတာ ဘယ်မှာရှိဦးမှာလဲ"

ဂန္ဓီဂျီက ရှင်းပြသော်လည်း ကတ်ဆတူဗာသည် ဘဝင်မကျ ဖြစ်နေတုန်းပင် ရှိသေးသည်ဖြစ်၍ ဂန္ဓီဂျီကို ချိုသာသောအသံဖြင့် ပြောပြသည်။"တစ်လောက ရှင်ပဲ တရားပွဲတစ်ခုမှာ မလုပ်သင့် မလုပ်အပ် တဲ့နေရာမှာ တစ်စုံတစ်ခု သုံးစွဲတာဟာ မလိုတဲ့နေရာမှာ အကျိုးမရှိ အလဟဿ ဖြုန်းတီးတာဖြစ်တယ်လို့ ဟောပြောတယ် မဟုတ်လား။ စိတ်ကောင်း စေတနာကောင်းနဲ့ ထောပတ်ဆီမီး ထွန်းညှိထားတာ"

ဂန္ဓီဂျီက ကတ်ဆတူဗာကို ရှင်းလင်းပြောပြသည်။

"ဆင်းရဲသားတွေ မသုံးစွဲနိုင်တဲ့ ပစ္စည်းဝတ္ထုကို ကျုပ်တို့ သုံးစွဲပိုင်ခွင့် မရှိဘူး။ယခုလိုနေ့မျိုးမှာ ထောပတ်ဆီမီး ထွန်းညှိတာ ပိုပြီးတော့တောင် မလုပ်သင့် မလုပ်ထိုက်တာကို လုပ်တာ။အထူးအားဖြင့် နေမကွယ်သေးဘဲ အမှောင်ရောက်မလာချိန်မှာ ထောပတ်ဆီမီးထွန်းတာ သင့်လျော်ကောင်းမြတ်တယ်လို့ မင်းထင်သလား။ယခုလိုအချိန်မျိုးမှာ ထောပတ်ဆီးမီးထွန်းတာ မထွန်းသင့်တဲ့နေရာမှာ မထွန်းသင့်တဲ့အချိန်မှာ ထွန်းတာဖြစ်တဲ့အတွက် အချည်းနှီး အလဟဿ မလိုအပ်ဘဲ သုံးဖြုန်း တာ မဟုတ်လို့ တခြားဘယ်အရာ ဟုတ်နိုင်ပါဦးမှာလဲ"

* * *

ဘုရင်တစ်ပါးသည် သူ့တိုင်းသူပြည်သားများထဲက သူ အပြစ်ဒဏ်ပေးထားသူများ နောင်တ ရ မရ သိလိုသည့်အတွက် အကျဉ်းစခန်းသို့ သွားရောက်ပြီးလျှင် အကျဉ်းသားတစ်ဦးစီ တစ်ဦးစီကို သူတို့ခံရသော အပြစ်ဒဏ်နှင့်ပတ်သက်ပြီး စုံစမ်းမေးမြန်းသည်။

ပထမဦးဆုံးအကျဉ်းသားက "အရှင်မင်းကြီး၊ အကျွန်ုပ် လုံး၀အပြစ်မရှိပါ။အကျွန်ုပ်ကို မတရား အပြစ်ဒဏ် ချမှတ်ခြင်း ဖြစ်ပါတယ်" ဟု လျှောက်ထားပြောပြသည်။ဒုတိယ အကျဉ်းသားကလည်း "အကျွန်ုပ်အမှုနှင့်ပတ်သက်ပြီး ထွက်ဆိုကြတဲ့ သက်သေတွေအားလုံး ဖြစ်ရပ်အမှန်ကို မထွက်ဆိုကြပါဘူး။ အကျွန်ုပ်အမှုနှင့်ပတ်သက်တဲ့ သက်သေအားလုံး တံစိုးလက်ဆောင်ယူပြီး ထွက်ဆိုကြတဲ့ သက်သေတွေ ဖြစ်ပါတယ်"ဟု လျှောက်လဲချက်ပေးသည်။

ထိုနည်းအတိုင်း အကျဉ်းသားတစ်ဦးမှလွဲ၍ ကျန်အကျဉ်းသားအားလုံး လိုလိုပင် သူ့တို့ အပြစ်မရှိ၍ အကျဉ်းက လွတ်ပေးပါမည့်အကြောင်း တိုးလျှိုးတောင်းပန်ကြသည်။

အကျဉ်းသားများထဲက တစ်ယောက်သော အကျဉ်းသားကမူ "အရှင်မင်းကြီး အကျွန်ုပ် စားစရာမရှိ၍ သူတစ်ပါးပစ္စည်း ခိုးယူတဲ့အလုပ် လုပ်မိပါတယ်။ အရှင်မင်းကြီးရဲ့ မင်းချင်းယောကျ်ားများက ကျွန်ုပ်ကို ခိုးမှုနှင့်ဖမ်းပြီး ထောင်သွင်းအကျဉ်းချထားကြပါတယ်။သူတို့မှာ အပြစ်မရှိပါဘူး။အကျွန်ုပ် ကိုယ့်အပြစ်နှင့်ကိုယ် ခံရတာပါ"ဟု ပြောသည်။

ဘုရင်က စဉ်းစားကြည့်သည်။အပြစ်ဒဏ်သည် အကျဉ်းသားများအတွက် နောင်တရစေဖို့ မဖန်တီး မပြုလုပ်ပေးနိုင်ပေ။တစ်ယောက်သောအကျဉ်းသားသာ အကျဉ်းက လွတ်သွားပြီးသောအခါ သူ့ကိုယ်သူ ပြုပြင်ပြောင်းလဲမည့် အလားအလာရှိသူတစ်ယောက် ဖြစ်သည်။ယင်းသို့ စဉ်းစားပြီးလျှင် ဘုရင်သည် ကိုယ့်ပြစ်မှုနှင့်ပတ်သက်ပြီး နောင်တရသည့် အကျဉ်းသားကိုသာ အကျဉ်းကလွတ်ပေးဖို့ အမိန့်ချ မှတ်လိုက်လေသည်။

* * *

ဟိန္ဒူဘာသာ ဓမ္မကျမ်းဂန်ဖြစ်သော ဥပနိသျှဒ်၌ ဝတ္ထုတစ်ပုဒ် ပါရှိသည်။ယာညဝဉကျအမည်ရှိ ရသေ့ကြီးနှင့် ဇနကဘုရင်တို့ စကား ပြောနေကြသည်။ဇနကဘုရင်က ရသေ့ကြီးကို မေးမြန်းလိုက်သည်။ "ကျွန်ုပ်စိတ်ထဲမှာ သက်မကောင်းတဲ့ အချက်တစ်ခုရှိနေတယ်။အဲဒီ အချက်ကို ကျွန်ုပ် နားလည်သဘောပေါက်သွားအောင် ရသေ့ကြီးက ရှင်းလင်းပြောပြပေးစေချင်တယ်။ကျွန်ုပ် တစ်စုံတစ်ခုကို ကြည့်နေတဲ့ နေရာမှာ ဘယ်အရာဝတ္ထု၏ အလင်းရောင်နှင့် ကြည့်နေကြတာလဲ ရသေ့ကြီး"

ရသေ့ကြီးက ပြန်ပြောပြသည်။"ဘုရင်မင်းကြီးက ကလေး သူငယ်တွေတောင် နားလည်တဲ့အကြောင်း လာမေးနေပြန်ပြီ။ရုပ်ဝါရုံ တစ်ခုခုကို ကျုပ်တို့ ကြည့်တာ မြင်ရတာတာဟာ နေရောင်ကြောင့်ဆို တာ လူတိုင်းသိကြတဲ့အချက် ဖြစ်တယ်မဟုတ်လား"

ဇနကမင်းကြီးက ထပ်မေးပြန်သည်။"နေဝင်သွားတဲ့အခါကျ တော့ ကျွန်ုပ်တို့ ဘယ်အလင်းရောင်နှင့် ကြည့်ကြတာလဲ"

ရသေ့ကြီးက ပြန်ဖြေသည်။"နေရောင်မရှိတဲ့အခါကျတော့ လရောင်နဲ့ ကြည့်ကြတာ မဟုတ်လား"

ဇနကမင်းကြီးက ထပ်ဆင့်မေးလိုက်ပြန်သည်။"လရောင် ကြယ်ရောင်တွေလည်း မရှိဘူး။လကွယ်နေ့ည မိုးသားတိမ်လိပ်တွေ ဖုံးလွှမ်းနေတဲ့ ညအခါမျိုး ဆိုပါတော့။အဲဒီလို အချိန်မျိုးမှာတော့ ကျွန်ုပ် တို့ တစ်စုံတစ်ခုကို ဘယ်အလင်းရောင်နဲ့ ကြည့်ကြတာလဲ"

ရသေ့ကြီး၏အဖြေမှာ ဤသို့ဖြစ်သည်။"အဲဒီလို အချိန်မျိုးကျ တော့ ကျုပ်တို့ စကားအလင်းရောင်နှင့် တစ်စုံတစ်ခုကို ကြည့်ကြတယ်။ တောကလည်း နက်တယ်။လေးဘက်လေးရပ် ပတ်ဝန်းကျင်တစ်ခုလုံး

မှောင်မိုက်နေတယ်။ခရီးသွားတစ်ယောက် လမ်းလျှောက်နေတဲ့အတွက် "ကျုပ်ကို လမ်းပြကြပါ"လို့ အသံပေးလိုက်တယ်။အဲဒီအခါမှာ ခပ်လှမ်းလှမ်းမှာ ရှိတဲ့ အခြားတစ်ယောက်က ခရီးပျောက်နေတဲ့လူရဲ့ အော်သံကြားရတော့ "ဒီကိုလာ ကျုပ် လမ်းပေါ်မှာ ရပ်နေတယ်"လို့ အော်ပြောလိုက်တယ်။လမ်းပျောက်နေတဲ့ ခရီးသွားဟာ စကားတည်းဟူသော အလင်းရောင်ကြောင့် လမ်းပေါ်ရောက်သွားခြင်း ဖြစ်တယ်"

ဇနကမင်းကြီးက ထပ်ဆင့်မေးလိုက်ပြန်သည်။"စကားပြောသံလည်း ပေါ်မလာဘူး ဆိုပါတော့။အဲဒီအခါမျိုးမှာ ကျွန်ုပ်တို့ ဘယ်လိုအလင်းရောင်မျိုးနဲ့ ကြည့်ရမလဲ ရသေ့ကြီး"

ရသေ့ကြီးက ပြန်ပြောသည်။"အဲဒီအခါမျိုးကျတော့ နှလုံးသား အလင်းရောင်နဲ့ ကြည့်ရမယ်။နှလုံးသား အလင်းရောင်နဲ့ကြည့်ရင် ဘယ်အရာမဆို မြင်ရ တယ် မင်းကြီး"

* * *

အိန္ဒိယပြည်ရှိ တက္ကသိုလ်များထဲတွင် ဗာရာဏသီ ဟိန္ဒူ တက္ကသိုလ်သည် ထင်ရှားကျော်ကြားသော တက္ကသိုလ်ကြီးတစ်ခု ဖြစ်သည်။ဗာရာဏသီ ဟိန္ဒူတက္ကသိုလ်ကို တည်ထောင်သူမှာ ပဏ္ဍစ် မိုဟန်မာလဝိယအမည်ရှိ ပုဂ္ဂိုလ်ကြီးဖြစ်သည်။မာလဝိယသည် ကိုလိုနီ ခေတ် အိန္ဒိယနိုင်ငံ ခေါင်းဆောင်ကြီးများထဲတွင် တစ်ဦးအပါအဝင် ဖြစ်သည်။

မာလဝိယ အသက်ထင်ရှားရှိစဉ်က ဖြစ်ပျက်ခဲ့သော အဖြစ် အပျက်တစ်ခု ဖြစ်သည်။

တစ်နေ့သ၌ ဗာရာဏသီ ဟိန္ဒူတက္ကသိုလ်ကျောင်းသားများ သည် တက္ကသိုလ်အနီးရှိ ဂင်္ဂါမြစ်သို့သွားပြီး မြစ်ထဲတွင် တွေ့ရသော လှေတစ်စင်းပေါ်ထိုင်လျက် ဆော့ကြသည်။တက္ကသိုလ်ကျောင်းသားပီပီ ဣန္ဒြေရရ ထိန်းထိန်းသိမ်းသိမ်း နေသင့်ကြသော်လည်း သူတစ်ပါးလှေ ပေါ်တက်ပြီး ကိုယ်လွတ်စိတ်လွတ် အပျော်ကျူးကြသောကြောင့် လှေ ပျက်စီးသွားသည်။

လှေကလေးနှင့် အသက်မွေးဝမ်းကျောင်းပြုလုပ်နေသော လှေပိုင်ရှင်သည် လှေကလေး ပျက်စီးဆုံးပါးသွားသည်ကို တွေ့ရသော အခါ ယူကျုံးမရဖြစ်လျက် မာလဝိယထံ ပြေးသွားပြီး စိတ်ဆိုးမာန်ဆိုး နှင့် ကျောင်းသားများ၏အကြောင်း တိုင်တန်းပြောပြသည်။

"မာလဝိယဂျီခင်ဗျား၊ မာလဝိယရဲ့ တက္ကသိုလ်က ကျောင်းသားတွေဟာ တက္ကသိုလ်ကျောင်းသားတွေမှ ဟုတ်ရဲ့လား။ ဘယ်က မိမဆုံးမ ဖမဆုံးမတွေ လာစုနေကြသလဲ မသိဘူး"

မာလဝိယက အကျိုးအကြောင်း မေးကြည့်သောကြောင့် လှေ ပိုင်ရှင် ဆက်ပြောပြသည်။

"မာလဝိယဂျီရဲ့ တက္ကသိုလ်က ကျောင်းသားတွေ ကျွန်တော့် လှေကလေး ဖျက်ဆီးပစ်လိုက်ကြတယ်။ကျွန်တော် ဒီလှေကလေးနဲ့ လုပ်ကိုင်စားသောက်နေရတဲ့ ဆင်းရဲသားတစ်ယောက်ပါ"

မာလဝိယသည် လှေပိုင်ရှင်၏ တိုင်တန်းချက်ကို ကြားရသောအခါ လှေပိုင်ရှင်ကို လက်အုပ်ချီလျက် ပြောရှာသည်။

"ငါ့ကျောင်းသားတွေ ကျူးလွန်တဲ့ အပြစ်ဒဏ်ကို ငါ ခံပါ့မယ်။ငါ မင်းအတွက် လှေအသစ်တစ်စင်း ဝယ်ပေးပါ့မယ်"

နိုင်ငံ့ခေါင်းဆောင် ရောမပုဂ္ဂိုလ်ကြီး၏ နှိမ့်နှိမ့်ချချ အပြုအမူကို တွေ့ရသောအခါ လှေပိုင်ရှင်သည် သဘောထားပြောင်းသွားပြီး "ဒေါသ ထွက်လွန်းမက ထွက်တာနဲ့ ယခုလို လာရောက်တိုင်တန်းရခြင်း ဖြစ်ပါ တယ်။လှေအသစ်တစ်စင်း ကျွန်တော့်ဟာကျွန်တော် ဖန်တီးပါ့မယ်။ ကျွန်တော့်ကို ခွင့်လွှတ်ပါ"ဟု ပြောလျက် ဂင်္ဂါမြစ်ကမ်းပါးသို့ ပြန်လည် ထွက်ခွာသွားသည်။

* * *

အမျိုးသမီးတစ်ယောက် ရှိသည်။ထိုအမျိုးသမီးသည် ဒေါသ အလွန်ကြီးသည်။မပြောပလောက်သော အကြောင်းကလေးနှင့်ပင်ဖြစ်ဖြစ် နင်းကန် ဒေါသထွက်လာတတ်သည်။ဒေါသထွက်လာသည့်အခါတိုင်း လည်း မကြားဝံ့မနာသာ အယုတ္တအနတ္တများကို ပြောတတ်သည်။

ဒေါသကြီးသော ထိုအမျိုးသမီးကြောင့် သူ့တစ်အိမ်လုံး မှုသာမက တစ်ရက်ကွက်လုံး စိတ်ညစ်နေကြသည်။အမျိုးသမီး ကိုယ်တိုင်ကလည်း မိမိဒေါသကို ထိန်းမထားနိုင်သောကြောင့် မကြဲ တတ် မစည်တတ်ဖြစ်နေသည်။ဒေါသပြေသွားသည့်အခါတိုင်း နောင်တ တရား ရနေတတ်သည်။သို့သော်လည်း ဒေါသကို မချုပ်တည်းနိုင်သော ကြောင့် အကြောင်းပေါ်ပေါက်လာလျှင် ဝုန်းခနဲ ဒေါသအိုးပေါက်ကွဲ သွားသည်သာ ဖြစ်သည်။

တစ်နေ့သ၌ ရသေ့တစ်ပါး ထိုအမျိုးသမီးအိမ် ကြွလာသည်။ အမျိုးသမီးက ရသေ့ကို သူ့အကြောင်း လျှောက်ထားပြောပြသည်။

"ရသေ့ကြီး၊ တပည့်တော်မမှာ ကိုယ့်ဒေါသကိုယ် မထိန်းနိုင် တဲ့ အတွက် အလွန်တရာ ဒုက္ခရောက်နေရပါတယ်။ထစ်ခနဲဆိုရင် ဒေါသထွက်လာတတ်ပါတယ်။ဒေါသထွက်လာရင်လည်း ဘာကိုမှ မစဉ်းစား မဆင်ခြင်တော့ပါဘူး။မှားတာတွေ လုပ်မိပါတယ်။ဒေါသ ပြေပျောက်တဲ့ နည်းလမ်းများရှိရင် တပည့်တော်မကို ညွှန်ကြားတော် မူပါ"

ရသေ့ကြီးက ပြန်ပြောသည်။

"ကိစ္စမရှိပါဘူး။ကျုပ်ဆီမှာ ဒေါသပျောက်သွားအောင် လုပ်တဲ့ ဆေး ရှိတယ်။နက်ဖြန်ကျတော့ ယူလာခဲ့မယ်။စိတ်မပူပါနဲ့"

နောက်တစ်နေ့တွင် ရသေ့ကြီးသည် ထိုအမျိုးသမီးအိမ်ကို ရောက်လာသည်။အမျိုးသမီးကို ရသေ့ကြီးက ဆေးပုလင်းပေးပြီး ပြောသည်။

"ဒေါသထွက်လာတဲ့အခါ ဒေါသပျောက်သွားတဲ့အထိ ပုလင်းထဲက ဆေးရည်ကို ဖြည်းဖြည်းသောက်ပါ။နောက် တစ်ပတ်ပြည့်တဲ့အခါ အကျိုးအကြောင်း သိရအောင် ကျုပ် တစ်ခါလာခဲ့ဦးမယ်"

ယင်းသို့ပြောဆိုပြီး ရသေ့ကြီး ပြန်ကြွသွားသည်။

ရသေ့ကြီးပေးသွားသော ဆေးပုလင်းကို အမျိုးသမီးက သိမ်းထားသည်။

အကြောင်းတစ်ခုခုကြောင့် ဒေါသထွက်လာသောအခါ အမျိုးသမီးသည် ရသေ့ကြီး ညွှန်ကြားသွားသည့်အတိုင်း ပုလင်းထဲက ဆေးရည်ကို တစ်စက်ချင်း ဖြည်းဖြည်းသောက်သည်။

နောက်တစ်ပတ်ကြာသောအခါ ရသေ့ကြီး ကြွလာပြန်သည်။ အမျိုးသမီးက ရသေ့ကြီးကို ရှိခိုးဦးတင်လုပ်ပြီး ပြောလိုက်သည်။

"ရှင်ရသေ့ကြီး တပည့်တော်မကို ကယ်တင်လိုက်ပါတယ်။ ရှင်ရသေ့ကြီး ပေးတဲ့ဆေးကို သောက်လိုက်တာနဲ့ တပည့်တော်မ ဒေါသ ပြေပျောက်သွားပါတယ်။ဒေါသပြေစေတဲ့ ဘယ်လိုဆေးမျိုးကို ပေးတယ်ဆိုတာ တပည့်တော်မ သိချင်ပါတယ်"

"ပုလင်းထဲမှာ ဘာဆေးမှ မရှိဘူး။ရေပဲ ထည့်ထားတယ်။ ပုလင်းထဲက ရေကို သောက်နေရတဲ့အတွက် စကားပြောချိန် သိပ်မရဘူး မဟုတ်လား။ဒေါသကို ပြေဖျောက်စေတဲ့ အကောင်းဆုံးဆေးဟာ ပါးစပ်ပိတ်ထားခြင်းပဲ ဖြစ်တယ်။ပါးစပ်ပိတ်ထားရင် ဒေါသဟာ သူ့အလိုလို ပျောက်သွားလိမ့်မယ်။

* * *

ရှေးဟောင်း ဂရိနိုင်ငံ၌ ဖြစ်ပျက်ခဲ့သော အဖြစ်အပျက်တစ်ခု ဖြစ်သည်။ဓမ္မဂုရုတစ်ယောက်က ဆိုကရေတီသည် ဂရိတစ်နိုင်ငံလုံး၌ ဉာဏ်ပညာအရှိဆုံးဖြစ်၏ဟု ကြေညာလိုက်လေသည်။ယင်းကြေညာချက်ကို ကြားရသောအခါ လူပေါင်းများစွာတို့သည် ဆိုကရေတီထံသို့ ချီးကျူးဂုဏ်ပြုရန် ရောက်ရှိလာကြသည်။

သူ့အကြောင်းနှင့် ပတ်သက်ပြီး ဓမ္မဂုရုပြောသော စကားကို ကြားရသောအခါ ဆိုကရေတီက ပြောသည်။"လွန်ခဲ့တဲ့အချိန်က ကျုပ်နှင့် ပတ်သက်ပြီး ဓမ္မဂုရု ယခုလိုပြောရင် ကျုပ် ဝမ်းသာအားရ မဖြစ်ဘဲ နေမှာ မဟုတ်ဘူး။ယခုတော့ အချိန်နှောင်းသွားပြီ။ကျုပ် ငယ်ရွယ်စဉ်က ကိုယ့်ကိုယ်ကိုယ် အထင်ကြီးတဲ့အတွက် ဓမ္မဂုရုပြောသလိုပဲ ငါလိုလူ ဇမ္ဗူမှာမရှိဘူးလို့ပဲ နားထင်သွေးရောက်နေခဲ့တယ်။ဒါပေမဲ့ တဖြည်းဖြည်း ကျုပ် အသိဉာဏ်ပညာ ရင့်ကျက်လာတဲ့အခါကျတော့ ငါ့အသိဉာဏ်ပညာဟာ ဘာမှ မပြောပလောက်သေးပါကလားလို့ နားလည်သဘောပေါက်လာတယ်။ဓမ္မဂုရုဆီသွားပြီး "ကျုပ် ယခု သိရှိ နားလည်နေတဲ့ အသိဉာဏ်ပညာဟာ ဘာမှ မပြောပလောက်သေးပါဘူး။ သိရှိနားလည်စရာတွေ တစ်ပုံတစ်ခေါင်းကြီး ကျန်နေသေးတယ်လို့ ပြောပေးကြပါလား"

ဆိုကရေတီကို ချီးကျူးဂုဏ်ပြုဖို့ လာသူများသည် ဆိုကရေတီ ပါးလိုက်သော စကားကို ဓမ္မဂုရုထံ ပြန်ပြောကြပြန်သည်။

"ဆိုကရေတီက ဂရိနိုင်ငံမှာ သူ ပညာအရှိဆုံးဆိုတဲ့ အယူအဆကို လက်မခံပါဘူး။သူ သိတာတတ်တာ ဘာမှ မပြောပလောက်ပါဘူးလို့ ပြောလိုက်ပါတယ်"

ဆိုကရေတီ ပြောလိုက်သည်ဆိုသော စကားကို ကြားရသော အခါ ဓမ္မဂုရုက ရယ်ပြီးပြောတယ်။

"အဲဒါကြောင့် ကျုပ် သူ့ကို ပညာအရှိဆုံးပုဂ္ဂိုလ်လို့ ပြောလိုက်တာ။လောကမှ တကယ့်ပညာရှိပုဂ္ဂိုလ်များသာ မိမိတို့အနေနှင့် သင်ကြားဆည်းပူးစရာတွေ အများကြီး ကျန်နေသေးပါကလားဆိုတာ နားလည်သဘောပေါက်တတ်တယ်"

ဆိုကရေတီ၏ ယင်းထုတ်ပြန်ကြေညာချက်သည် ကမ္ဘာ့ဒဿနပညာရှင်များ၏ သမိုင်းနှင့် လူမှုရေးသမိုင်း၌ ယနေ့ထက်တိုင် ပွဲတင်ထပ်လျက် ရှိနေတုန်းပင် ဖြစ်သည်။

* * *

# ပန်းချီဆရာ၏ မျိုးချစ်စိတ်

ပဉ္စဝဂ္ဂီ ရဟန်းငါးပါးအား မြတ်စွာဘုရား ဓမ္မစကြာတရားဦး ဟောရာ ဗာရာဏသီမြို့အနီးက မိဂဒါဝုန်သည် အိန္ဒိယနိုင်ငံ၌ ဗုဒ္ဓနှင့် ပတ်သက်သော သံဝေဇနိယ လေးဌာန နေရာမြတ် လေးပါးထဲတွင် တစ်ပါးအပါအဝင် ဖြစ်သည်။ဘီစီ သုံးရာစုက အသောကမင်းတရားကြီး သည် သံဝေဇနိယ လေးဌာနတွင် အထိမ်းအမှတ်ကျောက်တိုင်များ စိုက်ထူထားခဲ့သည့်အတွက်ကြောင့်သာ နှောင်းလူများ ဤနေရာကား ဗုဒ္ဓဂယာ၊ ဤနေရာကား မိဂဒါဝုန်၊ ဤနေရာကား လုမ္ဗိနီဟူ၍ သိကြရ ခြင်း ဖြစ်သည်။

ဆာရနတ်ခေါ် မိဂဒါဝုန်၌ ယခင်က ရှေးဟောင်းအမှတ် အသားအဖြစ် အသောကကျောက်တိုင် ဓမ္မေခပုထိုးတော်ကြီး ကျောင်းတော်ရာများ ရှိသည်။လွန်ခဲ့သော နှစ် ၁၀၀ ခန့်က အနာဂါရိက ဓမ္မပါလသည် မိဂဒါဝုန်နှင့် ဗုဒ္ဓဂယာက မဟာဗောဓိ စေတီပုံသဏ္ဌာန် "မူလ ဂန္ဓကုဋီဝိဟာရ" အမည်ရှိ ကျောင်းတော် အဆောက်အအုံသစ် တစ်ခု ဆောက်လုပ်သည်။အိန္ဒိယ ဘုရားဖူးခရီးသည်များသည် မိဂဒါဝုန်တွင် "မူလ ဂန္ဓကုဋီဝိဟာရ"ကို တွေ့ကြလိမ့်မည်။မူလ ဂန္ဓကုဋီ ဝိဟာရအတွင်း၌ ဘူမိဖဿမုဒြာဖြင့် ထုလုပ်ထားသော ရှေးအကျဆုံး မူလ ဓမ္မစကြာဟောဟန် ရုပ်တုတော်ကိုလည်း ဖူးတွေ့ရလိမ့်မည်။မူလ ဂန္ဓကုဋီဝိဟာရ၏ အခြား ထူးခြားချက်တစ်ခုမှာ အတွင်းနံရံဘက်၌ ရှိသော ဗုဒ္ဓဝင် ပန်းချီလက်ရာများ ဖြစ်သည်။ယင်းပန်းချီလက်ရာများကို ပုံဖော်သူမှာ ဂျပန်အနုပညာရှင် ဖြစ်သည်။

မူလ ဂန္ဓကုဋီဝိဟာရ ဆောက်ပြီးစက ကျောင်းတော်၏နံရံတွင် ဗုဒ္ဓဝင် ပန်းချီရေးဆွဲရန် ဂျပန်နိုင်ငံမှ ပန်းချီဆရာတစ်ဦး ရောက်ရှိလာ သည်။ဂျပန် ပန်းချီဆရာသည် တစ်နေ့လုံး အာရုံစူးစိုက်ပြီး နံရံ

ပန်းချီကားကို ရေးဆွဲသည်။ညနေချမ်းအချိန်ရောက်လာမှသာ တစ်နေ့တာ ပန်းချီရေးဆွဲသည့်အလုပ် ရပ်နားပြီး သူကိုယ်တိုင် ထမင်းချက်စားသည်။ထမင်းကလည်း ထွေထွေထူးထူး မဟုတ်ပေ။အိုးထဲတွင် ဆန်၊ ပဲ၊ အာလူး ရောထည့်ပြီး ပဲထမင်း အာလူးထမင်း ချက်စားခြင်းဖြစ်သည်။

တစ်နေ့ အနုပညာရှင် ဂျပန် ထမင်းချက်ဖို့ ပြင်ဆင်နေချိန် ရဟန်းတစ်ပါး ပန်းချီဆရာအနီး ရောက်သွားသည်။ပန်းချီဆရာသည် ပုံးတစ်ပုံးထဲက ဆန်အနည်းငယ်ကို ထမင်းချက်မည့် အိုးထဲကဆန်ထဲသို့ ရောထည့်နေသည်။ရဟန်းသည် ပန်းချီဆရာ၏ ထူးခြားသောအပြုအမူကိုတွေ့ရ၍ "ထမင်းချက်မယ့်ဆန်ထဲ ပုံးထဲကဆန်အနည်းငယ် ဘာဖြစ်လို့ ရောထည့်သလဲ။ပုံးထဲက ဆန်က ဘယ်လိုထူးခြားမှုရှိလို့လဲ"ဟု မေးလိုက်သည်။

ပန်းချီဆရာက ထမင်းအိုးကို မီးဖိုပေါ်တင်ရင်း ပြောပြသည်။

"ပုံးထဲက ဆန်က တပည့်တော်တို့ ဂျပန်ပြည်မှာစိုက်တဲ့ဆန်စပါးပါ။အမိနိုင်ငံတော်ကို လေးစားတဲ့အနေနဲ့ ဂျပန်ပြည်က ဆန်ကိုအနည်းအကျဉ်းဖြစ်ဖြစ် တပည့်တော် ထည့်ထည့်ချက်ပါတယ်"

ဂျပန် ပန်းချီဆရာ၏ အဖြေစကား ကြားရသောအခါ စုံစမ်းမေးမြန်းသော ရဟန်းသည် ဂျပန် အနုပညာရှင်၏ မျိုးချစ်စိတ်၊ နိုင်ငံချစ်စိတ်ကို သိရသည့်အတွက် အကြီးအကျယ် အံ့သြသွားသည်။

* * *

# ပြဒါးရှင်လုံး လက်လွတ်သူ

တစ်နေ့သ၌ သိဒ္ဓိရှင်တစ်ဦးသည် သူ့တပည့်တစ်ဦးအား ချီးမြှောက်မစလိုသောကြောင့် ပြဒါးရှင်လုံးပေးရန် နေရာတစ်နေရာသို့ ခေါ်သွားသည်။သူခေါ်သွားလိုသောနေရာ ရောက်သွားသောအခါ သိဒ္ဓိရှင်က သူ့တပည့်ကို "ဒီနေရာတူးကြည့်၊ သံသေတ္တာတစ်လုံး တွေ့လိမ့်မယ်။သေတ္တာထဲမှာ ပြဒါးရှင်လုံး ရှိတယ်။ပြဒါးရှင်လုံးထိတဲ့ ဘယ်ဓာတ်သတ္တုမျိုးမဆို ရွှေဖြစ်သွားလိမ့်မယ်"ဟု ပြောသည်။

စာပေကျမ်းဂန်များ သင်ကြားတတ်မြောက်ထားသော တပည့်က စဉ်းစားကြည့်သည်။"သံသေတ္တာထဲမှာ ပြဒါးရှင်လုံး ရှိတယ်ဆိုရင် ပြဒါးရှင်လုံးနဲ့ သံသေတ္တာ မထိဘဲနေမှာ မဟုတ်ဘူး။ပြဒါးရှင်လုံးနဲ့ ထိနေတဲ့အတွက် သံသေတ္တာ ရွှေဖြစ်သွားရမယ်။ယခုတော့ ဘာမှ ထူးခြားတာ မတွေ့ရပါကလား"

ယင်းသို့ စဉ်းစားပြီးလျှင် သူ့ဆရာ သိဒ္ဓိပေါက်နေသူ ထိုနေရာက ထွက်သွားသောအခါ တူး၍ပေါ်လာသော သံသေတ္တာကို လွှင့်ပစ်လိုက်သည်။လွှင့်ပစ်လိုက်သော သံသေတ္တာ မြေကြီးပေါ်ကျသွားသောအခါ အဖုံးပွင့်သွားသည့်အတွက် သေတ္တာထဲက ပြဒါးရှင်လုံး အပြင်ဘက်ထွက်သွားပြီး ဘယ်ရောက်သွားသည် မသိတော့ပေ။သို့သော်လည်း သေတ္တာအဖုံး ပြဒါးရှင်လုံးနှင့် ထိသွားသည်ဖြစ်၍ သံသေတ္တာ ရွှေဖြစ်သွားသည်။

တပည့်ဖြစ်သူသည် တအံ့တသြဖြစ်သွားပြီး သေတ္တာကို အသေအချာကိုင်ကြည့်သောအခါ သေတ္တာထဲတွင် ပြဒါးရှင်လုံး ထည့်ထားသောနေရာ၌ အဝတ်တစ်ထပ်ခံထားသည်ကို တွေ့ရ၍ "သေတ္တာနှင့် ပြဒါးရှင်လုံး တိုက်ရိုက်မထိတွေ့ရသည့်အတွက် သေတ္တာ ရွှေဖြစ်မလာတာပါကလား"ဟု နားလည်သဘောပေါက်သွားသည်။

လူတို့သည် စဉ်းစားဉာဏ်ကို သစ္စာတရား သိရှိရာ သိရှိကြောင်းဟု ထင်မှတ်ယူဆထားကြသည်။သို့သော်လည်း စဉ်းစားလွန်းသည့်အတွက် အတွေးခေါင်လွန်းသည့်အတွက် သစ္စာတရားနှင့် အကြိမ်များစွာ အလှမ်းဝေးသွားကြသည်လည်း ရှိသည်။သိဒ္ဓိရှင်၏တပည့်သည် အတွေးခေါင်လွန်းသည့်အတွက် ပြဒါးရှင်လုံး လက်လွတ်သွားသည်။

* * *

၁၉၃၃ ခုနှစ်တွင် ယမုံနာမြစ်ရေလျှံမ်းသောကြောင့် ဒေလီမြို့၏ အနီးအနားတစ်ဝိုက်က ရွာများသည် ရေဘေးဒုက္ခတွေ့ကြသည်။ လူမှုရေး အကူအညီပြုလုပ်သူများနှင့် နာမည်ကျော် စာရေးဆရာတစ်ဦး ဖြစ်သော ပရာဆပ်သည် စေတနာ့ဝန်ထမ်းအချို့နှင့်အတူ ရေဘေး ဒုက္ခသည်များအတွက် အဝတ်အစား၊ ဆေး၊ အစားအစာ စသော ပစ္စည်းများကို ဆောင်ယူပြီးလျှင် ရေဘေးဒုက္ခတွေ့နေသော ရွာတစ်ရွာ ရောက်သွားကြသည်။

ထိုရွာ၌ မုဆိုးမတစ်ယောက်၏အိမ် ရောက်သွားသောအခါ အိမ်ရှင် မုဆိုးမသည် ချည်ငင်နေသည်။စာရေးဆရာက ထိုမုဆိုးမအား လက်အုပ်ချီ နှုတ်ဆက်ပြီးလျှင် "အဒေါ် ဆန်ယူမလား၊ ဂျုံယူမလား၊ အဝတ်အစားယူမလား၊ ဒါမှမဟုတ် တခြား ဘာပစ္စည်းလိုချင်သလဲ"ဟု မေးသည်။စာရေးဆရာ ပရာဆပ်မေးသောစကားကို ကြားရသောအခါ မုဆိုးမ အမျိုးသမီးက ပြန်ပြောသည်။"သား အမေချည်ငင်ပြီး အသက် မွေးဝမ်းကျောင်းပြုလာတာ နှစ်ပေါင်း နှစ်ဆယ်လောက်ရှိပြီ၊ ဘယ်တုန်း ကမှ သူတစ်ပါးထံမှာ လက်ဖြန့်မတောင်းခဲ့ဘူး။ယခုကျမှ လက်ဖြန့် တောင်းခံပြီး မိမိတစ်သက်တာ ဘဝကို အိုးမည်းမသုတ်ပါရစေနဲ့"ဟု ပြန်ပြောလိုက်သည်။

စာရေးဆရာ ပရာဆပ်သည် မုဆိုးမအမျိုးသမီး သူတစ်ပါးထံ အောက်ကျို့မခံဘဲ မိမိအစွမ်းအစနှင့် ရပ်တည်နေသည်ကို တွေ့ရသော အခါ မုဆိုးမ အမျိုးသမီးကြီးကို ဦးညွှတ် အရိုအသေပြုလိုက်လေသည်။

* * *

အီရှရကျန္ဒရဗိဒျာဆာဂရသည် လွန်ခဲ့သော နှစ်တစ်ရာခန့်က အိန္ဒိယနိုင်ငံ၌ ထင်ပေါ်ကျော်ကြားခဲ့သော ပညာရှင် မျိုးချစ်ပုဂ္ဂိုလ်ကြီး ဖြစ်သည်။အီရှရကျန္ဒရနှင့် ပတ်သက်သော ပြောစရာ ရေးစရာအကြောင်း များကို အိန္ဒိယနိုင်ငံ၌ နောက်ပိုင်းတွင် ပြောလည်း ပြောလာခဲ့ကြသည်။ ရေးလည်း ရေးလာခဲ့ကြသည်။ကျောင်းသုံးစာအုပ်များ၌ပင် အီရှရကျန္ဒရ နှင့် ပတ်သက်သော နောင်လာနောင်သားများ မှတ်သားစရာ အကြောင်း အရာများကို ရေးသားဖော်ပြထားကြသည်။

ကလကတ္တားမြို့ ကောလိပ်စကွဲယားအရပ်၌ ကလကတ္တား တက္ကသိုလ်၏ ပရီစီဒင်စီကောလိပ်၊ အမျိုးသမီးကောလိပ်၊ လော ကောလိပ် စသောကောလိပ်များ ရှိနေကြသည်။ကောလိပ်စကွဲယား လမ်းမကြီး၏ဘေးတွင် သက္ကတကောလိပ်လည်း ရှိသည်။အီရှရကျန္ဒရ သည် သက္ကတကောလိပ်၏ ကျောင်းအုပ်ကြီးအဖြစ်ဖြင့် လည်း ဆောင်ရွက်ခဲ့သည်။သူ သက္ကတကောလိပ်ကျောင်းအုပ်ကြီးအဖြစ် ဆောင်ရွက်နေစဉ်က ပရီစီဒင်စီကောလိပ် ကျောင်းအုပ်ကြီးနှင့် ပညာရေး ကောင်စီ အတွင်းဝန်တို့သည် အင်္ဂလိပ်လူမျိုးများ ဖြစ်ကြသည်။သက္ကတ ကောလိပ် ကျောင်းအုပ်ကြီးအဖြစ်နှင့် ရှိစဉ်က အီရှရကျန္ဒရ တိုက်ပွဲဝင် ခဲ့သော ဗြိတိသျှအုပ်ချုပ်ရေးပိုင်းက အင်္ဂလိပ်လူမျိုးများထဲတွင် လုပ်ပိုင်ခွင့် အရှိဆုံး ပုဂ္ဂိုလ်များဖြစ်သည်။ပရီစီဒင်စီကောလိပ် ကျောင်းအုပ်ကြီးကို လည်းကောင်း၊ ပညာရေးကောင်စီ အတွင်းဝန်ကိုလည်းကောင်း အီရှရ ကျန္ဒရ အန်တုခဲ့သော အဖြစ်အပျက်များကို နောက်ပိုင်း၌ အတော် များများ မှတ်တမ်းတင်ထားကြသည်။

ကောလိပ်စကွဲယား လမ်းမကြီး၏ဘေးတွင် ဥယျာဉ်တစ်ခု ရှိသည်။ဥယျာဉ်ကြီးထဲတွင် ရေကူးကန်လည်း ရှိသည်။ကလကတ္တား

မြို့သူမြို့သားများသည် အားလပ်ချိန်များ၌ ယင်းဥယျာဉ်ကြီးထဲတွင် လာရောက် အပန်းဖြေလေ့ ရှိကြသည်။ဥယျာဉ်ကြီး၏ အရှေ့ဘက်ခြမ်း၊ လမ်းမတစ်ဘက်၌ မဟာဗောဓိအသင်း၊ ဗဟိုဌာနချုပ် အသင်းတိုက်ကြီး ရှိသည်။ကလကတ္တားမြို့ရောက်တိုင်း ယင်းဥယျာဉ်ကြီးထဲကဖြတ်ပြီး မဟာဗောဓိအသင်းတိုက်သို့ သွားလေ့ရှိကြသည်။ယင်းဥယျာဉ်ကြီးသည် ကောလိပ်စကွဲယား လမ်းမဘေးတွင်ရှိသောကြောင့် မဟာဗောဓိအသင်းတိုက်သွားကြသော မိမိတို့သည် ကောလိပ်စကွဲယား လမ်းမဘေးက ဥယျာဉ်ဝင်းထဲဝင်ပြီး ဥယျာဉ်ကြီးကို ဖြတ်သွားကြရသည်။ဥယျာဉ်ကြီးထဲဝင်တိုင်း အဝင်ဝ၌ ကိုယ်တစ်ပိုင်းပုံ ကျောက်ရုပ်တုတစ်ခုကို တွေ့ရသည်။ယင်းကျောက်ရုပ်တုသည် အီရှရကျန္ဒရ၏ ကျောက်ရုပ်တု ဖြစ်သည်။ယင်းဥယျာဉ်ကြီးနှင့် မနီးမဝေး၌ရှိသော သက္ကတကောလိပ်၌လည်း အီရှရကျန္ဒရ၏ ကျောက်ရုပ်တုတစ်ခု ထုလုပ်ထားသည်။

ယင်းကဲ့သို့ ဗြိတိသျှအစိုးရကို ပြောင်ပြောင်တင်းတင်း ဆန့်ကျင်အန်တုသော မျိုးချစ်ပညာရှင် ပုဂ္ဂိုလ်ကြီးတစ်ဦး ဖြစ်လင့်ကစား အီရှရကျန္ဒရ၏ဘဝတွင် လူသားဆန်သော အဖြစ်အပျက်များ ဖြစ်စေခဲ့ဖူးသည်ကိုလည်း တွေ့ရသည်။

တစ်နေ့သောအခါ၌ အီရှရကျန္ဒရသည် ကလကတ္တားမြို့ ပြဇာတ်ရုံတစ်ရုံ၌ ကပြသော ပြဇာတ်တစ်ခုကို အထူးဧည့်သည်တော် အဖြစ်နှင့် သွားကြည့်သည်။ပြဇာတ်ထဲတွင် လူဆိုး၊ ဗီလိန်၊ သူခိုး၊ လူကြမ်းဖြစ်သော ဇာတ်ဆောင်သည် ပြဇာတ်ထဲက ဇာတ်ဆောင်အားလုံးကို ညှဉ်းပန်းနှိပ်စက်နေသည်။အခန်းတစ်ခန်း၌ ယင်းဇာတ်ဆောင် ဗီလိန်သည် ညဥ့်အချိန် တောအုပ်တစ်ခုထဲတွင် မိန်းမတစ်ယောက်ကို ဆွဲလားလွဲလားလုပ်သည်။ပြဇာတ်ရုံ ရှေ့တန်းတွင် ထိုင်နေသော ပွဲကြည့်ပရိသတ်ထဲတွင် အီရှရကျန္ဒရလည်း ပါသည်။ အီရှရကျန္ဒရသည် ပြဇာတ်ထဲက ယင်းဗီလိန်လူဆိုး ဇာတ်ဆောင်၏ သရုပ်ဆောင်နေပုံကို တွေ့ရသောအခါ ခံစားမှု လွန်လွန်ကဲကဲဖြစ်သွားပြီး ဇာတ်ကနေသည်ဆိုသည်ကို သတိမထားဘဲ ဇာတ်စင်ပေါ် ရုတ်တရက် တက်သွားပြီး ဇာတ်ဆောင် ဗီလိန်လူဆိုးကို ဖိနပ်ချွတ်ပြီး ရိုက်သည်။

ဇာတ်ဆောင် ဗီလိန်သည် အထူးဧည့်သည်တော်အဖြစ် ပြဇာတ်လာကြည့်နေသော မျိုးချစ်ပညာရှင် ပုဂ္ဂိုလ်ကြီးထက် ထိုအချိန်၌ နားလည်မှုရှိသူ ဖြစ်နေသည်။ဇာတ်ဆောင် လူဆိုးဗီလိန်သည် အီရှရကျန္ဒရ လက်ထဲက ဖိနပ်ကို ဆွဲယူပြီး ပြောလိုက်သည်။

"ဆရာကြီး ဖိနပ်ကို ကျွန်တော် ပြန်မပေးတော့ဘူး။ဆရာကြီး ရဲ့ ဖိနပ်ဟာ ကျွန်တော့်အတွက် အကြီးမားဆုံးဆု ဖြစ်တယ်။ကျွန်တော် ပြဇာတ်ထဲမှာ သရုပ်ဆောင်ခဲ့တာ များလှပြီ။ဘယ်တုန်းကမှ အခုလို ကျွန်တော်သရုပ်ဆောင်တာ အသို့ခံရပြီး သရုပ်ဆောင်နေတယ် ဆိုတာကို မေ့သွားတာမျိုး မရှိခဲ့ဘူး။ဆရာကြီးရဲ့ဖိနပ် ကျွန်တော် ပြန်မပေး တော့ဘူး"

"ပညာရှိ သတိဖြစ်ခဲ" ဆိုသည့်အတိုင်း မျိုးချစ်ပညာရှင် ပုဂ္ဂိုလ်ကြီး အီရှရကျန္ဒရသည် သရုပ်ဆောင်နေသူကို တကယ်အစစ် အမှန်ဟု ထင်မှတ်သွားခြင်းလား၊ သို့မဟုတ် အချို့ပညာရှင် ပုဂ္ဂိုလ်များ သည် ခံစားမှုဖြစ်ပေါ်လာလျှင် ခံစားမှု အထွတ်အထိပ်သို့ ရောက်သွား တတ်သည့်အတွက်ကြောင့်လား။မည်သို့သော အကြောင်းကြောင့် ယခုလို ပြုလုပ်ခြင်း ဖြစ်သည်ဟု မပြောနိုင်သော်လည်း အီရှရကျန္ဒရကမူ သူ့အမှားအတွက် စိတ်မကောင်းဖြစ်သွားသည်။

* * *

အပြင်ဘက်က လမ်းလျှောက်ပြီး ပြန်လာသောအခါ အိမ်အပြင်ဘက်တွင် ဒုက္ခသည်တစ်ယောက်ကို တွေ့ရသည်။ဒုက္ခသည် မှာ ကုဋ္ဌနူနာ စွဲကပ်နေပြီး တစ်ကိုယ်လုံးလိုလိုတွင် ပြည်တွေ တရွှဲရွှဲ ယိုစီးကျနေသည်။

အိမ်ရှင်ပုဂ္ဂိုလ်ကြီးက ဒုက္ခသည်ကို ကြင်နာသောအကြည့်ဖြင့် ကြည့်လိုက်သည်။ဒုက္ခသည်က ညှိုးငယ်အားလျော့သောအသံဖြင့် ပြော လိုက်သည်။"ကျွန်တော် ဗာဗူရဲ့ အိမ်တံခါးဝမှာ စိတ်နှလုံး ငြိမ်းအေးစွာ နှင့် အသက်ဇီဝိန်ချုပ်သွားလိုတဲ့ဆန္ဒရှိတဲ့အတွက် အခု ဗာဗူရဲ့အိမ် အရဲစွန့်လာရောက်ရခြင်း ဖြစ်ပါတယ်"ဟု အသနားခံသည်။

ကုဋ္ဌနူနာရောဂါသည်၏ အခြေအနေကို တွေ့ရသောအခါ ဗာဗူသည် ကြင်နာသနားစိတ် တဖွားဖွား ဖြစ်ပေါ်လာသည်။သို့သော် လည်း ကုဋ္ဌနူနာရောဂါသည်ကို ဘယ်လိုလုပ် နေရာပေးမည်နည်း။ ထိုအိမ်မှာ သူတစ်ဦးတည်းပိုင် အိမ်လည်းမဟုတ်ပေ။တခြား ညီအစ်ကို မောင်နှမများလည်း သူနှင့်အတူ ထိုအိမ်၌ပင် နေကြသည်။

တခဏမျှ ချီတုံချတုံဖြစ်နေပြီးလျှင် ဗာဗူသည် အိမ်ထဲဝင်သွား သည်။ထိုအခိုက် ဗာဗူ၏ အတွင်းသန္တာန်ထဲတွင် အယူအဆတစ်ခု တိုက်ပွဲဝင်နေကြသည်။

"မင်း ကိုယ့်ကိုယ်ကိုယ် ပြည်သူ့အကျိုးဆောင်လို့ ထင်မှတ်နေ တယ်။ဒုက္ခသည်တစ်ယောက်ကို မျက်နှာလွှဲခဲပစ် လုပ်လိုက်မလို့လား"

"ငါ့အတွက်ကတော့ ဘာမှပြောစရာ မရှိပါဘူး။ငါနဲ့အတူနေ တဲ့ ငါ့ညီအစ်ကို မောင်နှမတွေ ရှိသေးတယ်။ကုဋ္ဌနူနာရောဂါသည် တစ်ယောက်ကို နေရာပေးလို့ သူတို့ ကြိုက်ကြပါ့မလား"

"အဲဒီလိုဆိုရင် လူသားအကျိုး သယ်ပိုးဆောင်ရွက်မယ်ဆိုတဲ့ ရည်ရွယ်ချက်ကို စွန့်ပစ်လိုက်ဖို့ပဲ ရှိတယ်"

အတွင်းသန္တာန်ထဲက အတွေးအခေါ် အယူအဆတိုက်ပွဲ အမြင့်ဆုံး အခြေအနေအထိ ရောက်သွားပြီးနောက် "ဘယ်သူဘာပြောပြော ငါ လုပ်ရမယ့်အလုပ်ကို မလုပ်ဘဲနေလို့ မဖြစ်ဘူး။ အားကိုးတကြီးနဲ့လာတဲ့ ခိုကိုးရာမဲ့သူကို ခိုလှုံခွင့် မပေးလို့ မဖြစ်ဘူး။ သူ့ခမျာ နောက်ဆုံးအချိန် ငါ့ဆီမှာနေပြီး ကုန်ဆုံးသွားလိုတဲ့အတွက် လာရှာတာ။သူ့ဆန္ဒကို မလိုက်လျောဘဲ သူ့ကို မောင်းထုတ်လိုက်ရင် သူ့ခမျာ အသေဖြောင့်ရှာမှာ မဟုတ်ဘူး"ဟု ဆုံးဖြတ်လိုက်ပြီးလျှင် ခြံဝင်းထဲက အဆောင်တစ်ဆောင်ကို ရှင်းလင်းလျက် ဒုက္ခသည်ကို နေရာပေးထားလိုက်လေသည်။နေရာပေးရုံမျှသာမကဘဲ လူသားအကျိုးပြု ထိုပုဂ္ဂိုလ်သည် ကုဋ္ဌနူနာ ရောဂါသည်ကို သူကိုယ်တိုင် ဆေးထည့်ပေးခြင်း၊ ဖန်ရည်ဆေးပေးခြင်း စသော အလုပ်ကိုလည်း မရွံမရှာ လုပ်ကိုင်ဆောင်ရွက်ပေးသည်။ဒုက္ခိတသည် ထိုအိမ်၌ အချိန်အတန်ကြာ နေထိုင်ပြီး ထိုအိမ်၌ပင် ဗာပူ၏ မျက်စိအောက်၌ ကွယ်လွန်သွားသည်။

ကုဋ္ဌနူနာရောဂါသည်ကို ကိုယ့်အိမ်တွင် နေရာပေးထားရုံမျှသာမက ကိုယ်ဖိရင်ဖိ စောင့်ရှောက်သည့်အလုပ်ကိုပါလုပ်သော ပုဂ္ဂိုလ်မှာ ပြည်သူအများက အမြတ်တနိုး "ဗာပူ"ဟု ခေါ်ကြသော မဟတ္တမဂန္ဒီဖြစ်သည်။

မဟတ္တမဂန္ဒီသည် တိုင်းပြည်လွတ်လပ်ရေးကို အသက်ပေးဆောင်ရွက်သွားရုံမျှသာမက တစ်ခါတုန်းက ကုဋ္ဌနူနာရောဂါသည် တစ်ယောက်ကိုလည်း အိမ်ပေါ်တင်ပြီး ဆေးဝါးကုသပေးသည်။သူ အိမ်ပေါ်တင်ပြီး ဆေးဝါးကုသပေးသောသူမှာ သက္ကတ စာပေပညာရှင် "ပရကျူရရှာဆတြီး" ဖြစ်နေသည်ဟု နောက်ပိုင်းကျမှ သိရှိရသည်။

* * *

ရသေ့ တပသီတစ်ပါးသည် နောက်လိုက်နောက်ပါ တပည့်တစ်ယောက်ကို ခေါ်ပြီးလျှင် မြို့တစ်မြို့ရောက်သွားသည်။ထိုမြို့၌ စံအိမ်ကြီးတစ်အိမ်ဆောက်လျက် စည်းစိမ်ခံစား စံစားနေသော သူဌေးကြီးတစ်ယောက်ကို တွေ့ရသည်။ထိုသူဌေးကြီး၏အိမ်၌ အစေအပါး၊ သူခစားများ အရေအတွက် များစွာရှိသည်။အလိုရှိလျှင် အသုံးပြုနိုင်ဖို့အတွက် ယာဉ်များ၊ ဆင်များ အဆင်သင့်ရှိနေသည်။ရွှေငွေရတနာများသည် မကုန်နိုင် မခန်းနိုင် ရှိနေသည်။

ရသေ့ တပသီကြီး ကြွလာသည်ကိုတွေ့ရသောအခါ သူဌေးကြီးက ဆရာတပည့်နှစ်ယောက်ကို ကျွေးမွေးဧည့်ခံဖို့ သူ့အခိုင်းအစေများကို ထမင်းပွဲအပြင်ခိုင်းသည်။ထိုအခါ တပည့်ဖြစ်သူက ပြောလိုက်သည်။"ဂုရုဂျီ၊ ကမ္ဘာလောကမှာ ဘယ်သူမှ စိတ်ရွှင်လန်းချမ်းမြေ့မှုရှိတဲ့လူ မရှိဘူးလို့ ဂုရုဂျီ ပြောတယ်။ဒီသူဌေးကြီးကို ကြည့်စမ်းပါ။ဘယ်လောက် ချမ်းသာသုခနှင့် ပြည့်စုံနေသလဲ။သူ့ကိုကြည့်ရတာ ဘာပစ္စည်းမှ လိုနေတယ်လို့ မထင်ရဘူး"

ဂုရုက ပြန်ပြောသည်။"ခဏနေပါဦး တပည့်၊ အလောတကြီးမဆုံးဖြတ်ချင်ပါနှင့်၊ တအောင့်လောက်ကြာပြီးမှ သူဌေးကြီး ချမ်းသာသုခနှင့် ပြည့်စုံနေတယ်၊ မပြည့်စုံဘူးဆိုတာ ဆုံးဖြတ်ရလိမ့်မယ်"

ရသေ့တပသီကြီးသည် ခဲဖွယ်ဘောဇဉ် စားသောက်ပြီးသောအခါ သူဌေးကြီးကို "ဘုရားသခင်က သူဌေးကြီးကို ချမ်းသာသုခဘာမဆို လိုလေသေးမရှိအောင် အားလုံးပေးထားတယ်နော်"ဟု ပြောလိုက်သည်။ထိုအခါ သူဌေးကြီးက ပြန်ပြောသည်။"ဂုရုဂျီ ဒီကမ္ဘာလောကမှာ ကျွန်ုပ်လောက် စိတ်ဆင်းရဲတဲ့လူရယ်လို့ ရှိမှာမဟုတ်ဘူး။ကျွန်ုပ်ကို ဘုရားသခင်က စည်းစိမ်ဥစ္စာ ဘာမဆို အကုန်ပေးထား

ပါတယ်။ဒါပေမဲ့ ကျွန်ုပ်မှာ သားရတနာ မထွန်းကားပါဘူး။သား ယောက်ျား မရှိဘဲနှင့် ချမ်းသာသုခ ရှိတယ်ဆိုတာ မဖြစ်နိုင်ပါဘူး။ ကျွန်ုပ်ရဲ့စိတ်ဟာ သားရလိုတဲ့ဆန္ဒကြောင့် နေ့ညမပြတ် စိတ်ပူပန် ကြောင့်ကြ ဖြစ်နေရပါတယ်။သိပ်ပျော်တဲ့အချိန်က အင်မတန် နည်းပါ တယ်။သားမထွန်းကားတဲ့အတွက် ကျွန်ုပ်မှာရှိတဲ့ စည်းစိမ်ဥစ္စာကို ဖွဲ၊ ဆန်ကွဲလောက်ပဲ အောက်မေ့ပါတယ်"

သူဌေးကြီးပြောသော စကားကို ကြားရသောအခါ တပည့် ဖြစ်သူက "ဂုရုချီပြောတဲ့စကားဟာ တယ်မှန်ပါလား။ကမ္ဘာလောကမှ ဘယ်သူတစ်ယောက်မှ ချမ်းသာသုခနှင့် ပြည့်စုံတဲ့လူ မရှိဘူး။ တစ်ယောက်က ဆင်းရဲဒုက္ခတစ်မျိုးမျိုးကို ခံနေရပြီး အခြားတစ်ယောက် က ဆင်းရဲဒုက္ခတစ်မျိုးကြောင့် စိတ်ပူပန်သောက ရောက်နေရတယ်"ဟု ပြောလိုက်လေသည်။

* * *

ခရီးသွားတစ်ယောက် တောအုပ်တစ်ခုထဲ ဖြတ်သွားသည်။ညနေချိန် ရောက်လာသည်။ကျေးငှက်များသည် တစ်နေ့လုံး အစာရှာဖွေ စားသောက်ကြပြီးပြီဖြစ်၍ အိပ်တန်းတက်ရန်အတွက် အသိုက်ရှိရာသို့ ပြန်လာနေကြ သည်။ ထိုအခိုက် ခရီးသွားသည် သိုးငယ်ကလေးတစ်ကောင် ကြောက်ကြောက်လန့်လန့်နှင့် ချုံထဲဝင်ပြီး ပုန်းနေသည်ကို သွားတွေ့သည်။အလွန်နူးညံ့သိမ်မွေ့ပြီး အလွန်ချစ်စရာကောင်းသော သိုးငယ်ကလေးဖြစ်သည်။ခရီးသွားသည် ချုံထဲက သိုးငယ်ကလေးကို တွေ့ရသောအခါ အိမ်ဖမ်းသွားပြီး မွေးထားချင်သည့်စိတ် ပေါ်လာသည်။

ထိုအချိန်၌ပင် အခြားသိုးငယ်ကလေးတစ်ကောင် ကြောက်အားလန့်အားနှင့် လမ်းတစ်ဘက် ပြေးသွားသည်ကို လှမ်းတွေ့ရသည်။ထိုသိုးငယ်ကလေးနောက် တောခွေးကြီးတစ်ကောင်က အတင်းပြေးလိုက်နေသည်။

ခရီးသွား ဘာလုပ်ရမှန်းမသိ ဖြစ်သွားသည်။ချုံထဲတွင် ဝပ်နေသော သိုးငယ်ကလေးကို ဖမ်းယူသွားမလား သို့မဟုတ် အခြားသိုးငယ်ကလေးကို တောခွေးကြီးရန်က ကယ်မလား။မိနစ်မဆိုင်းဘဲ ချက်ချင်း ဆုံးဖြတ်ရမည်။တစ်မိနစ်နှစ်မိနစ်လောက် ကြာသွားလျှင် သနားစရာ သိုးငယ်ကလေးခမျာ တောခွေးကြီး၏ သွားကြားထဲ ရောက်သွားတော့မည်။

ထိုအခိုက် ခရီးသွား၏ အတွင်းသန္တာန်ထဲက "အရေးကြီးဆုံးက ဘာလဲ၊ တာဝန်ဝတ္တရား"ဆိုသော အသံတစ်သံ ထွက်ပေါ်လာသည်။ အသက်ဘေးနှင့် ကြုံတွေ့နေသူတစ်ယောက်အား အသက်ဘေးက ကယ်ဆယ်ခြင်းသည် တစ်စုံတစ်ခု လိုချင်တောင့်တခြင်း၊ မိမိလိုအင်ဆန္ဒဖြည့်ခြင်းထက် အဆတစ်ရာ အရေးကြီးသည်။ယင်းသို့ ဆုံးဖြတ်ချက်ချပြီးလျှင် ခရီးသွားသည် ချုံထဲက သိုးငယ်ကလေးကို ထားခဲ့ပြီး တောခွေးကြီးနောက် အတင်းပြေးလိုက်လျက် သိုးငယ်ကလေး၏အသက်ကို ကယ်လိုက်လေသည်။

* * *

ကလေးတစ်ယောက် ရှိသည်။အကြောက်အလန့် လုံးဝမရှိသော ကလေးဖြစ်သည်။မကြာခဏ ရွာအပြင်ဘက်က မြစ်ကမ်းပါးသွားပြီး မြစ်ကမ်းပါး၌ အချိန်အတန်ကြာနေပြီးမှ အိမ်ပြန်လာလေ့ရှိသည်။ ကလေး၏ဖခင်သည် ကလေးကို အလွန်ချစ်သည်။သူ၏သားငယ် မြစ်ထဲလိမ့်ကျသွားမှာ စိုးရိမ်ကြောင့်ကြမှု ရှိနေသည်။တစ်နေ့သောအခါ၌ ဖခင်ဖြစ်သူက သူ၏သားငယ်အား "သား၊ သားတစ်ယောက်တည်း မြစ်ကမ်းပါး မသွားပါနဲ့လားကွယ်"ဟု ပြောသည်။

သူငယ်က ပြန်မေးသည်။"ဘာကြောင့်လဲ အဖေ"

"မြစ်ကမ်းပါးမှာ သရဲရှိတယ် သား၊ သား မကြောက်ဘူးလား"

သူ့ဖခင်ထံမှ သရဲအကြောင်း ကြားရသောအခါ သူငယ်သည် ထိတ်လန့်ကြောက်ရွံ့သွားပြီး အိမ်ထဲကအိမ်ပြင် မထွက်သလောက် ဖြစ်သွားသည်။ဘာမှမဟုတ်သည့် အကြောင်းအရာကလေးနှင့်ပင် သူ့ရှေ့ သရဲရောက်လာသည်ဟု ထင်နေသည်။

ဖခင်လုပ်သူက သူ့သား၏ အခြေအနေကို တွေ့ရသောအခါ အကြီးအကျယ် စိုးရိမ်ကြောင့်ကြမှု ဖြစ်သွားသည်။သူ၏သားငယ်သည် သရဲကို ဤမျှ ထိတ်လန့်ကြောက်ရွံ့သွားလိမ့်မည်ဟူ၍ အိပ်မက်ထဲ၌ပင် မထင်မိခဲ့ပေ။

ဖခင်လုပ်သူသည် တစ်နေ့သောအခါ၌ သားငယ်၏ လက်ကောက်ဝတ်တွင် အဆောင်လက်ဖွဲ့ကလေး ချည်ပေးထားပြီး "သား သရဲကြောက်စရာ မလိုတော့ဘူး။ဒီလက်ဖွဲ့က သားကို ဘယ်လို အန္တရာယ်မျိုးမှမဖြစ်အောင် ကာကွယ်နေလိမ့်မယ်"

သူငယ်သည် အကြီးအကျယ် အားရဝမ်းသာ ဖြစ်သွားသည်။ အိမ်အပြင်ဘက်၌လည်း ထိတ်လန့်ကြောက်ရွံ့ခြင်း အလျဉ်းမရှိဘဲ လှည့်လည်သွားလာနေသည်။

တစ်နေ့သောအခါ၌ သူ၏လက်တွင်ပတ်ထားသောလက်ဖွဲ့ ပြုတ်ပြီး အောက်ကျသွားသည်။သူငယ်သည် စိုးရိမ်ကြောင့်ကြစိတ် ဖြစ်ပေါ်လာပြီးလျှင် ဖခင်ထံသို့သွားပြီး လက်တွင်ပတ်ထားသော လက်ဖွဲ့ မရှိတော့သည်ကိုပြလျက် သူငယ်က ပြောသည်။"အဖေ၊ သားလက်မှာ ပတ်ထားတဲ့လက်ဖွဲ့ ဘယ်နေရာမှာ ပြုတ်ကျသွားတယ် မသိဘူး။မြစ်ကမ်းပါးသွားရင် တစ္ဆေသရဲနဲ့များ တွေ့နေမလား အဖေ"

ဖခင်ဖြစ်သူသည် သူဖန်တီးခဲ့သော ပြဿနာကို မဖြေရှင်းဘဲ နေ၍မရတော့ပေ။"သား၊ တစ္ဆေသရဲဆိုတာ မရှိဘူး။သားလက်မောင်းမှာ ချည်ပေးထားတဲ့ အဖေလုပ်ပေးထားတဲ့လက်ဖွဲ့ ပျောက်သွားလည်း အရေးမကြီးပါဘူး၊ သားက သရဲကြောက်နေလို့ သားမကြောက်အောင် လက်ဖွဲ့လုပ်ပေးထားတာ။တစ္ဆေသရဲဆိုတာ မရှိဘူး။အဖေ့မိဘတွေက သူတို့သားသမီးတွေကို ခြောက်လှန့်ထားတာ။အဖေလည်း သား မြစ်ကမ်းပါးသွားရင်း မတော်တဆ မြစ်ထဲလိမ့်ကျသွားမှာ စိုးတဲ့အတွက် သရဲ မကြောက်ဘူးလားလို့ သားကို ခြောက်လှန့်ထားတာ"

ဖခင်ဖြစ်သူက သားငယ်ကို ရဲဆေးတင်ပေးလိုက်သောအခါ သားငယ်သည် သွားစရာရှိသည့်နေရာများကို ရဲရဲဝံ့ဝံ့သွားသော၊ လုပ်စရာရှိသည်များကို ရဲရဲဝံ့ဝံ့လုပ်သော စံပြလူငယ်လေးတစ်ယောက် ဖြစ်လာသည်။

* * *

ဆွာမိ ရာမကရိရှဏ ပရမာဟံသ ခန္ဓာဝန်စွန့်ပြီးသည့်နောက်တွင် တပည့်ကြီးဖြစ်သူ ဆွာမိ ဝိဝေကာနန္ဒသည် ဘုရားဖူး ခရီးထွက်သည်။ဝိဝေကာနန္ဒသည် ဟိန္ဒူဘာသာ လောက၌ အထင်ရှား အကျော်ကြားဆုံး ဟိန္ဒူဘုန်းတော်ကြီးတစ်ပါးဖြစ်သည်။ဟိန္ဒူဘာသာရေးလောက၌ ထင်ရှားကျော်ကြားသော ဘုရားဌာန အတော်များများသို့ သွားရောက်ပြီးနောက် ဗာရာဏသီမြို့သို့ ရောက်ရှိလာသည်။

ဗာရာဏသီမြို့ရှိ ဗိန္ဓနာထ ဘုရားကျောင်းသည် ဟိန္ဒူဘာသာ လောကရှိ အထင်ရှား အကျော်ကြားဆုံး ဘုရားကျောင်းတစ်ကျောင်း ဖြစ်သည်။အိန္ဒိယပြည်ရှိ မြို့များ၌ နေရာတကာတွင် မျောက်များ လွတ်လွတ်လပ်လပ် သွားလာနေသည်ကို တွေ့ရသော်လည်း ဗာရာဏသီမြို့ကား တခြားမြို့များနှင့်မတူဘဲ မျောက်အပေါဆုံးမြို့တစ်မြို့ဖြစ် နေသည်။

ဆွာမိ ဝိဝေကာနန္ဒသည် ဗိန္ဓနာထ ဘုရားကျောင်းထဲမှ အပြင်ထွက်လာသောအခါ လမ်းပေါ်တွင် မျောက်တွေ သွားလာလှုပ်ရှားနေသည်ကို တွေ့ရသည်။ဆွာမိဂျီသည် သူ၏ အင်္ကျီရှည်အိတ်ထဲတွင် စာအုပ်များ စာရွက်များ ထည့်ထားသောကြောင့် အိတ်ကြီး ဖောင်းနေသည်။လမ်းပေါ်တွင် ဆွာမိဂျီ လျှောက်လာသောအခါ မျောက်များ သူ့နောက် လိုက်လာကြသည်။ဖောင်းနေသော အိတ်ကြီးထဲတွင် စားစရာထည့်လာသည် ထင်မှတ်၍ မျောက်တွေ ဆွာမိဂျီနောက် လိုက်လာကြခြင်း ဖြစ်သည်။

သူ့နောက် မျောက်တွေ တစ်ပြုံကြီးလိုက်လာသည်ကို တွေ့ရသောအခါ ဆွာမိဂျီသည် လန့်သွားပြီး ခြေလှမ်း ခပ်မြန်မြန်လှမ်းသည်။ ဆွာမိဂျီ ခပ်သုတ်သုတ် ခပ်မြန်မြန်သွားသောအခါ မျောက်များကလည်း

ခပ်သုတ်သုတ် ခပ်မြန်မြန် လိုက်ကြသည်။ခြေလှမ်း ခပ်မြန်မြန်လှမ်းသွားသော သူ့နောက် မျောက်အုပ်တစ်အုပ် အမီလိုက်လာကြသည်ကို တွေ့ရ၍ ဆွာမိဂျီဘုန်းကြီး ဣန္ဒြေမဆောင်နိုင်တော့ဘဲ အတင်းပြေးသည်။ ဆွာမိဂျီ ပြေးသည်ကို တွေ့ရသောအခါ မျောက်များကလည်း အတင်းပြေးလိုက်ကြသည်။ဆွာမိဂျီ အကြီးအကျယ် ထိတ်လန့်ကြောက်ရွံ့သွားသည်။ချွေးပြန်လာသည်။မျက်စိ ပြာဝေသွားသည်။ဘာဆက်လုပ်ရမှန်း မသိတော့ပေ။မျောက်အမိ ခံလိုက်ရုံမှတစ်ပါး တခြားနည်းလမ်း မရှိတော့ပေ။ဘေးကကြည့်နေသူများကလည်း အကူအညီပေးဖို့ သတိမရကြဘဲ ပွဲကောင်းကြည့်နေသလို ကြည့်နေကြသည်။

ထိုအခိုက် လူတစ်ယောက်က "မပြေးနဲ့ မပြေးနဲ့" လှမ်းအော်လိုက်သည်။

"မပြေးနဲ့"ဟု လှမ်းအော်သံ ကြားလိုက်ရသည်နှင့် တစ်ပြိုင်နက် "ဘေးရောက်လာတဲ့အခါ ထွက်ပြေးရင် ဘေးကလည်း ပြေးလိုက်လာတတ်တယ်။ထွက်မပြေးဘဲ ရင်ဆိုင်လိုက်မယ်ဆိုရင်တော့ ဘေးကနောက်ပြန်ဆုတ်သွားတယ်"ဟု သဘောပေါက်သွားပြီး ဆွာမိဂျီသည် သတ္တိမွေးပြီး ထွက်မပြေးတော့ဘဲ ရဲရဲရင့်ရင့် ရပ်နေလိုက်သည်။ဆွာမိဂျီ ထွက်မပြေးတော့ဘဲ ရပ်လိုက်သောအခါ မျောက်များလည်း ရပ်လိုက်ကြပြီး ခဏအကြာတွင် တခြားနေရာ ရှောင်ထွက်သွားကြသည်။ ထိုအချိန်မှစ၍ ဆွာမိဝိဝေကာနန္ဒ၏ ဘဝလမ်းမ၌ အကွေ့တစ်ကွေ့ ရောက်လာသည်။လူ့လောက၏ အဆိုးကို တွေ့ရသည့်အခါတိုင်း ရှောင်မသွားတော့ဘဲ ရဲရဲရင့်ရင့် ရင်ဆိုင်လိုက်လေသည်။

* * *

"ဆွာတိ"ခေါ် ပန္နရသမဗြောက်နက္ခတ်နှင့် ယှဉ်သောနေ့၌ ရွာသော မိုးစက်မိုးပေါက်သည် မုတ်ကောင်၏ ခံတွင်းထဲသို့ ရောက်သွားလျှင် ပုလဲဖြစ်သွားသည်။ငှက်ပျောပင်ထဲရောက်သွားလျှင် ပရုပ်ဖြစ်သွားသည်။သို့သော်လည်း မြွေ၏ခံတွင်းထဲ ရောက်သွားလျှင်ကား အဆိပ်အသွင် ဆောင်သွားသည်။ထိုနည်းအတိုင်းပင် တစ်ခုတည်းသော အရာဝတ္ထုသည်ပင် သဘောသဘာဝမတူ ကွဲပြားခြားနားသော လူအသီးသီးတို့ထံ ရောက်သွားလျှင် အကျိုးသက်ရောက်မှု တစ်ခုနှင့်တစ်ခု မတူဘဲ ကွဲပြားခြားနားသော အသွင်သဏ္ဌာန်မျိုး ဖြစ်သွားသည်။

ယင်းဥပမာအတိုင်းပင် ပညာဗဟုသုတသည် လူကောင်းသူကောင်းတို့ထံ ရောက်သွားလျှင် လောဘ၊ ဒေါသ၊ မောဟ၊ မာန်မာန အစရှိသော အပြစ်အနာအဆာများကို ပျက်စီးပျောက်ကွယ်သွားအောင် လုပ်တတ်သည်။ပညာဗဟုသုတ ရရှိသူများသည် တစ်စုံတစ်ယောက်သော ပုဂ္ဂိုလ်အား မိမိနှင့်တန်းတူ သဘောထားသည်။တခြားပုဂ္ဂိုလ်များအား ကိုယ်ချင်းစာနာ ငဲ့ညာထောက်ထားသည်။မည်သူ့ကိုမျှ အနှောင့်အယှက်လည်း မပေးပေ။စိတ်ဆင်းရဲအောင်လည်း မပြုလုပ်ပေ။

သို့ရာတွင် ယင်းပညာ ဗဟုသုတသည်ပင် စိတ်ကောင်းမရှိသူတို့ထံတွင် ရောက်သွားလျှင်ကား စိတ်ကောင်းမရှိသူများကို ပို၍လူဆိုးလူသွမ်းဖြစ်အောင် ပြုလုပ်လိမ့်မည်။မိမိမျက်မှောက် ကမ္ဘာလောကကိုလည်း သေးသိမ်သည်ဟူ၍ပင် ထင်မှတ်အောက်မေ့လိမ့်မည်။ပညာမာန်တက်နေသည်ဖြစ်၍ မည်သူ့ကိုမျှ အထင်ကြီးလိမ့်မည် မဟုတ်ပေ။ အားလုံးကို ဖွဲ ဆန်ကွဲအဖြစ်လုပ်ကာ အောက်မေ့လိမ့်မည်။

တစ်ခုတည်းသော ပညာဗဟုသုတသည် မတူကွဲပြားခြားနားနေသော နေရာနှစ်ခု၌ ဩဇာအရှိန်အဝါ တစ်မျိုးစီသက်ရောက်မှု

ရှိနေပေလိမ့်မည်။ဆိတ်ငြိမ်သော နေရာ၌နေသည် ယောဂီများ၏ စိတ်နှလုံးကို တရားဘက်ဆွဲဆောင်ပြီး ဗြဟ္မစိုရ်တရားလေးပါးနှင့် ညီညွတ်အောင် ကျင့်သုံးဆောက်တည်ရန် လှုံ့ဆော်အားပေးမည် ဖြစ်သော်လည်း ယင်းတိတ်ဆိတ်ငြိမ်သက်သော နေရာသည်ပင် ကာမဂုဏ်အာရုံ ခံစား စံစားလိုသူများ၏ စိတ်နှလုံးကိုမူ တောက်လောင်နေသော ကာမရာဂစိတ်ကို ပိုပြီးအရှိန်အဟုန်မြင့်အောင် ပြုလုပ်ပေလိမ့်မည်။

သိပ္ပံပညာရှင်များ တီထွင်ဖန်တီးသော နယူကလီးယားစွမ်းအင်သည် စစ်သွေးစစ်မာန်ကြွနေသူများ၏ လက်ထဲ ရောက်သွားသောအခါ ကမ္ဘာဖျက် လက်နက်ဖြစ်သွားပြီး ငြိမ်းချမ်းရေးသမားများ၏ လက်ထဲ ရောက်သွားသောအခါ ကမ္ဘာကြီး တိုးတက်စည်ပင်ရေး ဆောင်ရွက်ရာ ဆောင်ရွက်ကြောင်း ကိရိယာတန်ဆာပလာ ဖြစ်လာသည်။

* * *

ကိုလိုနီခေတ် ဗြိတိသျှလက်အောက် မြန်မာနိုင်ငံရောက်ရှိစဉ်က ဗြိတိသျှအစိုးရကို အံတုသည့် နိုင်ငံရေးပါတီများ အလျှိုအလျှို ပေါ်ပေါက်လာကြသည်။သို့ရာတွင် ယင်းနိုင်ငံရေးပါတီများထဲက တချို့မှာ "ဋိဘ"သမားများ ဖြစ်ကြသည်။တချို့က ငါးထောင်စား ရာထူးမက်နေကြသူများ ဖြစ်သည်။တချို့က နယ်ချဲ့အစိုးရနှင့် ပူးပေါင်းဖို့ စိတ်ကူးနေကြသည်။ယင်းသို့ ပါတီတွေများပြီး ပွဲမစည်ဖြစ်နေသော၊ ရေသာများ၍ ငါးမတွေ့ဖြစ်နေသောအချိန်၌ လွတ်လပ်ရေးအတွက် ကိုယ်ကျိုး ကိုယ့်စီးပွား အနစ်နာခံလျက် ရှုပ်ရှုပ်ချွံချွံ တိုက်ပွဲဝင်သော လူငယ်များ၏ နိုင်ငံရေးပါတီတစ်ခု ပေါ်လာသည်။ယင်းပါတီမှာ တို့ဗမာအစည်းအရုံးဖြစ်သည်။တို့ဗမာအစည်းအရုံး၏ ပြောင်မြောက်သော လွတ်လပ်ရေးတိုက်ပွဲသည် လွတ်လပ်ရေးတိုက်ပွဲသမိုင်း၌ ကြီးမားသော အခန်းကဏ္ဍက ပါဝင်ခဲ့သည်ဆိုသည်မှာ မြန်မာနိုင်ငံပြည်သူများ မေ့၍မရသောအချက် ဖြစ်သည်။

တို့ဗမာအစည်းအရုံးသည် တိုက်ပွဲပုံစံအသစ်တစ်ခုဖြင့် အိမ်ကြီးပေါ်တွင် အိမ်ငယ်ဆောက်သည့်ပမာ၊ လှေကြီးပေါ်တွင် လှေငယ်တင်သည့်ပမာ "ကိုယ့်မင်းကိုယ့်ချင်း"အမည်ဖြင့် အင်အားစုတစ်ခု ဖွဲ့စည်းလျက် လွှတ်တော်ထဲဝင်ပြီး တစ်ဘက်တစ်လမ်းက တိုက်မည်ဟုဆုံးဖြတ်ပြီးလျှင် ရွေးကောက်ပွဲဝင်ကြသည်။

တစ်ပြည်လုံးအတိုင်းအတာနှင့် ရွေးကောက်ပွဲဝင်ပြီး အရွေးခံကြသော်လည်း သခင်အမတ်လောင်းများထဲက သုံးဦးသာလျှင် ရွေးကောက်ပွဲတွင် အနိုင်ရရှိပြီး သခင်အမတ်များ ဖြစ်သွားကြသည်။

ထိုအချိန်က ရွေးကောက်ပွဲ မကျင်းပမီ ယှဉ်ပြိုင်အရွေးခံမည့် အမတ်လောင်းများအတွက် တို့ဗမာအစည်းအရုံး သခင်ခေါင်းဆောင်

များသည် နယ်အနှံ့အပြားဖြန့်ပြီး သခင်တရား ဟောကြသည်။ယင်း သခင်ခေါင်းဆောင်များထဲတွင် သခင်ကိုယ်တော်မှိုင်းလည်း တစ်ဦး အပါအဝင်ဖြစ်သည်။တစ်နေ့ ခရမ်းမြို့နယ် သခင်အမတ်လောင်း အတွက် ခရမ်းမြို့တွင် သခင်တရားပွဲ ကျင်းပပြုလုပ်သည်။ယင်း သခင် တရားပွဲသို့ သခင်ကိုယ်တော်မှိုင်း ခေါင်းဆောင်သော သခင်ခေါင်းဆောင် တစ်စု သခင်တရား သွားဟောကြသည်။သခင်ခေါင်းဆောင်များသည် ခရမ်းမြို့ခံ သခင်တစ်ဦး၏အိမ်၌ စတည်းချကြသည်။ခရမ်းရောက်သော အခါ ခရမ်းမြို့ခံ ယင်းသခင်ခေါင်းဆောင်၏အိမ်သို့ သွားကြသည်။ မြို့ခံ သခင်ခေါင်းဆောင်၏အိမ်တွင် အင်းခွေကြီးတစ်ကောင် ရှိသည်။ အင်းခွေကြီးသည် အဟန့်ကလည်း ကောင်း၊ အိမ်လာသော ဧည့်သည် တိုင်းအားလည်း ဟောင်သောကြောင့် ထိုအင်းခွေးကြီးကို ဧည့်သည် တိုင်း ထိတ်လန့်ကြောက်ရွံ့ကြသည်။သခင်ကိုယ်တော်မှိုင်းက ဦးဆောင် ပြီး အိမ်ထဲဝင်သွားသည်။အိမ်ရှင်နှင့် တခြားဧည့်သည်အားလုံးက သခင်ကိုယ်တော်မှိုင်းကို အင်းခွေးကြီးက ရန်ပြုမှာ စိုးရိမ်နေကြသည်။ သို့သော်လည်း သခင်ကိုယ်တော်မှိုင်းသည် တခြားလူများ တထိတ် တလန့်ဖြစ်ပြီး စိုးရိမ်ကြောင့်ကြမှု ဖြစ်နေကြစဉ် ခပ်တည်တည် ဣန္ဒြေ မပျက်ဘဲ အိမ်ပေါ်တက်သွားသည်။အများက ထိတ်လန့်ကြောက်ရွံ့ နေသော အင်းခွေးကြီးသည် သခင်ကိုယ်တော်မှိုင်းကို ရန်ပြုမည့် အမူအရာ လုံးဝမပြဘဲ အမြီးနှံ့ပြီး ကြိုဆိုနေသည်။

တိရစ္ဆာန်ပင် ဖြစ်လင့်ကစား အင်းခွေးကြီးသည် သခင် ကိုယ်တော်မှိုင်း၏ စိတ်နှလုံးအတွင်း၌ ကိန်းအောင်းနေသော မေတ္တာ ဓာတ်ကို အကဲခတ်တတ်နေသည်။ သခင်ကိုယ်တော်မှိုင်း၏ စိတ်နှလုံး ထဲက မေတ္တာဓာတ်သည် အားလုံးက ကိုက်မှာ ရန်ပြုမှာ စိုးရိမ် ကြောင့်ကြမှု ရှိနေသော အင်းခွေးကြီးကို အမြီးနှံ့အောင် ပြုလုပ်နိုင်စွမ်း ရှိနေသည်။

* * *

ဘိက္ခု အာနန္ဒာ ကောသလ္လာယနသည် ရာဟုလာသံကိစ္စည်းကဲ့သို့ပင် အိန္ဒိယ ဗုဒ္ဓဘာသာလောကနှင့် ဟိန္ဒီစာပေလောက၌ ထင်ပေါ်ကျော်ကြားသော ရဟန်းပုဂ္ဂိုလ်တစ်ပါး ဖြစ်သည်။ယခု ရေးသားဖော်ပြမည့် အကြောင်းအရာမှာ သူ ဘိက္ခု အာနန္ဒာ ကောသလ္လာယန ဘဝမရောက်ခင် စောစောပိုင်းက တွေ့ကြုံဖြစ်ပျက်ခဲ့သော အဖြစ်အပျက်တစ်ခု ဖြစ်သည်။

အာနန္ဒာ ကောသလ္လာယန ဖြစ်လာမည့် လူငယ်သည် သမိုင်းနှင့်ပတ်သက်သော နေရာဌာနများကို ကြည့်ရှုလေ့လာရန်ဟူသော ရည်ရွယ်ချက်ဖြင့် ခြေကျင်ခရီး လှည့်လည်သွားလာနေသည်။ထိုအချိန်က သူသည် အိန္ဒိယပြည် ကွန်ဂရက်ပါတီမှ ဦးဆောင်လှုပ်ရှားနေသော ဗြိတိသျှအစိုးရကို ဆန့်ကျင်၍ အာဏာဖီဆန်ရေး လှုပ်ရှားမှုကြီးတွင် ကိုယ်ထိလက်ရောက် ပါဝင်ဆောင်ရွက်သော ကွန်ဂရက်ပါတီ အမှုဆောင်အဖွဲ့ဝင်တစ်ဦး ဖြစ်သည်။အာဏာဖီဆန်ရေးနှင့်ပတ်သက်၍ အဆိုတစ်ခု တင်သွင်းဆုံးဖြတ်ရန်အတွက် အဆိုကို ထောက်ခံမည့် အမှုဆောင်အဖွဲ့ဝင်များကို ကွန်ဂရက်အစည်းအဝေးသို့ အချိန်မီ ရောက်လာကြရန် ညွှန်ကြားလွှာ ပေးပို့ထားသည်။ထိုအချိန်တွင် အာနန္ဒာ ကောသလ္လာယနသည် အစည်းအဝေးကျင်းပမည့်နေရာနှင့် ခရီးအလှမ်းဝေးသောနေရာသို့ ရောက်နေသည်။ခရီးကလည်း ဝေး၊ ခြေကျင်သွားမည်ဟူ၍လည်း ဆုံးဖြတ်ထားသဖြင့် အစည်းအဝေး မီအောင် သုတ်ခြေတင်နေရသည်။

တစ်ရွာပြီးတစ်ရွာ ခရီးပြင်းနှင်နေရင်း နေဝင်လာသည်။ ဆောင်းတွင်းအခါဖြစ်၍ ခိုက်ခိုက်တုန် ချမ်းအေးလာသည်။အချမ်းကို ကာကွယ်ရန် အဝတ်အစားဟူ၍ တဘက်တစ်ထည်မှတစ်ပါး အခြား

ဘာမှပါမလာပေ။ခပ်လှမ်းလှမ်းမှ မီးရောင် မှိတ်တုတ်မှိတ်တုတ် မြင်ရသောအခါ မီးရောင်ရှိရာသို့ လျှောက်လာခဲ့သည်။ကျေးရွာတစ်ရွာ၏ အိမ်တစ်အိမ်သို့ ရောက်သောအခါ တံခါးကို ခေါက်လိုက်သည်။ ထိုအိမ်မှာ ကျောင်းဆရာတစ်ဦး၏အိမ် ဖြစ်သည်။

တံခါးဖွင့်ပေးသောအခါ အာနန္ဒာ ကောသလ္လာယနက အိမ်ရှင်ကို ပြောပြသည်။

"ကျွန်တော် ကျောင်းသားတစ်ယောက် ဖြစ်ပါတယ်။ သမိုင်းဝင်ဌာနများကို ကြည့်ရှုလေ့လာလိုတဲ့အတွက် ခြေကျင်ခရီး ထွက်လာခဲ့တာပါ။မိုးချုပ်လာပြီဖြစ်လို့ ရှေ့ဆက်လျှောက်လို့ မဖြစ်တော့တဲ့အတွက် ဝန်မလေးဘူးဆိုရင် ဒီအိမ်မှာ တစ်ညလောက် တည်းခိုပါရစေ"

"မဖြစ်ဘူး၊ မဖြစ်ဘူး။ဒီအိမ်မှာ အိပ်လို့ မဖြစ်ဘူး"

မျှော်လင့်သလို ဖြစ်မလာသဖြင့် အာနန္ဒာ ကောသလ္လာယနလည်း ထိုအိမ် မှထွက်ပြီးလျှင် တခြားအိမ်တစ်အိမ်ကို ရှာပြန်သည်။ သို့သော်လည်း မှောင်ကြီး မည်းကြီးထဲတွင် လမ်းမှားနေ၍ ထိုအိမ်ကိုပင် ပြန်ရောက်လာသည်။ထိုအခါ ကျောင်းဆရာက "သူခိုး . .သူခိုး"ဟူ၍ အတင်းအော်သည်။အိမ်ရှင် ကျောင်းဆရာအော် သံကြားရသောအခါ တခြားလူများလည်း စုပြုံရောက်လာကြသည်။ကျောင်းဆရာက "ဒီသူခိုး အိမ်နားမှာ ရစ်သီရစ်သီ လုပ်နေတယ်။သူ့ကို ပုလိပ်လက်ထဲ အပ်ရမယ်" ဟူ၍ အော်ပြောနေသည်။

လူအုပ်ကြီး အဝိုင်းခံထားရသဖြင့် အာနန္ဒာ ကောသလ္လာယနလည်း အကျပ်အတည်းတွေ့နေသည်။သက်သေခံကဒ်ပြားကို ထုတ်ပြပြီး မည်သူမည်ဝါ ဖြစ်သည်ဆိုသည်ကို အကြောက်အကန် ပြောပြသောအခါမှ လူအုပ်ကြီးကျဲသွားသည်။လူအုပ်ထဲတွင်ပါသောလူတစ်ယောက်က သူ့ကို ထိုည တည်းခိုရန် ဓမ္မသာလာတစ်ခုကို ညွှန်ပြသဖြင့် အာနန္ဒာ ကောသလ္လာယနသည် ထိုဓမ္မသာလာသို့ သွားသည်။အချိန်မှာ ညဥ့်နက်နေပြီး ဓမ္မသာလာလည်း တံခါးပိတ်ထားသည်။ထို့ကြောင့် အပြင်ဘက် ဝရန်တာ၌ပင် ထိုင်ရသည်။ထိုအခိုက်

အနီးတွင်ရှိသော မျက်မမြင် သူတောင်းစားတစ်ယောက်က အသံကြားသဖြင့် "ဘယ်သူလဲ"ဟူ၍ မေးလိုက်သည်။အာနန္ဒာ ကောသလ္လာယနက သူ့အကြောင်းကို ပြောပြလိုက်သည်။သူ့မှာ ခြံစရာဆိုလို့ တဘက်တစ်ထည်သာ ပါကြောင်းကိုလည်း ပြောပြလိုက်သည်။မျက်မမြင် သူတောင်းစားက ကရုဏာသက်သွားသည်။

"မိတ်ဆွေ သိပ်ပင်ပန်းလာမှာပေါ့။လာ . . မိတ်ဆွေ့ခြေထောက်ကို ကျုပ် နှိပ်ပေးမယ်"

မျက်မမြင် သူတောင်းစားသည် တားမြစ်နေသည့်ကြားက မြင်လည်း မမြင်ရသော သိလည်းမသိသော ဧည့်သည်၏ခြေထောက်ကို နှိပ်ပေးသည်။

"ဘယ်မှာလဲ မိတ်ဆွေ့တဘက်၊ ကျုပ်ကို ပေး"

မျက်မမြင် သူတောင်းစားသည် တဘက်တောင်းယူပြီးလျှင် အာနန္ဒာ ကောသလ္လာယန၏ ခြေထောက်တွင် ပတ်ပေးလိုက်သည်။

"မိတ်ဆွေကို ပြုစုဖို့ ကျုပ်ဆီမှာ ဘာမှမရှိဘူး။တဘက်နဲ့ထွေးလိုက်ရင် ခြေထောက်နွေးလာပြီး မိတ်ဆွေ အိပ်ပျော်သွားလိမ့်မယ်"

မျက်မမြင် သူတောင်းစား၏ မေတ္တာစေတနာအပြည့်ဖြင့် ပြုစုသော ဧည့်ဝတ်ကြောင့် အာနန္ဒာ ကောသလ္လာယနသည် ပင်ပန်းနွမ်းနယ်မှု ပြေပျောက်သွားသည်။ဘယ်အချိန် အိပ်ပျော်သွားမှန်း မသိလိုက်ပေ။နောက်တစ်နေ့ နံနက်မိုးလင်း၍ အိပ်ရာထ၍ ကြည့်လိုက်သောအခါ မျက်မမြင် သူတောင်းစား မရှိတော့ပေ။သို့ရာတွင် မျက်မမြင် သူတောင်းစားသည် သူ၏ နွမ်းပါးလှသော်လည်း နွေးထွေးသော ဧည့်ဝတ်ပြုမှုကိုသာ ထားပစ်ခဲ့သည်။ယင်းဧည့်ဝတ်သည် ပညာတတ် အခေါ်ခံရသူတို့ကြောင့် ရလာခဲ့သော အာနန္ဒာ ကောသလ္လာယန၏ စိတ်နှလုံး အနာဒဏ်ရာကို အသားနုတက်စေခဲ့သည်။

* * *

ဗုဒ္ဓဘာသာသည် လူအပေါင်းတို့၏ လောကီအကျိုး လောကုတ္တရာ အကျိုးများကို ဖြစ်ပေါ် ပေါက်ဖွားစေသည်သာမကဘဲ ကမ္ဘာလောက၏ စာပေ၊ ယဉ်ကျေးမှု၊ အနုပညာ စသော နယ်ပယ် အသီးသီးအတွက်လည်း ပြောရှ်မပြနိုင်လောက်အောင်ပင် အကျိုးပြုခဲ့ သည်။အကျိုးပြုဆဲ ဖြစ်သည်၊ အကျိုးပြုနေလိမ့်ဦးမည်။

ဘုရားဟောနိကာယ်ငါးရပ်၊ ပိဋကတ်တော်များနှင့် အဋ္ဌ ကထာ ကမ္ဘာ့နိုင်ငံအသီးသီးတွင် ခေတ်အဆက်ဆက်ကစပြီး ရေးသား ထုတ်ဝေ ဖြန့်ဖြူးနေကြသော ဗုဒ္ဓစာပေ ဗုဒ္ဓကျမ်းစာများသည် ဗုဒ္ဓ ဘာသာက ကမ္ဘာ့စာပေလောကအတွက် ပြုလုပ်ဆောင်ရွက်သော အကျိုးပြုလုပ်ငန်းကြီး ဖြစ်သည်။

အနုပညာနယ်၌ ဗုဒ္ဓဘာသာ၏ အကျိုးပြုချက်သည်လည်း ပြောမကုန် ရေးမကုန်နိုင်လောက်အောင်ပင် ကြီးကျယ်များပြားလှသည်။ အနုပညာသမိုင်း၌ အနုပညာလက်ရာများ စတင်ပေါ်ပေါက်လာပြီး နောက် အနုပညာလက်ရာများ၏အဆင့် တစ်ဆင့်ပြီးတစ်ဆင့် တိုးတက် လာသော အချိန်လောက်ကစပြီး ကမ္ဘာ့အနုပညာလောက၌ ဗုဒ္ဓ အနုပညာလက်ရာများ ပေါ်ပေါက်လာခဲ့သည်။

အိန္ဒိယနိုင်ငံ၌ အသောကဘုရင်မင်းတရားကြီးလက်ထက် လောက်ကစ၍ စေတီပုထိုးများကို တည်ခြင်းနှင့် ဗုဒ္ဓအနုပညာ လက်ရာ များကို ဖန်တီးခြင်းများ ပေါ်ပေါက်လာခဲ့သည်။၅ ရာစုနှစ် ဂန္ဓာရ အနုပညာ တစ်ခေတ်ဆန်းချိန်၌ကား ဂန္ဓာရဗုဒ္ဓ အနုပညာလက်ရာများ အံ့သြဖွယ်ကောင်းလောက်အောင်ပင် ထွန်းကားပြန့်ပွားခဲ့သည်။ ထို့နောက် ယခု ဘုံဘေမြို့နှင့် မိုင် ၃၀ လောက်အကွာတွင်ရှိသော ကနေဟာရီလိုဏ်ဂူ၌ရှိသည့် ဗုဒ္ဓအနုပညာလက်ရာများသည်

လည်းကောင်း၊ အဂျန္တာနှင့် ဧလိုရာလိုဏ်ဂူများ၌ရှိသော ဗုဒ္ဓအနုပညာ လက်ရာများသည်လည်းကောင်း ကမ္ဘာ့အနုပညာ စံနမူနာများအဖြစ် တည်ရှိနေပေသည်။ထိုင်းနိုင်ငံ အယုဒ္ဓရ၌ရှိသော ဗုဒ္ဓအနုပညာ စေတီပုထိုးများနှင့် နထုံပထုံ စေတီပုထိုး ဗုဒ္ဓအနုပညာလက်ရာများသည် လည်းကောင်း၊ ကမ္ဘောဒီးယားရှိ အန်ကောဝပ်သည်လည်းကောင်း၊ ဂျာဗားရှိ ဗိုရိုဗူဒိုသည်လည်းကောင်း၊ ကမ္ဘာ့အနုပညာလောက၌ ကြီးမားသော အခန်းကဏ္ဍက ပါဝင်နေသော ဗုဒ္ဓအနုပညာများ ဖြစ်သည်။

မြန်မာနိုင်ငံကလည်း ဗုဒ္ဓအနုပညာ ဖန်တီးမှုနှင့်ပတ်သက်၍ ကမ္ဘာ့အနုပညာလောကတွင် တစ်ခန်းတစ်ကဏ္ဍက ပါဝင်နေသည်။ မြန်မာနိုင်ငံ ဗုဒ္ဓအနုပညာ ၏ ဗဟိုဌာနမှာ ပုဂံဖြစ်သည်။

ပုဂံတွင် ယခုထက်တိုင် စေတီပုထိုးများ၊ ပန်းချီ၊ ပန်းပု၊ ပန်းတော့၊ ပန်းတမော့ ကျောက်ဆစ်လက်ရာ၊ ဗိသုကာလက်ရာ အစရှိသော ဗုဒ္ဓအနုပညာ လက်ရာများသည် မြန်မာ့ယဉ်ကျေးမှု အမွေအနှစ်အဖြစ် အနုပညာတန်ဖိုးကို မြတ်နိုးသူများအား ဆွဲဆောင်လျက် ရှိနေသည်။

သို့ရာတွင် ပုဂံ၌ရှိသော မြန်မာ့ယဉ်ကျေးမှု၊ အနုပညာ အမွေအနှစ်များကို မြတ်နိုးသူများသည် ပုဂံကို မရောက်ဘဲနှင့် ကြည့်ရှုလေ့လာခြင်း ပြုလုပ်ဖို့ မလွယ်ကူပေ။

ပုဂံယဉ်ကျေးမှုနှင့် အနုပညာကို စိတ်ပါဝင်စားသူများအတွက် လည်းကောင်း ပုဂံဘုရားပုထိုးများကို ဖူးမြော်ကန်တော့လိုသူများ အတွက်လည်းကောင်း ယဉ်ကျေးမှုဝန်ကြီးဌာနမှ အမျိုးသားပြတိုက်တွင် "ယဉ်ကျေးမှုအမွေ ပုဂံမြေ" ပြပွဲ ကျင်းပပြုလုပ်လျက် ရှိသည်။ယင်းပြပွဲ၌ ပုဂံမြေပေါ်တွင်ရှိနေသော ဘုရားပုထိုးများ နှင့် ပန်းချီ၊ ပန်းပု၊ ပန်းတော့၊ ပန်းတမော့၊ ကျောက်ဆစ်လက်ရာ အစရှိသော မြန်မာ့ယဉ်ကျေးမှု အမွေအနှစ်၊ ပုဂံယဉ်ကျေးမှု အမွေအနှစ်များ၏ ပုံတူများကို စုံလင်စွာ ပြထားသည်။

ပုဂံခရီးသည်များသည်ပင် ယခုလောက် စုံလင်သော ပုဂံ၏ ဗုဒ္ဓအနုပညာ လက်ရာများကို တစ်ထိုင်တည်း တစ်ချိန်တည်း ကြည့်ရှု

လေ့လာခွင့် ရလိမ့်မည် မဟုတ်ပေ။ယင်းပြပွဲ၌ ပြထားသော အထူးခြားဆုံး ဗုဒ္ဓအနုပညာလက်ရာမှာ လွန်ခဲ့သည့် နှစ်ပေါင်း ၉၀၀ ကျော်က မြန်မာ့ပန်းချီပညာရှင် ရေးဆွဲခဲ့သော အဝတ် ပန်းချီကားကြီး ဖြစ်သည်။

ယခုခေတ် တရုတ်ပြည်နှင့် ဂျပန်ပြည်တို့၌ အဝတ်တွင် ပန်းချီပုံများ ရေးဆွဲခြင်း၊ ပန်းချီပုံ ပေါ်လာအောင် အဝတ်ကို ရက်လုပ်ခြင်းများကို ပြောင်ပြောင်မြောက်မြောက် ပြုလုပ်နိုင်စွမ်းရှိသည်ကို တွေ့မြင်သိရှိရသည်။ယခု "ယဉ်ကျေးမှုအမွေ ပုဂံမြေ" ပြပွဲ၌ ပြထားသော အဝတ်ပန်းချီကားသည် လွန်ခဲ့သည့် နှစ်ပေါင်း ၉၀၀ ကျော်လောက်ပင် မြန်မာပန်းချီပညာရှင်များ အဝတ်ကို ပန်းချီပုံဖော်နိုင်လောက်အောင် ရက်လုပ်နိုင်ခြင်း၊ ဆေးရောင်စုံသုံးပြီး ပန်းချီရေးဆွဲနိုင်ခြင်း သမိုင်းဖြစ်ရပ် အမှန်၏ ငြင်းမရသော အထောက်အထား ဖြစ်နေသည်။

ယင်းအဝတ်ပန်းချီကားသည် နှစ်ပေါင်း ၉၀၀ ကျော် ရှည်ကြာလာခဲ့ပြီဖြစ်၍ ဆွေးမြည့်နေသော်လည်း မူလ ဆေးရောင်အတိုင်း ကျန်ရှိနေသေးသည်ကို တွေ့ရသည်။ယင်းအဝတ်ပန်းချီကားကို တွေ့မြင်သိရှိလေ့လာကြည့်ရှုံမှုနှင့်ပင် "ယဉ်ကျေးမှုအမွေ ပုဂံမြေ" ပြပွဲ သွားရကျိုးနပ်ပြီဟု ဆိုရပေလိမ့်မည်။

* * *

ရသေ့တပသီတစ်ပါးသည် တောအုပ်အတွင်းက သစ်ပင်တစ်ပင်ရင်းတွင်ထိုင်ပြီး ဘာဝနာပွားများနေသည်။ထိုအခိုက် တောအုပ်အတွင်း ဖြတ်သွားသော ခရီးသည်တစ်ဦးသည် တပသီတစ်ပါး သစ်ပင်ရင်းတွင် ထိုင်နေသည်ကို တွေ့ရ၍ တပသီထံ ချဉ်းကပ်ပြီး စကားစမြည်ပြောကြည့်သည်။

"ရှင်ရသေ့ နာမည်ဘယ်လိုခေါ်ပါသလဲ"

"ကျုပ်နာမည် ဘီခဏလို့ ခေါ်တယ်"

ဘီခဏအမည်ကို ကြားလိုက်ရသောအခါ ခရီးသွားသည် အံ့အားသင့်သွားပြီး ပြောလိုက်သည်။

"ဘီခဏဆိုတာ ရှင်ရသေ့လား။ဘီခဏသတင်းကို ကြားဖူးတာ ကြာပြီ။ကျုပ်စိတ်ထဲမှာ တွေးကြည့်နေတဲ့ ဘီခဏက ယခုတွေ့ရတဲ့ ဘီခဏနဲ့ တခြားစီဖြစ်နေတယ်။နာမည်ကျော်ကြားနေတဲ့အတွက် ဘီခဏမှာ ဆင်တွေ၊ မြင်းတွေ၊ ကျောင်းတိုက်ကြီးတွေ၊ တပည့်ပရိသတ်တွေ အမြောက်အမြားနဲ့ တစ်ထီးတစ်နန်း ဖြစ်နေလိမ့်မယ် ထင်နေတာ။ သစ်တစ်ပင်ရင်း ဝါးတစ်ပင်အောက်မှာ ယခုလို လာတွေ့နေရတော့ မအံ့ဩဘဲ မနေနိုင်တော့ဘူး"

ခရီးသွား၏ ထင်မြင်ချက်ကို ကြားသိရသောအခါ ဘီခဏရှင်ရသေ့က ပြန်ပြောသည်။

"ကျုပ် တစ်ကိုယ်တည်း ယခုလို ကေစာကျင့်နေတဲ့အတွက် ကျုပ်သတင်းကို လူတွေ အာရုံပြုနေတာနဲ့ တူပါတယ်။ကျုပ်ဆီမှာ ရသေ့ရဟန်းများနဲ့ မအပ်စပ်တဲ့ အဆောင်အယောင်တွေ၊ ဖိမ်ခံပစ္စည်းတွေဆိုလို့ ဘာတစ်ခုမှ မရှိဘူး။ရသေ့ရဟန်းများရဲ့ ကျော်စောကိတ္တိဟာ ရသေ့ရဟန်းကျင့်ဝတ်ဖြစ်တဲ့ တရားအကျင့် ကျင့်သုံးဆောက်တည်တဲ့နေရာမှာ ရှိတယ်။မှတ်ထား ဒါယကာ"

* * *

ရာမ၏မြားဒဏ်ချက်ကြောင့် အသက်ထွက်မည့်ဆဲဆဲဖြစ်နေသော ရာဝဏထံ သူ့ညီတော် လက္ခဏကိုလွှတ်ပြီး "လက္ခဏ၊ ရာဝဏဟာ ဝေဒကျမ်း လေးကျမ်းကိုလည်း သိရှိနားလည်တယ်။သျှတ္တရကျမ်း ခြောက်ကျမ်းကိုလည်း တတ်မြောက်ထားတယ်။ရာဇနီတိ မင်းမှုရေးရာများကိုလည်း ကျွမ်းကျင်တယ်။ အမှန်ပြောရရင် ရာဝဏဟာ ပညာရှိတစ်ယောက်ဖြစ်တယ်လို့ ဆိုရလိမ့်မယ်။ ရာဝဏထံသွားပြီး သူပြောပြတဲ့ အဆုံးအမ ဥပဒေသကို နာယူချေ"ဟု ပြောလိုက် သည်။

သူ့နောင်တော် ရာမ၏ ညွှန်ကြားချက်အရ လက္ခဏသည် ရာဝဏ ထံသွားပြီး "လင်္ကာဘုရင်မင်းကြီး၊ ကျွန်ုပ် အရှင်မင်းကြီးထံက အဆုံးအမ ဥပဒေသ တစ်ခုခု ရယူလိုပါတယ်"ဟု ပြောပြသည်။ရာဝဏက မျက်စိဖွင့်ပြီး လက္ခဏကို တစ်ကြိမ်ကြည့်ပြီးလျှင် မျက်စိပြန်မှိတ်သွားသည်။စကားတစ်ခွန်းမှ မပြောပေ။

လက္ခဏသည် ရာမထံပြန်လာပြီး အကျိုးအကြောင်း ပြောပြသည်။ ထိုအခါ ရာမကပြုံးပြီး လက္ခဏကိုခေါ်လျက် သူကိုယ်တိုင် ရာဝဏထံ သွားသည်။ ရာမက ရာဝဏကို "မဟာပညာရှင်ကြီးခင်ဗျား၊ ရာမ အလေးပြုတာကို လက်ခံ ပါ"ဟု ပြောသောအခါ ရာဝဏသည် မျက်စိဖွင့်ပြီး ကြည့်သည်။သူ၏ခြေထောက် ပေါ်တွင် ရာမ ဦးညွှတ်အရိုအသေပြုနေသည်ကို တွေ့မြင်ရသည်ဖြစ်၍ ရာဝဏ သည် လက်အုပ်ချီပြီးလျှင် ရာမ၏ အရိုအသေပြုခြင်းကို လက်ခံသည့် အမူအရာပြုလျက် လက္ခဏကို "ပညာရယူလိုတဲ့လူဟာ ဦးခေါင်းပေါ်တက်ပြီး ရယူလို့ မဖြစ်ဘူး။ခြေရင်းမှာထိုင်ပြီး ယူရတယ်။မင်း ကိုယ့်နောင်တော်ဆီက ပညာရှိထံ ဆည်းကပ်နည်း သင်ယူမထားဘူးလား"ဟု မေးလိုက်သည်။

လက္ခဏသည် သူ၏အမှားကို သိရှိနားလည်သွားသည်။ထို့နောက် ရာဝဏက ခဏနားနေပြီး စကားဆက်ပြောသည်။"ရာမ၊ ကျုပ်ဘဝတစ်သက် တာမှာ တွေ့ကြုံရတဲ့ အနှစ်သာရတစ်ခု ရှိတယ်။အဲဒါ ဘာလဲဆိုတော့ ဓမ္မနဲ့ ပတ်သက်တဲ့အလုပ် လုပ်တဲ့နေရာမှာ ဘယ်တော့မှ ဆိုင်းငံ့မထားသင့်ဘူး။ ဓမ္မနဲ့ပတ်သက်တဲ့ အလုပ် မလုပ်ခင် အဲဒီအချက်ကို အကြိမ်တစ်ရာလောက် စဉ်းစားဆင်ခြင်သင့်တယ် ဆိုတဲ့ ဘဝအနှစ်သာရ ဖြစ်ပါတယ်"

* * *

ကျန္နရာရှေခါအာဇတ်သည် ဗြိတိသျှတို့ စိုးမိုးအုပ်ချုပ်စဉ် ခေတ်ကာလက ဗြိတိသျှအစိုးရကို တော်လှန်ဆန့်ကျင်သော အိန္ဒိယ အမျိုးသား တော်လှန်ရေးသားကောင်းတစ်ဦးဖြစ်သည်။အိန္ဒိယနိုင်ငံ၌ လွတ်လပ်ရေးတိုက်ပွဲဝင် တော်လှန်ရေးတပ်သား ကျန္နရာရှေခါအာဇတ် ကို ဂုဏ်ပြုလေးစားကြသည်။ကျန္နရာရှေခါသည် သူ၏ တော်လှန်ရေး လုပ်ငန်းများကြောင့် ဗြိတိသျှအစိုးရ၏ ကြိုးပေးကွပ်မျက်ခြင်း ခံသွားရ ရှာသည်။ယခုအခါ၌ အိန္ဒိယနိုင်ငံတွင် ကျန္နရာရှေခါ၏ ကြေးရုပ် ကျောက်ရုပ်များကို နေရာအတော်များများ၌ ထုလုပ်ထားကြသည်။ ကျန္နရာရှေခါအာဇတ်နှင့်ပတ်သက်သော အဖြစ်အပျက်တစ်ခု ဖြစ်သည်။ ထိုအချိန်က ကျန္နရာရှေခါသည် ဗြိတိသျှအစိုးရက လိုက်ဖမ်းနေစဉ် ပုန်းလျှိုးရှောင်ရှား ပြေးလွှားနေရသည်။ဗြိတိသျှအစိုးရက ကျန္နရာရှေခါ ကို ဖမ်းပေးနိုင်သူအား ဆုငွေ ၅၀၀၀ ချီးမြှင့်မည်ဟူ၍ ထုတ်ပြန်ကြေညာ ထားသည်။လေမုန်တိုင်းထန်နေသည့် ညတစ်ညဖြစ်သည်။ကျန္နရာရှေခါ သည် ထမင်းမစားရသည်မှာ အချိန်အတော်ကြာပြီဖြစ်၍ ဝမ်းဗိုက်ထဲက တကြုတ်ကြုတ်မြည်နေသည်။ထမင်း စားရလို စားရငြား တစ်ညတာ နားခိုစရာနေရာ ရလိုရငြား မိုးကြီးလေကြီးထဲတွင် လှည့်လည်လျှောက် သွားနေရာ အိမ်တစ်အိမ်သို့ ရောက်လာသည်။အိမ်တံခါးကို အသာ ခေါက်လိုက်သည်။ထိုအိမ်၌ အမယ်အိုတစ်ယောက်နှင့် သမီးပျို တစ်ယောက် နေထိုင်ကြသည်။အမယ်အိုသည် တံခါးကိုဖွင့်ကြည့်ပြီး လန့်အော်လိုက်သည်။ကျန္နရာရှေခါကို ဓားပြဟု အထင်မှားသွားခြင်း ဖြစ်သည်။

ကျန္နရာရှေခါသည် အမယ်အို၏ ပါးစပ်ကို လက်ဖြင့် အလျင် အမြန် လှမ်းပိတ်လိုက်ပြီး ပြောလိုက်သည်။"ကျွန်တော် အဖမ်းခံရအောင်

မလုပ်ပါနဲ့ အမေ။ကျွန်တော် ဓားပြမဟုတ်ပါဘူး။လူဆိုးသူခိုးလည်း မဟုတ်ပါဘူး။ ကျွန်တော် ကျန္တရာရှေခါ အာဇာတ်ပါ"

ယင်းတော်လှန်ရေးသမားကောင်း ရတနာ၏ အမည်နာမကို ကြားလိုက်ရသည်နှင့် မျိုးချစ်စိတ်ဓာတ်ခံရှိနေသော အမယ်အိုသည် ဝမ်းသာမဆုံး ဖြစ်သွားသည်။ကျန္တရာရှေခါ၏ အမည်နာမကိုလည်းကောင်း၊ တော်လှန်ရေး လှုံ့ဆော်ဆောင်ရွက်ချက်များကိုလည်းကောင်း အမယ်အို ကြားဖူးနားဝရှိထားသည်။ ကျန္တရာရှေခါကို ရင်ခွင်ချင်း အပ်လိုက်ပြီးလျှင် သားအရင်းတစ်ယောက် ချစ်သကဲ့သို့ ချစ်လိုက်လေသည်။ထို့နောက် ခြေလက်သုတ်သင် ဆေးကြောပေးပြီး ခဏနားနေရန် ကျန္တရာရှေခါကို ပြောလိုက်လေသည်။

တစ်ခဏကြာသောအခါ အမယ်အိုက သူ့သမီးကို ပြောသည်။"သမီး သမီးအစ်ကို လာတယ်။ခပ်မြန်မြန် ထမင်းနူးပြီး ကျွေးလိုက်စမ်း။ထမင်းမစားရတာ ဘယ်လောက်ကြာနေပြီ မသိဘူး"

သမီးဖြစ်သူက ထမင်းပြင်ကျွေးသည်။စကားလက်ဆုံကျရင်း ကျန္တရာရှေခါ က မေးလိုက်သည်။

"အမေ၊ ကျွန်တော့်နမနှင့် ကြောင်းလမ်းထားတဲ့သူ မရှိဘူးလား။ရှိရင် ဘယ်ရွာမှာနေသလဲဆိုတာ ကျွန်တော့်ကို ပြောပြပါလား။ကျွန်တော့်ယောက်ဖကို တစ်ချိန်ချိန်မှာ သွားတွေ့လိုက်မယ်လေ"

အမေအိုက ပထမတွင် ပြုံးသည်။သို့သော်လည်း တစ်ခဏအတွင်း၌ပင် မျက်နှာမကောင်းဖြစ်သွားပြီး ပြောလိုက်လေသည်။"လက်ထပ်မင်္ဂလာကြေးစုနေတုန်း ရှိသေးတယ်သား။မင်္ဂလာကြေးပြည့်မှ မင်းနမကို အိမ်ထောင်ချပေးမယ်" ကျန္တရာရှေခါ တွေဝေသွားသည်။

"ဒီလိုလုပ်ပါလား အမေ။ဒီတစ်ည ဒီမှာနားခွင့်ပေးတဲ့အတွက် ကျွန်တော့် အပေါ်မှာ အမေတို့ရဲ့ ကျေးဇူးတွေ အများကြီးရှိပါတယ်။အမေ့ကို နည်းလမ်းတစ်ခု ပေးပါရစေ။အဲဒီနည်းလမ်းကို လိုက်နာမယ်ဆိုရင် အမေတို့ရဲ့ အခက်အခဲ ချက်ချင်း ပြေလည်သွားနိုင်စရာ ရှိပါတယ်"

"ဘယ်လိုနည်းလမ်းလဲ သား"အမေအိုက အားတက်သရော မေးလိုက်သည်။

"ဗြိတိသျှအစိုးရက ကျွန်တော့်ကိုဖမ်းဖို့ ဆုငွေ ၅၀၀၀ ထုတ်ထားတယ်။ ကျွန်တော့်ဆီမှာရှိတဲ့ ငွေအချို့ကို တခြား တော်လှန်ရေးသမားတစ်ဦးဦးဆီရောက်

အောင် အပို့ခိုင်းပြီး အမေ ကျွန်တော့်ကို ပုလိပ်လက်ထဲ အပ်လိုက်ပါလား။ဆုငွေ အဖြစ် ရတဲ့ငွေနဲ့ အမေ ကျွန်တော့်နှမကို မင်္ဂလာဆောင်ပေးနိုင်ပါလိမ့်မယ်။"

"သားရယ် ဘယ်လိုပြောလိုက်တာလဲ။ငွေ ၅၀၀၀ မကလို့ ငွေငါးသိန်းရရ အမေ အဲဒီလို သစ္စာမရှိတဲ့အလုပ်ကို မလုပ်ချင်ပါဘူး။သားကို အမေ့သားလို့ခေါ်ပြီး ရင်ချင်းအပ်ပြီးပြီ မဟုတ်လား။သားတစ်ဦးတစ်ယောက် သားဆိုးသားမိုက်ဖြစ်နေပေမယ့် အမေတစ်ဦးတစ်ယောက်အနေနဲ့ အမေဆိုး အမေမိုက် မဖြစ်နိုင်ဘူး"

ယင်းသို့ပြောပြီးလျှင် ကျုန္တရာရှေခါအတွက် အိပ်စရာနေရာပြင်ပေးပြီး အမေအိုက တခြားအခန်းသွားပြီး အိပ်လိုက်လေသည်။နံနက် မိုးလင်းလာသည်။ အမေအိုနှင့် သမီးသည် အိပ်ရာနိုးလာသောအခါ ကျုန္တရာရှေခါကို မတွေ့ကြတော့ပေ။အိပ်ရာပေါ်တွင် ငွေစက္ကူအထပ်လိုက် ပုံထားသည်ကိုသာ တွေ့ကြသည်။ အမယ်အိုသည် စာကို ကပျာကသီ ကောက်ယူဖတ်ကြည့်လိုက်သောအခါ ပါးစပ်အဟောင်းသား ဖြစ်သွားသည်။စာထဲတွင် ရေးထားသည်။

**အမေ**

**ကျွန်တော့်အကြံပေးချက်ကို အမေ လက်မခံတဲ့အတွက် ကျွန်တော် စိတ်မကောင်းပါဘူး။အခု ထားခဲ့တဲ့ ငွေအနည်းငယ်နဲ့ ကျွန်တော့်နှမကို ခပ်မြန်မြန် လက်ထပ်ပေးလိုက်ပါ။ကျွန်တော့်နှမ မင်္ဂလာဆောင်ကို ကျွန်တော် လာလိုပါတယ်။ ဒါပေမဲ့ အဲဒီအချိန်မှာ ကျွန်တော် ဘယ်ရောက်လို့ ဘယ်ပေါက်နေမှန်း ကျွန်တော် ကိုယ်တိုင် ပြောနိုင်မယ် မဟုတ်ပါဘူး။ခြေသလုံးအိမ်တိုင်ဘဝ ရောက်နေရတဲ့ အစ်ကိုတစ်ယောက်အနေနဲ့ ကိုယ့်နှမအတွက် ဘာလုပ်နိုင်မှာလဲ အမေ။အခြေအနေ ပေးရင်တော့ ကျွန်တော့်ယောက်ဖနဲ့ တစ်ခါလောက် လာတွေ့ပါဦးမယ်။ကိုယ့်နှမကို လည်း ဆုမွန်ပေးချင်ပါသေးတယ်။**

**အခုတော့ သွားဦးမယ်နော် အမေ။**

ကျုန္တရာရှေခါ

မိခင်နှင့် သမီးနှစ်ယောက်စလုံးတွင် မျက်ရည်ပေါက်ပေါက် စီးကျလာသည်။ထိုငွေဖြင့်ပင် အမယ်အိုသည် သူ့သမီးမင်္ဂလာဆောင် ကိစ္စဝဝကို ပြုလုပ်ပေးလိုက်သည်။သို့ရာတွင် နှမဖြစ်သူသည် သူ့အစ်ကိုကို နောက်ထပ် ဘယ်တော့မှ မတွေ့ရတော့ပေ။

* * *

ဂုရု ဂေါဝိန္ဒဆိန်မာ၏တပည့် ကနဟိုက်ယာသည် စစ်မြေပြင်၌ ရေစည်တစ်ခု သယ်ဆောင်သွားပြီးလျှင် စစ်ပွဲအတွင်း ဒဏ်ရာရသူ စစ်သားများကို ရေတိုက်သည်။ရေတိုက်စဉ်ခဏ၌ ကနဟိုက်ယာသည် ရေသောက်သော စစ်သားသည် မည်သည့်တပ်က စစ်သားဖြစ်သည်ကို မကြည့်ပေ။မည်သည့်တပ်က စစ်သားဖြစ်ဖြစ် ကိုယ့်ဘက်က စစ်သားဖြစ်ဖြစ် ရန်သူ့ဘက်က စစ်သားဖြစ်ဖြစ် ပုဂ္ဂိုလ်မရွေး စစ်သားအားလုံးကို တညီတညွတ်တည်း ရေတိုက်သည်။ယင်းအဖြစ်အပျက်ကို တွေ့ရသောအခါ တချို့စစ်သားများက မကျေမနပ်ဖြစ်ကြပြီးလျှင် ဂုရု ဂေါဝိန္ဒထံ သွားပြီး တိုင်တန်းကြသည်။

"ဂုရုဂျီ၊ ဂုရုဂျီရဲ့တပည့် ကနဟိုက်ယာဟာ ကျုပ်တို့ဘက်က စစ်သားတွေနဲ့အတူ မဂိုစစ်သားများကိုလည်း ရေတိုက်တာ တွေ့နေရတယ်"

ဂုရု ဂေါဝိန္ဒက သူ့တပည့်ကို မေးမြန်းစုံစမ်းကြည့်သောအခါ ကနဟိုက်ယာက ပြန်ပြောသည်။

"ဂုရုဂျီ၊ ဂုရုဂျီရဲ့ ကျေးဇူးကြောင့် ဒုက္ခရောက်နေတဲ့ လူအားလုံးမှာ ဂုရုဂျီရဲ့ ရုပ်ပုံသွင်ပြင်ကိုပဲ တွေ့နေရပါတယ်။ဂုရုဂျီရဲ့ ရုပ်ပုံသွင်ပြင်ကို မြင်တွေ့နေရတော့ ကျွန်ုပ် အကူအညီမပေးဘဲနေလို့ ဘယ်မှာဖြစ်ပါမလဲ"

ကနဟိုက်ယာ၏ အကြောင်းပြချက်ကို ကြားရသောအခါ ကနဟိုက်ယာကို အပြစ်ပြောနေကြသူအားလုံး အရှက်တကွဲ အကျိုးနည်းဖြစ်သွားကြပြီး ဂုရုဂေါဝိန္ဒဆိန်မာကမူ အကြီးအကျယ် ဝမ်းသာအားရ ဖြစ်သွားသည်။

* * *

# ရှေ့နေမှ ဘုန်းကြီးဖြစ်လာသူ

အိန္ဒိယနိုင်ငံ ပန်ဂျပ်ပြည်နယ် ဂျလန္ဓာမြို့၌ မုံရှီရာမ်အမည်ရှိ ရှေ့နေတစ်ယောက် ရှိသည်။မုံရှီရာမ်သည် အမှုလာအပ်လျှင် အမှုမှန် မမှန် စစ်ဆေးပြီးမှ လက်ခံသည်။လီဆယ်လုပ်ကြံသော အမှုဖြစ်ကြောင်း သိလျှင် ယင်းအမှုမျိုးအတွက် မည်သည့်အခါမှ ရှေ့နေမလိုက်ပေ။

တစ်နေ့သောအခါ၌ တရားရုံးတွင် အမှုဖွင့်သောအခါ တရားလိုဘက်က သူ ရှေ့နေလိုက်ရမည့်အမှုမှာ အမှုမှားကြီးဖြစ်နေကြောင်း သိရ၍ ယူထားသော ရှေ့နေခကို ပြန်ပေးပြီး တရားရုံးက ပြန်ထွက်လာသည်။

ယင်းအဖြစ်အပျက် ဖြစ်ပွားပြီးနောက် ရှေ့နေ မုံရှီရာမ်သည် ဝင်ငွေလျော့နည်းသွားပြီး နေရေးထိုင်ရေး ကျပ်တည်းလာသည်။သို့သော် လည်း ရှေ့နေသိက္ခာကို ထိန်းထားပြီး သူ၏မူကို တစ်ပြားသားမျှ အလျှော့မပေးပေ။

သို့ရာတွင် တရားသူကို တရားက ပြန်စောင့်သည်ဟူသော သဘာဝတရားက မုံရှီရာမ်ကို ကြည့်မနေပေ။တစ်ဖြောင့်တည်းရှိသော သူ၏စိတ်ထားကို နားလည်သဘောပေါက်သွားကြသည်ဖြစ်၍ အမှန် တရား လိုလားသော အမှုသည်များ သူ့ထံ ပြန်လည်ချဉ်းကပ်လာကြ သည်။တရားသူကြီး ကိုယ်တိုင်ကပင် မုံရှီရာမ်၏ရိုးသားဖြောင့်မတ်မှုကို သိရှိနားသွားကြသည်ဖြစ်၍ မုံရှီရာမ် ရှေ့နေလိုက်သည့်ဘက်က အမှုမှာ အမှုမှန်ဖြစ်လိမ့်မည်ဟူ၍ စွဲမှတ်ထားသည့် အခြေအနေသို့ပင် ရောက်ရှိ သွားသည်။

အမှန်တရားဘက်က အမြဲလိုက်လေ့ရှိသော ရှေ့နေ မုံရှီရာမ် သည် နောက်ပိုင်း၌ လောကီနယ်ပယ်ထဲမှာ မမွေ့တော့ဘဲ "ဆံချာဆီ" သူတော်စင်ဘဝ ရောက်သွားပြီးလျှင် "ဆွာမိ ရှရဒ္ဓါနန္ဒ"အမည်ဖြင့် ထင်ပေါ်ကျော်ကြားသွားသော ဆွာမိတစ်ပါးဖြစ်လာသည်။

* * *

ဂျပန်နိုင်ငံတွင် သူတော်သူမြတ်တစ်ယောက် ရှိသည်။ သူ့နာမည် "ကာဂါဝါ"ဟု ခေါ်သည်။ဂျပန်လူမျိုးများက "ကာဂါဝါ"ကို "ဂျပန် ဂန္ဒီ"ဟူ၍ ခေါ်ကြသည်။အမှန်ပင် ကာဂါဝါသည် ဂန္ဒီကဲ့သို့ပင် နေထိုင် ကျင့်သုံးသည်။အားလုံးအပေါ် ကရုဏာ ထားသည်၊ မေတ္တာ ထားသည်။

ကာဂါဝါနေသောမြို့၌ လူဆိုးလူမိုက်တစ်ယောက် ရှိသည်။ ထိုလူဆိုးလူမိုက် ရန်ပြုခြင်း မခံရသောလူ အတော်ရှားသည်။သူ့ကို လည်း မည်သူကမှ လူရာမသွင်းပေ။အားလုံး၏ အထင်အမြင်သေးခြင်း ခံရသည်။အားလုံး၏ ပါးစပ်ဖျားတွင် "ကာဂါဝါ"၊ "ကာဂါဝါ"ဟူ၍ ကာဂါဝါကို ဝိုင်းချီးကျူးနေကြသည်ကို တွေ့ရသောအခါ ထိုလူဆိုး လူမိုက်သည် မနာလိုဝန်တို ဖြစ်လာသည်။ဣဿမစ္ဆရိယ ဖိစီးနှိပ်စက် ခြင်းခံနေရသော သူတို့သည် သူတစ်ပါး ကြီးပွားသည်ကို မနာလို ဖြစ် ကြသည်။သူတစ်ပါး ဂုဏ်သိက္ခာရှိသည်ကို ဝန်တိုကြသည်။သူတစ်ပါး ပညာရှိသည်ကို မရှုစိမ့်ကြပေ။

သူ့ထက်သာသူအား မနာလိုဝန်တိုဖြစ်နေသော လူဆိုးလူမိုက် သည် အများ၏ပါးစပ်ဖျားတွင် ကာဂါဝါ ရေပန်းစားနေသည်ကို တွေ့ရ သောအခါ ကာဂါဝါကို သတ်ပစ်မည်ဟု ဆုံးဖြတ်ချက်ချလျက် ကာဂါဝါ အိမ်သို့ သွားသည်။ထိုလူဆိုးလူမိုက် ရောက်သွားချိန်၌ ကာဂါဝါ အိပ်ပျော်နေသည်။လူဆိုးလူမိုက်၏ခြေသံ ကြားသောအခါ ကာဂါဝါ အိပ်ရာမှ နိုးလာသည်။

မျက်ထောင့်ကြီးများ နီရဲပြီး လက်ထဲ ဓားကိုင်ထားသော ထို လူဆိုးလူမိုက်ကို တွေ့ရသောအခါ မိမိကို သတ်ဖို့လာခြင်း ဖြစ်သည် ကို ကာဂါဝါ ရိပ်မိသွားသည်။သို့သော်လည်း ကာဂါဝါသည် ဣန္ဒြေ

မပျက် လူဆိုးလူမိုက်ကို ညှော့သည်တစ်ဦးလို လောကွတ်ပျူငှာ သည်းခံ စကားပြောပြီး ထိုလူဆိုးလူမိုက် အသက်ရှည်ရာရှည်ကြောင်း ဘုရား သခင်ထံ ဆုတောင်းလိုက်သည်။

ကာဂါဝါ၏ အခြေအနေကို တွေ့ရသောအခါ လူဆိုးလူမိုက် အံ့အားသင့်သွားသည်။မိမိက သူ့ကိုသတ်ရအောင် လာသည်။သူက မိမိအတွက် အသက်ရှည်ရာ အနာမဲ့ကြောင်း ဘုရားသခင်ထံ ဆုမွန် တောင်းနေသည်။သူ၏မျက်နှာတွင်လည်း ငြိမ်းချမ်းမှု ကြည်လင် ရွှင်လန်းမှုအပြည့် ရှိနေသည်။

လူဆိုးလူမိုက်သည် ဓားကိုချလိုက်ပြီးလျှင် ကာဂါဝါ၏ ခြေရင်းတွင် ပစ်လှဲလျက် တရှုံ့ရှုံ့ငိုလေတော့သည်။ကာဂါဝါက ချစ်ကြည်ရင်းနှီးစွာဖြင့် လူဆိုး၏ကျောနှင့် ဦးခေါင်းကို ပွတ်သက်ပေးပြီး လျှင် လူဆိုး၏မျက်ရည်ကို သုတ်ပေးသည်။

"ကိစ္စမရှိပါဘူး မမှားသောရှေ့နေ၊ မသေသော ဆေးသမား ရယ်လို့ ဘယ်ရှိမလဲ။စိတ်အေးအေးထားပြီးတော့သာ ပြန်သွားပါ" ဟူ၍ လည်း ပြောပြသည်။ထိုအချိန်မှစ၍ ထိုလူဆိုးလူမိုက်သည် လူဆိုး လူမိုက်ဘဝက ဝဋ်ကျွတ်သွားပြီးလျှင် လူကောင်းပကတိ ဖြစ်လာသည်။ မည်သူ့ကိုမှလည်း ရန်မပြုတော့ပေ။အများကောင်းကျိုးအတွက်သာ လုပ်ကိုင်ဆောင်ရွက်နေတော့သည်။

* * *

အိန္ဒိယသမိုင်း၌ ဘတ္တိဟာရိအမည်ရှိ ရှေးခေတ်သူတော်စင်ဘုရင်တစ်ပါးရှိသည်။ပညာရှိဘုရင် ဖြစ်သည်။သက္ကတဘာသာ နီတိကျမ်းများကိုလည်း ရေးသားပြုစုသော ဘုရင်ဖြစ်သည်။သူ ရေးသားပြုစုထားသော နီတိများသည် "စာဏက္ကျနီတိ" စသော နီတိများကဲ့သို့ပင် "ဘတ္တိဟာရိ" အမည်နာမဖြင့် ထင်ရှားကျော်ကြားသော နီတိများဖြစ်သည်။ "ဘတ္တိဟာရိ" ဘုရင်နှင့် ပတ်သက်၍လည်း မှတ်တမ်းတင်ထားသော အဖြစ်အပျက်များစွာ ရှိသည်။အောက်ဖော်ပြပါ အဖြစ်အပျက်မှာ ယင်းအဖြစ်အပျက်များထဲက တစ်ခုဖြစ်သည်။

တစ်နေ့သောအခါ၌ သူ့တရား လာနာသော လူများက ဘတ္တိဟာရိကို "ဘယ်လိုလူမျိုးဖြစ်အောင် လုပ်ရမလဲ"ဟူသော မေးခွန်းကို မေးသည်။ဘတ္တိဟာရိက ယင်းမေးခွန်း၏ အဖြေကို ဤသို့ ပြန်ပြောပြသည်။

"ကိုယ်လုပ်တဲ့အလုပ်ကို အကြောင်းပြုပြီး လူ လေးမျိုးလေးစားရှိတယ်။အဆင့်အမြင့်ဆုံးလူက မိမိအကျိုးကို ထည့်မတွက်ဘဲ နေ့ည မပြတ် သူတစ်ပါးအကျိုး ဆောင်ရွက်တဲ့လူ ဖြစ်တယ်။အဲဒီလိုပုဂ္ဂိုလ်မျိုးဟာ အဆင့်အမြင့်ဆုံး စိတ်ကောင်းအရှိဆုံးပုဂ္ဂိုလ် ဖြစ်တယ်။ဒုတိယအမျိုးအစား လူကတော့ မိမိအကျိုးအတွက် လုပ်တော့လုပ်တာပဲ၊ ဒါပေမဲ့ မိမိအကျိုးအတွက် လုပ်ပေမယ့် သူလုပ်တဲ့အလုပ်ကြောင့် သူတစ်ပါးအကျိုး ထိခိုက်နစ်နာသွားအောင် မလုပ်ဘူး။အဲဒီလို လူမျိုးကိုတော့ ဒုတိယအဆင့်ကလူလို့ ခေါ်လို့ရတယ်။တတိယလူကတော့ တစ်မျိုး။ကိုယ့်အကျိုးအတွက်သာလုပ်ပြီး သူတစ်ပါးအကျိုးကို ထည့်မစဉ်းစားတဲ့လူ ဖြစ်တယ်။အဲဒီလို လူမျိုးကတော့ တတိယအဆင့်မှာရှိတဲ့လူမျိုး ဖြစ်တယ်။စတုတ္ထလူကတော့ ဓားမနောက်ပိတ်ခွေ လူမျိုး

ဖြစ်တယ်။သူတစ်ပါးကို လိုးပြီး၊ သူတစ်ပါးကို ခေါင်းပုံဖြတ်ပြီး၊ သူတစ်ပါးကို ထိခိုက်နစ်နာအောင်လုပ်ပြီး တိရစ္ဆာန်အကျင့် တိရစ္ဆာန်ကြံမျိုးနဲ့ ကိုယ့်အကျိုးတစ်ခုတည်းအတွက် လုပ်တဲ့လူမျိုးဖြစ်တယ်"

ဘတ္တိဟရိ၏ အယူအဆကို ကြားရသောအခါ မေးခွန်းမေးသူများက ထပ်ဆင့် မေးခွန်းမေးလိုက်ပြန်သည်။"အဲဒီလိုဆိုရင် ကျွန်ုပ်အမြဲမပြတ် ပရဟိတ သူတစ်ပါးအကျိုးကိုချည်း ဆောင်ရွက်နေရမလား အရှင်မင်းကြီး"

"အဲဒီလိုလည်း မဟုတ်ပါဘူး။ကျုပ်က အကျိုးအကြောင်းပြောပြတာပါ။မိတ်ဆွေတို့ ကိုယ့်ဟာကိုယ် လုပ်လို့ရပါတယ်။ကိုယ်ထင်တာ ကိုယ်ကြိုက်တာ လုပ်ကြပါ"

ဘတ္တိဟရိ၏ အဖြေစကားကို ကြားရသောအခါ တရားနာပရိသတ် ကျေနပ်အားရသွားပြီးလျှင် ဘတ္တိဟရိ၏ အာဘော်ကိုလည်း ရိုပ်မိသွားကြသည်။

* * *

ဆွာမိ ဝိဝေကာနန္ဒသည် ဟိန္ဒူဘာသာ၏ အထင်ပေါ် အကျော်ကြားဆုံး ဆွာမိတစ်ပါးဖြစ်သည်။ဆွာမိ၏ အမည်နာမသည် ဟိန္ဒူဘာသာ တိုးတက်ရေး ကြီးပွားရေးဆောင်ရွက်ရင်း ပြည်သူ့အကျိုး ပြု လုပ်ငန်းများကို ဆောင်ရွက်သည့်အတွက် လူမျိုးမရွေး၊ ဘာသာ မရွေး အားလုံး၏ လေးစားခြင်းခံရသော ဆွာမိတစ်ပါးဖြစ်သည်။ သူ့ဆရာ ရာမ ကရိရှဏ၏ သူတော်စင်အဖြစ်ကို ဂုဏ်ပြုသည့်အနေဖြင့် ပြည်တွင်းပြည်ပ မြို့ကြီးများ၌ ပြည်သူ့အကျိုး ဆောင်ရွက်ရန် "ရာမ ကရိရှဏအသင်း"များကို တည်ထောင်ဖွဲ့စည်းထားသည်။

မြန်မာနိုင်ငံ၌ ဖွဲ့စည်းထားသော ရာမ ကရိရှဏမစ်ရှင် အသင်း ကြီးသည် ရန်ကုန်မြို့ ဗိုလ်တထောင်ဘုရားလမ်း၌ တည်ရာဌာနအဖြစ် ထားပြီး ပြည်သူတို့၏ ကျန်းမာရေးအတွက် ရန်ကုန်အရှေ့ပိုင်း၌ ဂန္ဓီ ဆေးရုံဟု လူအများခေါ်နေကြသော ဆေးရုံကြီးကို တည်ထောင်ထား သည်။ယင်းဆေးရုံသည် ယခုအခါ၌ ရန်ကုန်အရှေ့ပိုင်း ပြည်သူ့ဆေးရုံ အဖြစ် ထင်ရှားနေသည်။

ပညာရေးနှင့် လူမှုရေးအတွက်လည်း ဗိုလ်တထောင်ဘုရား လမ်းရှိ ရာမ ကရိရှဏ အသင်းတိုက်ကြီး ရှိနေသည်။အသင်းတိုက်ကြီး တွင် စာကြည့်တိုက်ရှိနေပြီး ခန်းမကြီးထဲတွင် ပညာပေး ဟောပြောပွဲများ ကျင်းပပြုလုပ်လေ့ ရှိသည်။

ဆွာမိ ဝိဝေကာနန္ဒ၏ ဘဝဖြစ်စဉ်၌ အတုယူစရာ အဖြစ် အပျက်များ အများအပြားရှိသည်။ယခု အဖြစ်အပျက်မှာ ယင်းအဖြစ် အပျက်များထဲက တစ်ခုဖြစ်သည်။ဆွာမိ ဝိဝေကာနန္ဒသည် ပြည်ပနိုင်ငံ များ၌ ဓမ္မပြန့်ပွားအောင် ဖြန့်ဖြူးပြီးသည့်နောက်၊ ဗေလုရ၌ ရှရီရာမ ကရိရှဏ ပရမဟံသအတွက် ကျောင်းတော်တစ်ဆောင် ဆောက်လုပ်

ရန် ရန်ပုံငွေ စုဆောင်းနေသည်။မြေနေရာလည်း ဝယ်ပြီးပြီ။ထိုအချိန် အတွင်း ကလကတ္တားမြို့၌ ပလိပ်ရောဂါ ပြန့်ပွားလာသည်။ဆွာမိ ဝိဝေကာနန္ဒသည် ကျောင်းဆောက်မည့် စီမံကိန်းကို ခေတ္တဆိုင်းငံ့ ထားပြီးလျှင် စုဆောင်းရရှိထားသော ကြေးငွေကို ပလိပ်ရောဂါ ဖြစ်ပွား နေသော လူနာများ ဆေးဝါးကုသရေးအတွက် အသုံးပြုလိုက်သည်။

ထိုအခါ တပည့်တစ်ယောက်က ဆွာမိ ဝိဝေကာနန္ဒအား "ဆွာမိဂျီ ကျောင်းဆောက်ဖို့ငွေတွေကို သုံးပစ်လိုက်တော့ ကျောင်း ဘယ်လိုလုပ် ဆောက်တော့မလဲ"ဟု မေးသည်။ဆွာမိ ဝိဝေကာနန္ဒက ဤသို့ ပြန်ပြောသည်။

"ယခုအချိန်မှာ ကျောင်းဆောက်ဖို့ထက် လူသားများအတွက် အကူအညီပေးဖို့က ပိုပြီးအရေးကြီးနေတယ်။ကျောင်းက နောက်မှ ဆောက်ရင်လည်း ရတယ်။ယခု ရောဂါဖြစ်ပွားနေတဲ့ လူနာတွေကို ပြုစုဖို့ အခွင့်အလမ်းကတော့ နောက်တစ်ကြိမ် ရတော့မှာ မဟုတ်ဘူး။အဆင် မပြေရင် ကျောင်းဆောက်ဖို့ဝယ်ထားတဲ့ မြေကိုတောင် ချရောင်းရင် ရောင်းရလိမ့်မယ်။လူသားအကျိုးပြုအလုပ်က ကျောင်းဆောက်တဲ့ အလုပ်ရဲ့အပေါ်မှာ ရှိနေတယ်"

* * *

ပုံနှိပ်မှတ်တမ်း

မျက်နှာဖုံးဒီဇိုင်း- ဝင်းကျော်၊
ထုတ်ဝေသူ- ဦးဝင်းကျော်ထွန်း၊
မုံရွေးစာပေ၊
၈၀-ခ၊ သံလွင်လမ်း၊ ဗဟန်း၊ ရန်ကုန်
ပုံနှိပ်သူ- ဦးဝင်းကျော်ထွန်း၊ မုံရွေးပုံနှိပ်တိုက်၊
၁၄၀၊ ၄၅ လမ်း၊ ဗိုလ်တထောင်၊ ရန်ကုန်
ပထမအကြိမ်၊ ပုဂံစာအုပ်တိုက်
ဒုတိယအကြိမ်၊ မုံရွေးစာအုပ်တိုက်၊ စောင်ရေ ၅၀၀
၂၀၁၄ ခု၊ မတ်လ၊ တန်ဖိုး ၁၃၀၀ ကျပ်

ပါရဂူ
ကေသမယ်-၁/ပါရဂူ။ — ရန်ကုန်။
မုံရွေးစာပေ၊ ၂၀၁။
စာ ၁၁၇၊ ၁၂. ၇ × ၂၀. ၅ စင်တီ။
(၁) ကေသမယ်-၁

ဧကံသမယံ

တစ်ခုသောအခါ၌ စာရေးဆရာကြီးတစ်ဦးသည် သူပြောလိုသော စာတို့များကို ရေးခဲ့လေ၏။

645017153
Tab-Book Ca